# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၅)ရက် ၊ သောကြာနေ့ ၊ (19-6-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၅၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ရှန်ဟိုင်းမြို့တွင် ကျင်းပသည့် "Myanmar-China Investment and Trade Networking Summit" (MCITP-2026) Shanghai ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပြီး နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေးပြောကြား




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "Myanmar–China Investment and Trade Networking Summit" (MCITP – 2026) Shanghai သို့ တက်ရောက်လာကြသည့် မြန်မာ–တရုတ် စီးပွားရေးလုပ်ငန်းရှင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၈**

၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်တာကာလအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏအကောင်းမွန်ဆုံးတိုးတက်မြင့်မားလာစေရန်နှင့် မြန်မာနိုင်ငံမှ ထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပသည့် "Myanmar–China Investment and Trade Networking Summit" (MC–ITP–2026) Shanghai ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှန်ဟိုင်းမြို့ လင်းကန်အထူးဇုန်ဒေသရှိ Radisson Collection Lingang Shanghai ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

**စာမျက်နှာ ၁၆ ကော်လံ ၁**

---

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒသမနေ့ ကျင်းပ** စာမျက်နှာ - ၂၃

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့ ကျင်းပ** စာမျက်နှာ - ၂၄

---

**မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်**

(၁၈-၆-၂၀၂၆)

နေပြည်တော်၊ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

---

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီကင်ဆာရောဂါလူနာ လေးဦးကို ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်

**ရန်ကုန် ဇွန် ၁၈**

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန ခြင်ဆီအစားထိုးဌာန (Bone marrow Transplant Center)သို့ ၂၀၂၆ ခုနှစ် မေလက ဆေးရုံတက်ရောက်ခဲ့သော ခြင်ဆီကင်ဆာလူနာများ ဖြစ်သည့် သာပေါင်းမြို့နယ်မှ ၃၈ နှစ်အရွယ် အမျိုးသမီး၊ လှိုင်မြို့နယ်မှ ၅၇ နှစ်အရွယ် အမျိုးသမီး၊ ကျောက်ဆည်မြို့နယ်မှ ၄၇ နှစ်အရွယ် အမျိုးသားနှင့် ရွှေဘိုမြို့နယ်မှ ၅၃ နှစ်အရွယ် အမျိုးသား၊

**စာမျက်နှာ ၁၉ ကော်လံ ၁**



၂၀၂၆ ခုနှစ် မေလနှင့် ဇွန်လအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။

ရတနာပုံ
၂၀၂၆ ခုနှစ် ဇွန် ၁၉ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit)ရောက်ရှိနေစဉ်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေးတို့ကို ဆွေးနွေးခဲ့သည်။

နိုင်ငံတော်သမ္မတ၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံကြားအစဉ်အလာကောင်းမွန်လျက်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းခိုင်မာစေမည့် အရေးပါသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ပေသည်။ ဆွေးနွေးမှုများမှတစ်ဆင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့်နည်းပညာ၊ ပြည်သူအချင်းချင်းချစ်ကြည်ရင်းနှီးမှုကဏ္ဍအပါအဝင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများ၌ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်မည်ဖြစ်သည်။ ယခုအခါ မြန်မာ-တရုတ် နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် ပိုမိုနက်ရှိုင်းသည့် အေးအတူပူအမျှအသိုက်အဝန်းထူထောင်မှုအဆင့်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံတကာဆက်ဆံရေးတွင် စံနမူနာပြုရသည့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။

ထို့ပြင် နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုများအပြန်အလှန်ဖလှယ်နိုင်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း ခင်မင်ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အရင်းတည်၍ တိုးတက်ခြင်းဟူသော အပြုသဘောကိုဆောင်သည့်ဘက်သို့ လှမ်းသည်။ နယ်ပယ်ပေါင်းစုံကဏ္ဍပေါင်းစုံအတွက် ရလိုက်သည့်အကျိုးရလဒ်ကား မနည်းလှပေ။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏ ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ အပြုသဘောဆောင်သောဆွေးနွေးချက်များသည် နိုင်ငံနှင့်လူမျိုးအတွက် ကျေနပ်အားရဖွယ်ပင်ဖြစ်သည်။ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် အပြန်အလှန်ကတိကဝတ်များနှင့်အားပေးထောက်ခံရပ်တည်မှုများသည် သမနိရှည်ကြာခဲ့ပြီဖြစ်သည့် နှစ်နိုင်ငံဆက်ဆံရေး၏အနှစ်သာရကိုထပ်လောင်း၍ အဓိပ္ပာယ်ပြည့်ဝလေးနက်စေသည်။

နှစ်နိုင်ငံဆက်ဆံရေးတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်နှင့်အညီ ကျင့်သုံးလျက်အိမ်နီးချင်းကောင်းဆက်ဆံရေးခိုင်မာစွာထိန်းသိမ်းထားလျက်ရှိသည်။ ထို့ပြင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး လိုအပ်သည့်အချိန်တွင် အပြန်အလှန်ကူညီပံ့ပိုးရပ်တည်ပေးသည့်နိုင်ငံများဖြစ်ကြသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်မှုအရှည်လျားဆုံးနိုင်ငံတို့ဖြစ်ပြီး အယုံကြည်ရဆုံး မိတ်ဆွေနိုင်ငံ၊ အားအကိုးရဆုံးသောလက်တွဲဖက်၊ မိတ်ဖက်နိုင်ငံတို့လည်းဖြစ်ပေသည်။

နိုင်ငံတော်သမ္မတဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်အတွင်း ကြိုးပမ်းဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရလဒ်ကောင်းများစွာဖြင့် ရှေးရှုဦးတည်လျက်ရှိသည်။ နိုင်ငံတော်အတွက် သံတမန်ဆက်ဆံရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေးအစရှိသည့် နယ်ပယ်ပေါင်းစုံ၌ ရလဒ်ကောင်းများကို ရယူဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သကဲ့သို့ မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုသည်လည်း ယခုထက်ပိုမိုခိုင်မြဲလာမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# သာစည်မြို့နယ် လှိုင်းတက်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှိုင်းတက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇွန် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက လှိုင်းတက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)နှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

လှိုင်းတက်ကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်ဦးရေ ၅၀ ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၉၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေးဝ ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၉၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးဝမြို့နယ်တွင် ဟင်းသီးဟင်းရွက် ဧက ၂၁၁၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၉၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေစိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကွမ်းသီးအနုပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကွမ်းသီးအနုပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းရွက်နှင့်ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းရွက်နှင့်ကွမ်းသီးများ တင်ပို့ရောင်းချလျက်ရှိရာ ဧပြီလအတွင်း ကွမ်းသီးအနုပိဿာချိန် ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ကွမ်းသီးအနုပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့မေလအတွင်း ကွမ်းသီးအနုပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ အခုလထဲမှာလဲ ရန်ကုန်ဈေးကွက်က ကွမ်းသီးအနုဝယ်ယူတာများနေပါတယ်။ ကွမ်းသီးအနုတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းရွက်နှင့်ကွမ်းသီး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများသို့သွားရောက်ဝယ်ယူပြီး စနစ်တကျထုပ်ပိုးကာ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊အဆိုပါ ကွမ်းသီးအနု ၁၀ ပိဿာလျှင် ငွေကျပ် ၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တန်ဖိုးရှိလှလူ့ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

ဇွန်လ ၂၆ ရက်နေ့။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့။ (၃၉)နှစ်မြောက် နှစ်ပတ်လည်နေ့။

၁၉၈၇ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့သည့်ကမ္ဘာ့ကုလသမဂ္ဂညီလာခံကြီးက မူးယစ်ဆေးဝါးမှန်သမျှ တားဆီးရှုံ့ချဖမ်းဆီးအရေးယူ အပြစ်ပေးကြရေးအတွက် လှုံ့ဆော်သည့်အနေဖြင့် အထိမ်းအမှတ်တစ်ရပ်အဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်မူ ၁၉၇၄ ခုနှစ်မှစ၍ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် "မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့"ကို ဖွဲ့စည်းကာ ပြည်နယ်နှင့်တိုင်းအဆင့်ဆင့်ကိုလည်း ဖွဲ့စည်းခဲ့ကြသည်။ ထိုသို့ဖွဲ့စည်းပြီး ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ မိုးဟိန်းစစ်ဆင်ရေး ၁၂ ခု၊ တောင်ထိပ်ပန်းစစ်ဆင်ရေး၊ အောင်မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေး လေးခု၊ ကောက်ရိုး၊ မဲလုံး၊ နှင်းပန်း၊ ပေါက်ပန်း၊ ဇင်နု၊ မိုးကြိုး၊ ဖရဲသီးစသည့်ဒေသန္တရစစ်ဆင်ရေးများကို အသက်၊ ချွေး၊ သွေးများစတေးကာ ဆင်နွှဲခဲ့ကြသည်။ လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအထူးစီမံချက် (ယင်းမာ)ကိုရေးဆွဲပြီး ရက်သတ္တပတ် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ကြသည်။

၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစ၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် (၁) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ (၂) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းပပျောက်ရေးဟူသော မဟာဗျူဟာနှစ်ရပ်ကို ချမှတ်ခဲ့ကာ (၁) ထုတ်လုပ်မှုပပျောက်ရေး (၂) သုံးစွဲမှုပပျောက်ရေးနှင့် (၃) တားဆီးနှိမ်နင်းရေး ဟူသော နည်းဗျူဟာသုံးရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြသည်။ ဘိန်းအဓိကစိုက်ပျိုးရာ ဒေသကြီးများဖြစ်ကြသော ရှမ်းပြည်နယ်မှ မြို့နယ် ၄၀၊ ကချင်ပြည်နယ်မှမြို့နယ်ခြောက်မြို့နယ်၊ ကယားပြည်နယ်မှ မြို့နယ်သုံးမြို့နယ်၊ ချင်းပြည်နယ်မှ နှစ်မြို့နယ် စုစုပေါင်းမြို့နယ် ၅၁ မြို့နယ်တွင်လည်း နည်းဗျူဟာသုံးရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း မူးယစ်ဆေးစွဲကုဌာနကြီး ၂၆ ခု၊ ဌာနငယ် ၄၇ ခု၊ လူငယ်ပြုစုပျိုးထောင်ရေးဌာန နှစ်ခုဖွင့်လှစ်ပြီး အကူအညီပေးနေခဲ့သည်။ လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးမှန်သမျှ ဆန့်ကျင်ကြစေရေးအတွက် ၁၉၉၄ ခုနှစ် ဇွန် ၂၆ ရက်က "မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး (ဗဟို)"(Myanmar Anti-Narcotics Association) (MANA) ကို ဖွဲ့စည်းကာ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ စာမူပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးနေခဲ့သည်။ ပြည်နယ်နှင့်တိုင်းအဆင့် မြို့နယ်အဆင့်ရုံးခွဲများဖွင့်လှစ်ပြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များနှင့်လည်း နယ်လှည့်ဟောပြောပွဲများ ကျင်းပခဲ့ကြသည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)အနေဖြင့် ကလေး၊ လူငယ်၊ လူရွယ်များ၊ မူးယစ်ဆေး၏သားကောင်များ မဖြစ်ကြစေရေးအတွက် "ရှောင်လေဝေးဝေး မူးယစ်ဆေး"၊ "မူးယစ်အန္တရာယ် လူ့ရန်စွယ်၊ ကာကွယ်တိုက်ဖျက်၊လက်ချင်းဆက်"၊ "ဘဝအလှကိုပြုစု မူးယစ်ဆေးဝါး မျက်ကွယ်ပြု"၊ "မူးယစ်သည့်ဆေး၊ အန္တရာယ်ပေး၊ ယှဉ်တွေးချိန်ဆ၊ ရှောင်ကြဉ်ကြ"၊ "မူးယစ်ဆေးဝါး၊ သတိထားသွားစမ်းမကြည့်နဲ့"၊ "ပြုစုကုသအောင်ပွဲရ၊ မူးယစ်ကင်းစင်ဘဝ၊ တန်ဖိုးရှိလှ၊ လူ့ဘဝ၊ မူးယစ်ကင်းစင်၊ ကျန်းမာမှ"၊ "မူးယစ်ကိုပစ်၊ ပန်းတိုင်သစ်"၊ "အားကစားမြှင့်တင်၊ စိတ်လန်းရွှင်၊ ဆန့်ကျင်မူးယစ်ဆေး"၊ "သာယာလှပ၊ ဘဝပုံပြင်၊ မူးယစ်ဆေးဝါး၊ အဝေးကိုနှင်"၊ "မူးယစ်ကင်းစင်၊ တို့ပြည်တစ်ခွင်၊ သာယာလှပ၊ လူမှုဘဝ"၊ "မူးယစ်ဆေးရန်၊ တို့တွန်းလှန်၊ ကြိုးစားတိုက်ဖျက်၊ နိုင်ငံအတွက်"၊ "လုံခြုံစိတ်ချ ပြည်သူ့ဘဝ၊ မူးယစ်မှန်သမျှ တိုက်ဖျက်ကြ"ဟူသောဆောင်ပုဒ်များ ထုတ်ပြန်ကာ စာပေပြိုင်ပွဲများ၊ ကဗျာ ရွတ်ဆိုပြိုင်ပွဲ

> ❖ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် "မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့"ကို ဖွဲ့စည်းကာ ပြည်နယ်နှင့်တိုင်းအဆင့်ဆင့်ကိုလည်း ဖွဲ့စည်းခဲ့ကြသည်။ ထိုသို့ ဖွဲ့စည်းပြီး ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ မိုးဟိန်းစစ်ဆင်ရေး ၁၂ ခု၊ တောင်ထိပ်ပန်းစစ်ဆင်ရေး၊ အောင်မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေး လေးခု၊ ကောက်ရိုး၊ မဲလုံး၊ နှင်းပန်း၊ ပေါက်ပန်း၊ ဇင်နု၊ မိုးကြိုး၊ ဖရဲသီး စသည့်ဒေသန္တရစစ်ဆင်ရေးများကို အသက်၊ ချွေး၊ သွေးများစတေးကာ ဆင်နွှဲခဲ့ကြသည်။ ❖

များ၊ ကျပန်းပြောပြိုင်ပွဲများနှင့် ဟောပြောပွဲများ ကျင်းပကာ လှုံ့ဆော်သတိပေးနေခဲ့သည်။ ၂၀၁၈ ခုနှစ်ကမူ ဆောင်ပုဒ်ပေါင်း ၁၀၄ ခု ထုတ်ပြန်၍ ပြိုင်ပွဲဝင်စေခဲ့ကြသည်။ စာသင်ကျောင်းများ၊ စက်ရုံအလုပ်ရုံများတွင်လည်း နှစ်စဉ်ဟောပြောလှုံ့ဆော်နေခဲ့ကြသည်။

မူးယစ်ဆေးဝါးဆိုတာက စမိလျှင်ဖြတ်၍မရ၊ မူလအပေါင်းအသင်းဟောင်းများနှင့် ပြန်လည်ဆုံတွေ့ကြသောအခါ ပြန်စ၊ ပြန်စွဲ၊ ပြတ်သွားကြသည်မရှိဘဲ၊ မူးယစ်ဆေးဝါးသံသရာထဲမှာ တဝဲဝဲလည်လည်နှင့် ဇာတ်သိမ်းသွားကြရလေ့ရှိသည်။

ဤသည်ကို သတင်းစာဆရာ၊ မြို့နယ်တစ်မြို့နယ်၏ခေါင်းဆောင်ဖြစ်သော ဦးမြက နားလည်လက်ခံထားရာ သူ့သား မောင်လူလှ၏ နောင်ရေးအတွက် တွေးပူနေခဲ့ရသည်။ ဇနီးက တောထဲမှာ ကွယ်လွန်ခဲ့သောကြောင့် မိတဆိုးလေး မောင်လူလှကို အချစ်ပိုအလိုလိုက်ခဲ့မိ၍ တက္ကသိုလ်ကျောင်းသားဘဝတွင် မူးယစ်ဆေး၏သားကောင်ဖြစ်သွားခဲ့သည်။ ဖခင်ဦးမြက ကျိတ်၍ကုသပေးကာ မူးယစ်ဆေးကို ဖြတ်ပေးခဲ့သည်။

မူးယစ်ဆေးပြတ်စ၊ ကျောင်းပြီးစ၊ ဘွဲ့ယူခါနီးသားဖြစ်သူ မောင်လူလှကို ဖခင်ဦးမြက မောင်လူလှ၏ ချစ်သူ၊ ချွေးမလောင်း မကလျာနှင့်တိုင်ပင်ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လူငယ်သင်တန်းကျောင်းသို့ ပို့လိုက်သည်။ အပေါင်းအသင်းဟောင်းများနှင့် အဆက်အသွယ်ပြတ်သွားသောကြောင့် ဆေးလည်း ပြတ်သွားမှာ သေချာသည်ဟု ဖခင်နှင့်ချစ်သူက ယတိပြတ်ဆုံးဖြတ်ကာ ကျေနပ်ပီတိဖြစ်နေကြသည်။ သို့သော် မတွေ့ရသည်မှာ တစ်နှစ်ကြာခဲ့ပြီဖြစ်သော သားကို ဖခင်က တွေ့ချင်မြင်ချင်နေသည့်နှယ် ချစ်သူကလည်း လွမ်းမောနေရရှာသည်။

မောင်လူလှက တစ်နှစ်သင်တန်းပြီးဆုံး၍နေအိမ်သို့ ခေတ္တပြန်ခွင့်ရသောနေ့တွင် ဖခင်နှင့်ချစ်သူထံသို့ နေ့လည်စာလက်ဆုံစားကြရန် အချိန်မီပြန်ရောက်လာမည်ဟု ဖုန်းဆက်အကြောင်းကြားခဲ့သည်။ ဖခင်နှင့်ချစ်သူ "ဘယ်သူပြိုင်လို့ ဝမ်းသာတော့နိုင်"ဆိုသည့်နှယ် ဖော်ပြနိုင်စွမ်းမရှိအောင် ဝမ်းသာကြည်နူး ရွှင်မြူးသွားခဲ့ကြသည်။

ထို့ကြောင့် သူတို့နှစ်ယောက်က မောင်လူလှကြိုက်နှစ်သက်သည့် ဟင်းမျိုးစုံကို ချက်ပြုတ်၍ စောင့်မျှော်နေခဲ့ကြသည်။ နေ့လည် ၁၂ နာရီကျော်သည်ထိ မောင်လူလှက ပေါ်မလာ။ မမျှော်လင့်ဘဲ ပေါ်လာသည်က ရဲကားတစ်စီး၊ စခန်းမှူးရဲအုပ်နှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ကားပေါ်မှဆင်းလာကြသည်။ ဦးမြကိုခွင့်တောင်းကာ အခန်းထဲတွင် ဝင်ထိုင်ကြသည်။ မောင်လူလှ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ဦးမြအားပြသကာ မေးမြန်းသည်။ ဦးမြက သူ့သား မောင်လူလှ မှန်ကန်ကြောင်း၊ သင်တန်းပြီးဆုံး၍ ယနေ့ပြန်ရောက်လာမည်ဟု အကြောင်းကြားသဖြင့် ထမင်းပွဲပြင်ပြီး အသင့်စောင်မျှော်နေကြကြောင်း၊ ယခု သူ့သားဘယ်မှာလဲ၊ ဘာဖြစ်လို့လဲဟု စိုးရိမ်သောက၊ ကြောင့်ကြလွန်းစွာဖြင့် စခန်းမှူးကို ပြန်လည်မေးမြန်းခဲ့ရာ စခန်းမှူးဆွံ့အနူတ်ပိတ်သွားသည်။ ဦးမြရော မကလျာပါ စိုးရိမ်ထိတ်လန့်စွာ မေးပါများလာကြသောအခါ မလွှဲမရှောင်သာတော့ဘဲ တာဝန်အရ ဖြေကြားလိုက်ရသည်။ သူ့အဖြေက-

"ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့နားက ရေမြောင်းထဲမှာ ဆေးထိုးပိုက်တန်းလန်းနဲ့ ပါးစပ်ထဲက အမြှုပ်တွေထွက်ပြီး အသက်မရှိတော့လို့ ရေခဲတိုက် ပို့လိုက်ပါပြီဗျာ" တဲ့။

ထိုစကားကိုကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ရုတ်တရက် ပက်လက်လန်လဲကျ၊ မေ့မြောသွားရသူက မကလျာ။ ဖခင် ဦးမြကတော့ အံကိုကြိတ်၊ လက်သီးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်၊ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လှုပ်လာပြီး နာကြည်းခံပြင်းစွာဖြင့် တောက်ခေါက်ကာ ညည်းတွားလိုက်သည်။

"စာမတတ်လို့ စာကိုသင်၊ စာကိုမြင်မှ မိုက်မှန်းသိ၊ ရင်ထဲမှာမချိတော့ဘူးသားရယ်။ ဘွဲ့ရအောင် ပညာသင်ကြားပြီးမှ မိုက်ရက်လေခြင်းကွာ။ အခုတော့ ဘိန်းဖြူတစ်ခါ စွဲရုံလေးနဲ့ သားသေပွဲဝင်ခဲ့ရပြီလေ။ ဘွဲ့နှင်းသဘင်ခန်းမထဲမှာ မင်္ဂလာကျက်သရေရှိရှိ ဘွဲ့တက်မယူရဘဲ၊ ဘွဲ့နှင်းသဘင်ခန်းမရှေ့က ရေမြောင်းထဲမှာ ပိုင်ရှင်မဲ့အလောင်းအဖြစ်နဲ့မရှုမလှ သေဆုံးရတယ်လို့ကွာ…တောက်"

ကျွန်တော် စိတ်ကူးယဉ်ဝတ္ထုရေးသားတင်ပြနေခြင်းမဟုတ်ပါ။ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်က စမ်းချောင်းမြို့နယ်ထဲရှိ လမ်းတစ်လမ်းတည်းတွင် ကျွန်တော်နှင့်အတူ နေထိုင်ခဲ့သည့် စာရေးဆရာ၊ သတင်းစာဆရာကြီး၏ ဆေးစွဲနေသောသားကို ဆေးဖြတ်ပြီး စည်းကမ်းကြီးလှသော တပ်ထဲထည့်ပေးလိုက်ခြင်းအားဖြင့် နောင်ရေးစိတ်အေးရပြီဟု ထင်နေစဉ်မှာ သားဖြစ်သူက ဆေးချဘက် အပေါင်းအသင်းများနှင့် ပြန်လည်ဆုံတွေ့ကာ ဆေးပြန်ချကြရာမှ ဘွဲ့နှင်းသဘင်ခန်းမရှေ့ရေမြောင်းထဲတွင် မရှုမလှ သေဆုံးသွားရသည့် ဖြစ်ရပ်မှန်မှုခင်းဖြစ်သည်။ ကျွန်တော်က နာမည်မှန်များကို လွှဲပြောင်းချန်လှပ်၍ ရယူအပ်သော သင်ခန်းစာအဖြစ် မျှဝေပေးခြင်းသာဖြစ်သည်။

ကျွန်တော်က ဦးမြနာမည်လွှဲထားသော စာရေးဆရာ၊ သတင်းစာဆရာကြီးမှာ ကျွန်တော်တို့စာရေးဆရာအသင်းက နှစ်စဉ်ကန်တော့နေသော ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများထဲမှ တစ်ဦးအပါအဝင်ဖြစ်သည်။ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်တစ်မြို့နယ်မှာနေထိုင်ရင်း မကြာခင်က အသက် ၉၃ နှစ်ကျော်အရွယ်တွင် ကွယ်လွန်သွားခဲ့သည်။

ထိုနည်းတူ နိုင်ငံကျော်စာရေးဆရာကြီးတစ်ဦး၏ မူးယစ်ဆေးဖြတ်ပြီးစ သားတစ်ဦးကလည်း ဘဝတူလူငယ်သုံးဦးပေါင်းမိကာ လူ့အသိကို ကင်းမဲ့စေသော မူးယစ်ဆေးကြောင့် မိခင်အိုကြီးကို လုပ်ကျွေးနေသော တက္ကစီယာဉ်မောင်းလူငယ်လေးကိုသတ်၊ အလောင်းကို လမ်းဘေးပစ်ထားကာ ကားကိုယူဆောင်မောင်းပြေးခဲ့ကြသည်။ သူတို့ ဆီပြတ်နေ၍ ဆီရှာနေစဉ်၊ လူချစ်လူခင်များသော ရဲတစ်ဦးက ကူညီရန်လာသည်ကို သူတို့ကိုဖမ်းတော့မည်အထင်နှင့် ထိုရဲကို သူတို့သုံးယောက်က ထပ်မံ၍သတ်လိုက်ကြပြန်သည်။ နှစ်လောင်းပြိုင်လူသတ်မှု ဖြစ်ပွားပြီး ထိုတ်တန်သော ပြစ်ဒဏ်ကိုချမှတ်ခံခဲ့ရသည်။ စာရေးဆရာကြီး၏သားလေးကတော့ ရောဂါဒဏ်ကြောင့် ထောင်ထဲမှာပင် သေဆုံးသွားရှာသည်။

ဆိုးသွမ်းလှသော မူးယစ်ဆေး၏ ညစ်ထေးယုတ်မာ၊ မသတီစရာ ဖြစ်ရပ်များကား များပြားလွန်းလှသည်။ တစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီမှ မိသားစုများစွာရှိသော ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်နှင့်တိုင်းအဆင့်များထိ မူးယစ်ဆေးဝါးအန္တရာယ်က ကျယ်ပြန့်လာသောအခါ တစ်မျိုးသားလုံး၏အန္တရာယ်ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံတစ်နိုင်ငံတည်းကိုသာမက ကမ္ဘာ့နိုင်ငံအသီးသီးကိုပါ ခြိမ်းခြောက်လာခဲ့ပါသည်။ မူးယစ်ဆေးဝါးအန္တရာယ်က လူသားများ၏ အသက်ဘေးကိုသာမက ဘဝမျိုးစုံကိုပျက်စီးစေသည်။

ထို့ကြောင့် "မျိုးဆက်သစ်များတိုးတက်ဖို့ မူးယစ်ဆေးမှန်သမျှ တိုက်ထုတ်စို့"၊ "လူသားတို့ကမ္ဘာ မပျက်သုဉ်းဖို့ အန္တရာယ်မူးယစ်ဆန့်ကျင်စို့"၊ "သက်ရှည်ကျန်းမာ လူသားကမ္ဘာ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ပါ"၊ "နိုင်ငံပြည်သာ တိုးတက်ရန်မှာ၊ ဆေးဝါးမူးယစ် တိုက်ဖျက်ပါ"၊ "ပြည်သူ့အားဖြင့် ဝိုင်းဝန်းကာကွယ်၊ မူးယစ်အန္တရာယ်"၊ "လူ့ဘောင်လောကသာယာဖို့၊ မူးယစ်ဆေးကိုတိုက်ဖျက်စို့"၊ "မြို့ပြပြည်ရွာ ငြိမ်းအေးဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"၊ "ပြည်သူညီတူ ကူညီပေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး"၊ "ပန်းရိုင်းဘိမ်းခင်း အပြတ်နှိမ်နင်း၊ ရဲနှင့်ပြည်သူလက်တွဲကူ၊ဘိန်းဖြူတိုက်ဖျက်၊ ပူးပေါင်းဆောင်ရွက်"ဟူသော ဆောင်ပုဒ်များနှင့်အညီ ပြည်သူများဝိုင်းဝန်းကူညီကြရန် လိုအပ်လှသလို စစ်မှန်တိကျသော တရားဥပဒေ စိုးမိုးရေးရှိရန်လည်း လိုအပ်လှကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၄၃၀၁၀ စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါးဧက ၁၄၃၀၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ် ယခုနှစ် မိုးသီးနှံစိုက်ရာသီတွင် စပါးဧက ၁၄၃၀၁၀ ကို ယခုနှစ် ဇွန်လ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် အိမ်မဲမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၁၄၃၀၁၀ ထိ စိုက်ပျိုးမှာဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ သွင်းအားစုတွေကိုလဲ စပါးမစိုက်မီ အချိန်ကတည်းက ပံ့ပိုးပေးဖို့ရှိပါတယ်။ စပါးတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့စိုက်ပျိုးရေးဦးစီးဌာနနဲ့အတူ အခြားစိုက်ပျိုးရေးနဲ့ ဆက်စပ်တဲ့ ဌာနတွေကလဲ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးမည့်စပါးဧက ၁၄၃၀၁၀ တွင် ပေါ်ဆန်းမွှေး၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11၊ GW-1၊ ပခမ်း၊ ဧရာမင်း၊ မနောသုခ၊ ကျားပျံ၊ ဆင်းသုခ၊ နံ့ကား စသည့်စပါး အမျိုးအစားများကို အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

**ကျော်ကျော်လင်း**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၃၅၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ခင်ဦး ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၃၅၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၄၁၁၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ဒုတိယပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၅၅၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ကြံ ၄၁၁၁ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၅၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် အများဆုံးဖြစ်ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ကြံစိုက်ပျိုးရာ၌ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းနှင့် ခုနစ်သိန်းကြား ကုန်ကျပြီး ကြံတစ်ဧကလျှင် တန်ချိန် ၃၀ ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်း မျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီ မျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။



ကြံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

(၂၀၆)

# ညီညွတ်မှုသာ

- ညီညွတ်မှုသာ ဘေးသွေခွာဖို့
  သူငါစုပေါင်း အားစုံလောင်း၍
  ပေါင်းမြက်ကိုသင် မှုးဥယျာဉ်သို့
  ပန်းပင်ပွင့်လန်း ပြည်ထောင်နန်းကို
  တည်စွမ်းနိုင်ကြ ပေလိမ့်မည်။

- ညီညွတ်မှုသာ ရှင်လန်းစွာဖြင့်
  သွားလာကူးလူး စိတ်ကြည်နူးနဲ့
  ပျံ့မြူးအစုံ ပန်းအရုံက
  ပုံနှယ်လိပ်ပြာ ပျားပမာသို့
  ပြည်ရွာဖြိုးမောက် ပေလိမ့်မည်။

- ညီညွတ်မှုသာ ရွှေမြန်မာတို့
  ဖြာဖြာမျိုးဆက် တိုးတိုးတက်၍
  ငုံဆက်ဖူးတံ ပွင့်မြူးလျှံသို့
  နိုင်ငံအနှံ့ ကမ္ဘာပျံ့အောင်
  ခန့်ခန့်သတင်း ဂုဏ်နံ့သင်းပြီး
  တွင်းပတည်ငြိမ် စေလိမ့်မည်။

- ညီညွတ်မှုသာ ဂုဏ်ထည်ဝါ၍
  မြန်မာအမျိုး ဘယ်မညှိုးဘဲ
  ပြည့်ဖြိုးကြွယ်စွာ စားရိက္ခာနဲ့
  သဒ္ဒါသီလ ကျင့်မြတ်လှဖြင့်
  ဓမ္မဆောက်တည် မြဲရှင်ကြည်သည့်
  ပြည်ထောင်အစစ် ဖြစ်မည်တကား။

**လွမ်းလေးကို(သရက်)**

# လယ်ဝေးမြို့နယ် အောက်ချိုင်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ စစ်ဆေး

**လယ်ဝေး ဇွန် ၁၈**

နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောက်ချိုင်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ ကို ဇွန် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက အောက်ချိုင်းကျေးရွာတွင် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ တောင်သူများနှင့် တွေ့ဆုံကာ ဆောင်ရွက်မည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အောက်ချိုင်းကျေးရွာ၌ 2Hp Solar DC Surface Pump နှင့် 2.44 kw ဆိုလာဖြင့် ချောင်းရေတင်စနစ် ဆောင်ရွက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၆၁ သန်းအသုံးပြု၍ ဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပူးပေါင်း၍ ယခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေဧကများစွာကို အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်ထံမှ သိရသည်။

**သော်ဇင်ထူး**

# နိုင်ငံတကာ သတင်းများ

## ရုရှား- အာဆီယံထိပ်သီးညီလာခံ ကာဇန်မြို့၌ စတင်



**မော်စကို ဇွန် ၁၈**

နှစ်ရက်ကြာ ရုရှား- အာဆီယံ ထိပ်သီးညီလာခံကို ရုရှားနိုင်ငံ ကာဇန်မြို့၌ ယနေ့တွင် စတင်ကျင်းပခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်း၌ ပထဝီနိုင်ငံရေး ဝဲဂယက်များ ပြင်းထန်နေချိန်တွင် ရုရှားနှင့် အာဆီယံအဖွဲ့တို့ကြား ဆက်ဆံရေးမှာ အာရှ- ပစိဖိတ် ဒေသတည်ငြိမ်ရေးအတွက် အရေးကြီးကြောင်း ရုရှားသမ္မတ ပူတင်က ညီလာခံအဖွင့်မိန့်ခွန်း၌ ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနှင့် အရှေ့တောင်အာရှနိုင်ငံများကြား ဆက်ဆံရေး ပိုမိုခိုင်မာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လည်း ရုရှားသမ္မတ ပူတင်က ကာဇန်မြို့ ထိပ်သီးညီလာခံ၌ တိုက်တွန်းပြောကြားခဲ့သည်။

နှစ်ရက်ကြာ ကာဇန်မြို့ ထိပ်သီးညီလာခံတွင် ရုရှားသမ္မတ ပူတင်နှင့် အာဆီယံခေါင်းဆောင်များသည် ရုရှားနှင့် အာဆီယံနိုင်ငံများကြား မဟာဗျူဟာမြောက် ဆက်ဆံရေးကို ချဲ့ထွင်နိုင်မည့် နည်းလမ်းများ ဆွေးနွေးမည်ဖြစ်သည်။

ရုရှားနိုင်ငံသည် ၁၉၉၆ ခုနှစ်မှစ၍ အာဆီယံအဖွဲ့၏ ဆွေးနွေးပွဲမိတ်ဖက်နိုင်ငံအဖြစ် ရပ်တည်ခဲ့သောနိုင်ငံဖြစ်သည်။

ရုရှား- အာဆီယံ ကာဇန်မြို့ ထိပ်သီးညီလာခံကို ရုရှားနှင့် အာဆီယံဆက်ဆံရေး ၃၄ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အီရန်ပဋိပက္ခပြီးဆုံးရေး ပဏာမသဘောတူညီချက် သမ္မတဒေါ်နယ်ထရမ့်နှင့် အီရန်သမ္မတ ပီဇက်ရှ်ကီအန်တို့ လက်မှတ်ရေးထိုး

**ပဲရစ် ဇွန် ၁၈**



အီရန်ပဋိပက္ခ ပြီးဆုံးရေး ပဏာမ သဘောတူညီချက်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အီရန်သမ္မတ ပီဇက်ရှ်ကီအန်တို့က ဇွန် ၁၇ ရက်တွင် အသီးသီး လက်မှတ်ရေးထိုးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အီရန်ပဋိပက္ခပြီးဆုံးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဂျီ- ၇ ထိပ်သီးညီလာခံပြီးဆုံးပြီးနောက် ပဲရစ်မြို့ ဗာဆိုင်းနန်းတော် ညစာစားပွဲ၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အလားတူ အဆိုပါနားလည်မှုစာချွန်လွှာကို အီရန်သမ္မတ ပီဇက်ရှ်ကီအန်ကလည်း လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာနက အတည်ပြုထားသည်။

အဆိုပါ သဘောတူညီချက်အရ အီရန်နိုင်ငံက ၎င်း၏ ယူရေနီယံလောင်သန့်စင်မှု အဆင့်ကို လျှော့ချပေးမည်ဖြစ်ပြီး အပြန်အလှန်အနေဖြင့် အမေရိကန်အစိုးရက စီးပွားရေးပိတ်ဆို့မှုများကို လျှော့ချပေးမည်ဖြစ်သည်။

သို့ရာတွင် အဆိုပါ ပဏာမ သဘောတူညီချက်ကို အီရန်အစိုးရက ချိုးဖောက်ခဲ့ပါက စစ်ရေးတိုက်ခိုက်မှုများ ပြန်လည်စတင်ပြုလုပ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သတိပေးပြောကြားထားသည်။

အချက် ၁၄ ချက် ပါဝင်သော အီရန်ပဋိပက္ခပြီးဆုံးရေး ပဏာမ သဘောတူညီချက်တွင် ယခုနှစ် ဧပြီ ၈ ရက်တွင် ရယူထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ရက် ပေါင်း ၆၀ ထိ သက်တမ်း တိုးပေးထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အီရန်ပဋိပက္ခ၌ ကြားနေအဖြစ် ရပ်တည်ပေးခဲ့သည့်အတွက် တရုတ်နှင့် ရုရှားခေါင်းဆောင်များကို သမ္မတဒေါ်နယ်ထရမ့် ကျေးဇူးတင်ကြောင်းပြောကြား

**တီဟီရန် ဇွန် ၁၈**

အီရန်ပဋိပက္ခ ကာလအတွင်း ကြားနေသူများအဖြစ် ရပ်တည်ပေးခဲ့သည့်အတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ပူတင်တို့ကို ကျေးဇူးတင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇွန် ၁၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံ အက်ဗီယန်လက်စ်ဘိန်းစ်မြို့၌ ကျင်းပခဲ့သော ဂျီ- ၇ ထိပ်သီးညီလာခံကာလ သတင်းစာရှင်းလင်းပွဲတွင် သမ္မတဒေါ်နယ်ထရမ့်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ပူတင်တို့အနေဖြင့် မိမိ၏အီရန်ချူကလီးယားရည်မှန်းချက်ကန့်သတ်ရန် ကြိုးပမ်းမှုများကို တားဆီးဟန့်တားမှု မရှိခဲ့ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်သမ္မတရှီကျင့်ဖျင် အနေဖြင့် အီရန်ကို လက်နက်ကြီးများ၊ ပခုံးထမ်း မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များပံ့ပိုးပေးမှုကို ရှောင်ရှားခဲ့ပြီး အီရန်ပဋိပက္ခအဆုံးသတ်ရေးအတွက် အကူအညီပေးခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် အီရန်နိုင်ငံနှင့် ဆက်ဆံရေး ကောင်းမွန်သော အင်အားကြီး မိတ်ဖက်နိုင်ငံများ ဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဗြိတိန်ဆိုင်ရာ သံအမတ်ကြီးကို မြောက်ကိုရီးယား ပြန်လည်ခေါ်ယူ

**ပြုံယမ်း ဇွန် ၁၈**

ကလေးသူငယ်လေ့ကျင့်ရေး စခန်းတစ်ခု အရေးယူပိတ်ဆို့ခံရမှုနှင့်ပတ်သက်၍ မြောက်ကိုရီးယား နိုင်ငံက ၎င်း၏ ဗြိတိန်ဆိုင်ရာ သံအမတ်ကြီးကို ပြန်လည်ခေါ်ယူထားကြောင်း မြောက်ကိုရီးယား အစိုးရမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ဆောင်ဒိုဝန် နိုင်ငံတကာ ကလေးသူငယ်လေ့ကျင့်ရေးစခန်းကို ဗြိတိန်အစိုးရက အရေးယူပိတ်ဆို့မှုများချမှတ်ခဲ့သည့်အတွက် ဗြိတိန်ဆိုင်ရာ မြောက်ကိုရီးယား သံအမတ်ကြီး မန်မြောင်ဆင်းကို ပြန်လည် ခေါ်ယူထားကြောင်း မြောက်ကိုရီးယား တာဝန်ရှိသူများက ပြောကြားထားသည်။

သံအမတ်ကြီး မန်မြောင်ဆင်းသည် ဗြိတိန်ဆိုင်ရာ မြောက်ကိုရီးယားသံအမတ်ကြီးရာထူးကို စတင်ရယူခဲ့သည်မှာ တစ်လသာရှိသေးကြောင်း သိရသည်။

ကလေးသူငယ် လေ့ကျင့်ရေးစခန်း အရေးယူပိတ်ဆို့ခံရမှုနှင့်ပတ်သက်၍ မြောက်ကိုရီးယားနိုင်ငံသည် ဗြိတိန်နှင့် သံတမန်ဆက်ဆံရေးကိုလည်း အဆင့်လျှော့ချထားကြောင်း သိရသည်။

ဆောင်ဒိုဝန် နိုင်ငံတကာ ကလေးသူငယ်လေ့ကျင့်ရေးစခန်းအပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည် ရုပ်သိမ်းပြီးချိန်ထိတိုင် ဗြိတိန်နှင့် သံတမန်ဆက်ဆံရေး အဆင့် လျှော့ချထားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

ဆောင်ဒိုဝန် ကလေးသူငယ်လေ့ကျင့်ရေးစခန်းသည် ရုရှားအစိုးရဦးဆောင်အကောင်အထည်ဖော်နေသည့် လူငယ်လေ့ကျင့်ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဗြိတိန်အစိုးရက ယခုနှစ် မေလတွင် သတ်မှတ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဒေသန္တရရွေးကောက်ပွဲများ၌ ဆန္ဒမဲပြတ်လပ်မှုကို စုံစမ်းစစ်ဆေးရေးလုပ်ငန်း တောင်ကိုရီးယား စတင်

**ဆိုးလ် ဇွန် ၁၈**

ဇွန် ၃ ရက်တွင် ကျင်းပခဲ့သော ဒေသန္တရ ရွေးကောက်ပွဲများ၌ ဆန္ဒမဲလက်မှတ် ပြတ်လပ်ခဲ့မှုကို တောင်ကိုရီးယား လွှတ်တော်က ယနေ့တွင် စတင်စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ဆန္ဒမဲလက်မှတ် ပြတ်လပ်မှုအတွက် အမျိုးသား ရွေးကောက်ပွဲကော်မရှင်ကို ၄၅ ရက်ကြာ စုံစမ်းစစ်ဆေးရန် တောင်ကိုရီးယား လွှတ်တော်က စီစဉ်ထားသည်။

ဇွန်၃ရက်ဒေသန္တရရွေးကောက်ပွဲများ၌ ဆန္ဒမဲလက်မှတ်ပြတ်လပ်မှုကြောင့် တောင်ကိုရီးယားနိုင်ငံ၌ ဆန္ဒပြပွဲများပေါ်ပေါက်ခဲ့ပြီး အမျိုးသားရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌလည်း ရာထူးမှ နုတ်ထွက်ခဲ့ရသည်။




ထို့ပြင် ရွေးကောက်ပွဲ ဆန္ဒမဲလက်မှတ်ပြတ်လပ်မှုကို ပွင့်လင်းမြင်သာစွာ စုံစမ်းစစ်ဆေးပေးရန် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်ကလည်း တိုက်တွန်းပြောကြားထားသည်။

လွှတ်တော် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်အရ တောင်ကိုရီးယား လွှတ်တော် စုံစမ်းစစ်ဆေးရေးကော်မရှင်က အမျိုးသား ရွေးကောက်ပွဲကော်မရှင်နှင့် ဒေသန္တရ ရွေးကောက်ပွဲ ကော်မရှင်တို့ကို စုံစမ်းစစ်ဆေးမည်ဖြစ်သည်။

အဆိုပါ လွှတ်တော်စုံစမ်းစစ်ဆေးရေးကော်မရှင်ကို လက်ရှိအာဏာရ ဒီမိုကရက်တစ်ပါတီမှ လွှတ်တော်အမတ်များ၊ အတိုက်ခံပြည်သူ့ပါတီမှ လွှတ်တော်အမတ်များဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက လောင်းမတ်ချ်-၁၂ ဒုံးပျံဖြင့် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအုပ်စုကို လွှတ်တင်ခဲ့



ပေကျင်း ဇွန် ၁၈

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် ဇွန် ၁၇ ရက်တွင် လောင်းမတ်ချ်-၁၂ ဒုံးပျံဖြင့် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု အုပ်စုကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၁၂ ဒုံးပျံကို တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်း အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၁၂ ဒုံးပျံသည် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအုပ်စုသည် တရုတ်နိုင်ငံက လွှတ်တင်ခဲ့သော ၂၂ သုတ်မြောက် အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

ရှန်ဟိုင်းအာကာသနည်းပညာ အကယ်ဒမီက တည်ဆောက်ထားသော လောင်းမတ်ချ်-၁၂ ဒုံးပျံများသည် အလေးချိန် ၁၂ တန်ထိရှိသော ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။


ဇွန် ၁၇ ရက် မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၆၂ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## မဟာအာကာသတွင်းနက်ကြီးတစ်ခုက အင်အားအပြင်းထန်ဆုံး အပူလွန်ဓာတ်ငွေ့စီးကြောင်းများမှုတ်ထုတ်နေမှုကို ထောက်လှမ်းတွေ့ရှိ

ဝါရှင်တန် ဇွန် ၁၈

မဟာအာကာသ တွင်းနက်ကြီးတစ်ခုက အင်အားအပြင်းထန်ဆုံး အပူလွန်ဓာတ်ငွေ့စီးကြောင်းများ မှုတ်ထုတ်နေမှုကို သိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိထားကြောင်း ဇွန် ၁၇ ရက် သတင်းများအရ သိရသည်။



အဆိုပါ အပူလွန်ဓာတ်ငွေ့များကို ကမ္ဘာ့ဂြိုဟ်နှင့်အလင်းနှစ် ၁၁ ဘီလီယံကျော် အကွာတွင် တည်ရှိသည့် ကြယ်စုဗဟိုချက်ရှိ မဟာအာကာသ တွင်းနက်က မှုတ်ထုတ်နေခြင်း ဖြစ်ကြောင်း သိရသည်။

WISSH-13 အမည်ရှိ အထက်ပါ မဟာအာကာသတွင်းနက်သည် အပူလွန် ဓာတ်ငွေ့စီးကြောင်းများကို တစ်နာရီလျှင် မိုင်ပေါင်း သန်း ၆၇၀ နှုန်းဖြင့် မှုတ်ထုတ်နေကြောင်း သိရသည်။

WISSH-13 မဟာအာကာသတွင်းနက်က မှုတ်ထုတ်နေသော အပူလွန် ဓာတ်ငွေ့စီးကြောင်း (UFO) များ၏ အမြန်နှုန်းသည် အလင်းအလျင်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် မြေပြင်အခြေစိုက် ရေဒီယိုတယ်လီစကုပ်များဖြင့် လေ့လာခဲ့ပြီးနောက် WISSH-13 မဟာအာကာသတွင်းနက်၏ UFO များကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

WISSH-13 မဟာအာကာသတွင်းနက်သည် မဟာစကြဝဠာပေါ်ထွက်ခဲ့ပြီး နှစ်ပေါင်း နှစ်ဘီလီယံ အကြာတွင် ပေါ်ထွက်လာသော မဟာအာကာသ တွင်းနက်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## Amazon ကုမ္ပဏီ၏ လီယိုအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို ပြင်သစ်အခြေစိုက် အာရီယာနီစပေ့ကုမ္ပဏီက အာရီယာနီ-၆ ဒုံးပျံဖြင့် လွှတ်တင်ခဲ့

ဝါရှင်တန် ဇွန် ၁၈

Amazon ကုမ္ပဏီ၏ လီယို အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို ပြင်သစ်အခြေစိုက် အာရီယာနီစပေ့ကုမ္ပဏီက အာရီယာနီ-၆ ဒုံးပျံဖြင့် ဇွန် ၁၇ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

လီယို အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၃၆ စင်း သယ်ဆောင်ထားသည့် အာရီယာနီ-၆ ဒုံးပျံကို တောင်အမေရိက ပြင်သစ်ဂီယာနာဒေသ ကိုရူးအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် အာရီယာနီ-၆ ဒုံးပျံသည် လီယိုဂြိုဟ်တု ၃၆ စင်းကို ကမ္ဘာ့မြေပြင်အထက် ၂၈၉ မိုင် အကွာရှိ ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဇွန် ၁၇ ရက် မစ်ရှင်သည် Amazon ကုမ္ပဏီက လွှတ်တင်ခဲ့သည့် ၁၄ ကြိမ်မြောက် လီယိုဂြိုဟ်တုမစ်ရှင်ဖြစ်သည်။

Amazon ကုမ္ပဏီသည် လီယို အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်ကို ဂြိုဟ်တုစင်းရေ ၃,၂၀၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ရန် စီစဉ်ထားသည်။

Amazon ကုမ္ပဏီသည် လီယိုဂြိုဟ်တုများကို လွှတ်တင်ရာတွင် အာရီယာနီ-၆ ဒုံးပျံများကို သုံးကြိမ်ထိ အသုံးပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## အသည်း၏စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းဖြင့် အယ်ဇိုင်းမားရောဂါကို ကာကွယ်နိုင်ဖွယ်ရှိ

ပေကျင်း ဇွန် ၁၈

အသည်း၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းဖြင့် အယ်ဇိုင်းမားရောဂါကို ကာကွယ်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇွန် ၁၇ ရက် သတင်းများအရ သိရသည်။

အသည်း၏ အမိုလွိုက် ခေါ် အဆိပ်အတောက်ရှိ ပရိုတင်းများ ဖယ်ရှားနိုင်စွမ်းကို မြှင့်တင်ပေးခြင်းဖြင့် ဦးနှောက်အတွင်း အမိုလွိုက်ပရိုတင်းများ စုစည်းမှုကို လျှော့ချနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အယ်ဇိုင်းမားရောဂါကို ကုသရာတွင် အသည်း၏ အခန်းကဏ္ဍမှာ မူလတွေးထင်ထားသည်ထက် ပို၍အရေးပါကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

အယ်ဇိုင်းမားရောဂါသည် ဦးနှောက်အတွင်း အမိုလွိုက်ပရိုတင်းများ စုစည်းမှုကြောင့် ဖြစ်ပွားတတ်သည့်ရောဂါအဖြစ် ဆေးပညာရှင်များက ယူဆထားသည်။

အမိုလွိုက်ပရိုတင်းများသည် ဦးနှောက်ဆဲလ်များက ပရိုတင်းများကို ဖြိုခွဲချိန်တွင် ပေါ်ထွက်လာသည့် ဘေးထွက်ပစ္စည်းများဖြစ်ကြကြောင်း သိရသည်။

သို့ရာတွင် အသည်း၏ အမိုလွိုက်ပရိုတင်းများ ချေဖျက်နိုင်စွမ်းကို မြှင့်တင်ပေးခြင်းဖြင့် အယ်ဇိုင်းမားရောဂါ ဖြစ်ပွားမှုကို ကာကွယ်နိုင်ဖွယ်ရှိကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Xinhua News
Trs : KKO

## ကွန်ဂိုနိုင်ငံ၌ လက်ရှိပေါ်ပေါက်နေသော အီဘိုလာဗိုင်းရပ်ကပ်ဘေးက သမိုင်းတစ်လျှောက် အပြင်းထန်ဆုံး ကပ်ဘေးဖြစ်လာနိုင်

ကင်ရှာဆာ ဇွန် ၁၈

ကွန်ဂိုနိုင်ငံ၌ လက်ရှိပေါ်ပေါက်နေသည့် အီဘိုလာဗိုင်းရပ်ရောဂါကူးစက်မှု ကပ်ဘေးသည် သမိုင်းတစ်လျှောက် အပြင်းထန်ဆုံး ကပ်ဘေးဖြစ်လာနိုင်သည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက ဇွန် ၁၇ ရက်က သတိပေးလိုက်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်ကြား အနောက်အာဖရိက၌ ဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၁၀၀၀ သေဆုံးခဲ့ရသည့် အီဘိုလာဗိုင်းရပ် ကပ်ဘေးကို သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးအီဘိုလာကပ်ဘေး အဖြစ်ဆေးပညာရှင်များက သတ်မှတ်ထားသည်။

သို့ရာတွင် ကွန်ဂိုနိုင်ငံ၌ လက်ရှိပေါ်ပေါက်နေသည့် အီဘိုလာဗိုင်းရပ်ကပ်ဘေးသည် အထက်ဖော်ပြပါ သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးအီဘိုလာကပ်ဘေး ထက်ပင် ပို၍ပြင်းထန်လာနိုင်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက သတိပေးထားသည်။

လက်ရှိအချိန်တွင် ကွန်ဂိုနိုင်ငံ၌ အီဘိုလာဗိုင်းရပ်ကူးစက်ခံထားရသူ အရေအတွက်မှာ ၈၃၇ ဦးထိရှိပြီး သေဆုံးသူ ၁၉၆ ဦးထိရှိနေပြီဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ကွန်ဂိုကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မဖော်ထုတ်နိုင်သေးသော အီဘိုလာဗိုင်းရပ် ကူးစက်ခံထားရသူ ဦးရေ ၂၆၀၀၀ ကျော်ထိရှိနေနိုင်သည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက ခန့်မှန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ကမ္ဘာ့ဖလားအုပ်စုဒုတိယပွဲစဉ်မှာ ရမှတ်လိုအပ်ချက်ရှိနေတဲ့ မော်ရိုကိုအသင်း၊ နယ်သာလန်အသင်း၊ ဂျာမနီအသင်းတို့ကို အားပေးရမှာပါ

M L



၂၀၂၆ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ဇွန် ၁၁ ရက်မှာစတင်ကျင်းပခဲ့တာဖြစ်ပြီး အုပ်စုပထမပွဲစဉ်တွေမှာတော့ အသင်းကြီးအများစုအနေနဲ့ အသင်းငယ်တွေရဲ့ မထင်မှတ်တဲ့တုံ့ပြန်မှုတွေကြောင့် ရမှတ်တွေ ဆုံးရှုံးခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ ချန်ပီယံဆုအတွက် ရေပန်းစားနေတဲ့ စပိန်အသင်းက ကိတ်ဗာဒီအသင်းကိုဂိုးမရှိသရေ၊ နယ်သာလန်အသင်းက ဂျပန်အသင်းကိုနှစ်ဂိုးစီသရေ၊ ဘရာဇီးအသင်းက မော်ရိုကိုအသင်းကိုတစ်ဂိုးစီသရေ၊ ဘယ်လ်ဂျီယံအသင်းက အီဂျစ်အသင်းကိုတစ်ဂိုးစီသရေ၊ ဥရုဂွေးအသင်းက ဆော်ဒီအာရေဗျအသင်းကိုတစ်ဂိုးစီသရေ၊ ဆွစ်ဇာလန်အသင်းက ကာတာအသင်းကိုတစ်ဂိုးစီသရေရလဒ်သာ ကစားနိုင်ခဲ့လို့ ရမှတ်ခွဲပေးလိုက်ရတာဖြစ်ပါတယ်။ ဒါကြောင့် အသင်းငယ်တွေနဲ့ အသင်းကြီးတွေတွေ့ဆုံတဲ့အခါ အသင်းငယ်တွေရဲ့ ကြိုးစားအားထုတ်မှုကို လျှော့တွက်မရဘဲ လာမဲ့ပွဲစဉ်တွေကို သတိထားချဉ်းကပ်ရမှာဖြစ်ပါတယ်။ စနေနေ့ကစားမဲ့ အုပ်စုဒုတိယပွဲစဉ်တွေမှာတော့ ရမှတ်ခွဲပေးလိုက်ရတဲ့အသင်းကြီးတွေနဲ့ ခြေစွမ်းပိုင်းထက်မြက်နေတဲ့အသင်းတွေကိုသာ အဓိကအားပေးသွားမှာဖြစ်ပါတယ်။

## မော်ရိုကိုအသင်းကို အားပေးရမှာပါ

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်မှာ အကြိုက်တွေ့တာကတော့ စကော့တလန်အသင်းနဲ့ မော်ရိုကိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အုပ်စု C မှာ ဘရာဇီး၊ ဟေတီအသင်းတို့ တစ်အုပ်စုတည်းကျရောက်နေတာဖြစ်ပြီး စကော့တလန်အသင်းကတော့ အုပ်စုပထမပွဲမှာ ဟေတီအသင်းကို တစ်ဂိုးဂိုးမရှိနဲ့နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ စကော့တလန်အသင်းဟာ အခုပွဲစဉ်မှာ သရေတစ်မှတ်ရရုံနဲ့ ရှုံးထွက်အဆင့်ကိုတက်ရောက်နိုင်မှာဖြစ်လို့ နိုင်ပွဲရဖို့အကောင်းဆုံးပြင်ဆင်လာမှာဖြစ်ပေမဲ့ ခြေစွမ်းမာကျောတဲ့ မော်ရိုကိုအသင်းနဲ့တွေ့နေတာကြောင့် ရမှတ်ရှာဖွေဖို့ခက်မှာပါ။ အဖွင့်ပွဲစဉ်မှာလဲ ဟေတီအသင်းလိုစုဖွဲ့မှုအားနည်းတဲ့အသင်းကို ဖိအားပေးနိုင်ခြင်းမရှိဘဲ အကြိတ်အနယ်ကစားခဲ့ရပြီး ကျဉ်းမြောင်းတဲ့ရလဒ်နဲ့နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာလဲ စကော့တလန်အသင်းရဲ့ တိုက်စစ်ပိုင်းကပြိုင်ဘက်ကိုကျော်ဖြတ်ဖို့ ခက်ခဲနေတာကြောင့် မော်ရိုကိုအသင်းလို ထိပ်တန်းအဆင့်ကစားသမားများရှိနေတဲ့ ခံစစ်ပိုင်းကို ကျော်ဖြတ်ဖို့ခက်ခဲမှာသေချာပါတယ်။

မော်ရိုကိုအသင်းဟာ ပြီးခဲ့တဲ့ ၂၀၂၂ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်ထိရောက်ရှိခဲ့ပြီး ခြေစွမ်းပိုင်းတိုးတက်လာတဲ့အသင်းဖြစ်ပါတယ်။ နောက်ပိုင်းမှာလဲ ၂၀၂၄ခုနှစ် အာဖရိကနေးရှင်းပြိုင်ပွဲမှာ ချန်ပီယံဆု၊ ၂၀၂၅ခုနှစ်ကာတာအာရပ်ဖလားပြိုင်ပွဲမှာ ချန်ပီယံဆု၊ ၂၀၂၅ ခုနှစ် အာဖရိကဖလားပြိုင်ပွဲမှာ ချန်ပီယံဆုဖလားရရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိကစားသမားတွေကလဲ ဥရောပပြိုင်ပွဲတွေမှာ ခြေစွမ်းပြသနေတဲ့ဂိုးသမားဘိုနို၊ ဟာကီမီ၊ မာဇရာဝီ၊ အိုဟာဒီ၊ ဒီယော့၊ အမရာဘတ်၊ ဘိုအာဒီ၊ဆိုင်ဘာရီ၊ဘရာဟမ်ဒီယက်ဇ်တို့လို ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားတာကြောင့် အုပ်စုအဖွင့်ပွဲမှာ ဘရာဇီးလိုအသင်းကိုထိန်းချုပ်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။စကော့တလန်အသင်းအနေနဲ့ ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့မော်ရိုကိုအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ မဖြစ်နိုင်တာကြောင့် အခုပွဲမှာမော်ရိုကိုအသင်းကိုပဲ အားပေးရမှာပါ။

**စကော့တလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟေတီ | ၀ | - | ၁ | စကော့တလန် |
| ဘိုလီဗီးယား | ၀ | - | ၄ | စကော့တလန် |
| စကော့တလန် | ၄ | - | ၁ | ကျူရာကာအို |
| အိုင်ဗရီကို့စ် | ၁ | - | ၀ | စကော့တလန် |
| စကော့တလန် | ၀ | - | ၁ | ဂျပန် |

**မော်ရိုကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မော်ရိုကို | ၁ | - | ၁ | အီကွေဒေါ |
| မော်ရိုကို | ၂ | - | ၁ | ပါရာဂွေး |
| မော်ရိုကို | ၄ | - | ၀ | မာဒါဂတ်စတာ |
| မော်ရိုကို | ၁ | - | ၁ | နော်ဝေ |
| ဘရာဇီး | ၁ | - | ၁ | မော်ရိုကို |

## နယ်သာလန်အသင်းနဲ့ လက်တွဲရမှာပါ

ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုဒုတိယပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့တာကတော့ နယ်သာလန်အသင်းနဲ့ ဆွီဒင်အသင်းတို့ပွဲစဉ်ဖြစ်ပါတယ်။ နယ်သာလန်အသင်းဟာ အုပ်စု F မှာ ဂျပန်၊ ဆွီဒင်၊ တူနီးရှားတို့နဲ့ ကစားရတာကြောင့် ပွဲကျပ်နေတာကိုတွေ့ရမှာပါ။ အုပ်စုအဖွင့်ပွဲမှာတော့ အာရှအသင်းဖြစ်တဲ့ ဂျပန်အသင်းနဲ့ကစားခဲ့ရပေမဲ့ ဦးဆောင်ဂိုးတွေရပြီးမှ ခံစစ်ကစားပုံအားနည်းခဲ့တာကြောင့် ချေပဂိုးတွေပြန်ပေးလိုက်ရတာကိုသတိပြုရမှာပါ။ အဲဒီပွဲစဉ်မှာ နယ်သာလန်အသင်းတိုက်စစ်ကို ဂတ်ပို၊ မာလန်း၊ ဆမ်မာဗီလီတို့နဲ့ပွဲထွက်လာခဲ့ပြီး ဂျပန်အသင်းကို တောက်လျှောက်ဖိအားပေးခဲ့ပေမဲ့ အဆုံးသတ်ပိုင်းအားနည်းခဲ့လို့ ပွဲပြီးဆုံးချိန်မှာ သရေရလဒ်သာရရှိခဲ့တာဖြစ်ပါတယ်။

ဆွီဒင်အသင်းဟာ အုပ်စုအဖွင့်ပွဲမှာ တူနီးရှားအသင်းကို ငါးဂိုးတစ်ဂိုးနိုင်ပွဲရခဲ့တာကြောင့် အုပ်စု F အမှတ်ပေးဇယားကိုဦးဆောင်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို play-off အဆင့်ကနေ ဝင်ရောက်ကစားခွင့်ရခဲ့ပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ အသင်းရဲ့ အဓိကကစားသမားတွေဖြစ်တဲ့ ဂိုကာရက်ဇ်၊ အစ်ဆက်တို့လို တိုက်စစ်မှူးတွေကခြေစွမ်းပြနိုင်ခဲ့တာကြောင့် နောက်ဆုံးကစားခဲ့တဲ့သုံးပွဲမှာ အသင်းတိုက်စစ်က သွင်းဂိုး ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဆွီဒင်အသင်းရဲ့ကစားသမားစုဖွဲ့မှုဟာ နယ်သာလန်အသင်းနဲ့ယှဉ်ရင် လိုအပ်ချက်တွေရှိနေတာကြောင့် အခုပွဲမှာ နယ်သာလန်အသင်းကို ထိန်းချုပ်ဖို့တော့ခက်မှာပါ။ ဒ့ါပြင် နယ်သာလန်အသင်းခံစစ်မှာလဲ ဗန်ဒိုက်၊ ဒမ်ဖရိုင်း၊ ဗန်ဒီဗန်၊ ဟက်စကီးတို့လို ထိပ်တန်းအဆင့်ကစားသမားတွေနဲ့စုဖွဲ့ထားတာကြောင့် ဆွီဒင်အသင်းက ဂိုကာရက်ဇ်၊ အစ်ဆက်တို့အတွဲအနေဖြင့် ကျော်ဖြတ်ဖို့တော့ခက်မှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ နယ်သာလန်အသင်းက အသာရခဲ့တာကြောင့် အခုပွဲမှာ နယ်သာလန်အသင်းနဲ့ပဲလက်တွဲရမှာပါ။

**နယ်သာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယ်သာလန် | ၂ | - | ၁ | နော်ဝေ |
| နယ်သာလန် | ၁ | - | ၁ | အီကွေဒေါ |
| နယ်သာလန် | ၀ | - | ၁ | အယ်ဂျီးရီးယား |
| နယ်သာလန် | ၂ | - | ၁ | ဥဇဘတ်ကစ္စတန် |
| နယ်သာလန် | ၂ | - | ၂ | ဂျပန် |

**ဆွီဒင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ယူကရိန်း | ၁ | - | ၃ | ဆွီဒင် |
| ဆွီဒင် | ၃ | - | ၂ | ပိုလန် |
| နော်ဝေ | ၃ | - | ၁ | ဆွီဒင် |
| ဆွီဒင် | ၂ | - | ၂ | ဂရိ |
| ဆွီဒင် | ၅ | - | ၁ | တူနီးရှား |

## ဂျာမနီအသင်းကို ရွေးရမှာပါ

ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုဒုတိယပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့တာကတော့ ဂျာမနီအသင်းနဲ့ အိုင်ဗရီကို့စ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အုပ်စုအဖွင့်ပွဲမှာနိုင်ပွဲရခဲ့တာကြောင့် အမှတ်ပေးဇယားမှာ ဂျာမနီက အဆင့် ၁၊ အိုင်ဗရီကို့စ်က အဆင့် ၂ နဲ့ရပ်တည်နေတာကိုတွေ့ရမှာပါ။ ဂျာမနီအသင်းကတော့ အခုအုပ်စုမှာ ခြေစွမ်းပိုင်းအကောင်းဆုံးအသင်းဖြစ်ပြီး အုပ်စုအဖွင့်ပွဲမှာလဲ ကျူရာကာအိုအသင်းကို ခုနစ်ဂိုးတစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဂျာမနီအသင်းတိုက်စစ်ကို ကိုင်ဟာဗက်ဦးဆောင်လာခဲ့ပြီး ဆာနေး၊ မူစီအာလာ၊ ဖလိုရီယန်ဝစ်တို့က နောက်ချန်တိုက်စစ်ကနေ အကောင်းဆုံးပံ့ပိုးနိုင်ခဲ့တာကြောင့် ခုနစ်ဂိုးပြတ်နဲ့ နိုင်ပွဲရခဲ့တယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ လက်ရှိပြိုင်ပွဲမှာတော့ ထိပ်တန်းအဆင့်လူငယ်ကစားသမားတွေနဲ့ ပြန်လည်စုဖွဲ့လာတာကြောင့် အိုင်ဗရီကို့စ်အသင်းကိုနိုင်ပွဲရရင် အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်မှာဖြစ်လို့ အခုပွဲစဉ်ကို နိုင်ပွဲရဖို့ကြိုးစားလာမှာဖြစ်ပါတယ်။

အိုင်ဗရီကို့စ်အသင်းဟာ အာဖရိကဇုန်မှာ ခြေစွမ်းပိုင်းမာကျောတဲ့အသင်းဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲကို အာဖရိကဇုန်အုပ်စု F ကနေ တိုက်ရိုက်ဝင်ခွင့်ရလာတဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ဥရောပကလပ်အသင်းတွေမှာခြေစွမ်းပြနေတဲ့ အာမတ်ဒီယာလို၊ ပီပီ၊ ဆန်ဂါရီ၊ ကက်ဆီ၊ ဖိုဖန်နာ၊ ဝါဟီ၊ဂတ်ဆန်း၊ ဒီယိုမန်ဒီစတဲ့ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားတာကြောင့် အခုပြိုင်ပွဲမှာ ဂျာမနီအသင်းပြီးရင် ဒုတိယမြောက်စုဖွဲ့မှုအကောင်းဆုံးအသင်းလို့ဆိုရမှာပါ။ ဒါကြောင့် အုပ်စုအဖွင့်ပွဲစဉ်မှာ အီကွေဒေါလိုအသင်းကို ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ကစားနိုင်ခဲ့ပြီး အာမတ်ဒီယာလိုရဲ့သွင်းဂိုးနဲ့ နိုင်ပွဲရခဲ့တာကြောင့် အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိသူတို့နှစ်သင်းမှာတော့ ဂျာမနီအသင်းက ထိပ်တန်းအဆင့်ကစားသမားတွေများတဲ့အပြင် အရန်ကစားသမားတွေကလဲခြေစွမ်းပြသနေတာကြောင့် အိုင်ဗရီကို့စ်အသင်း ခံစစ်အားပြုကစားရင် ပေးဂိုးများသွားမှာဖြစ်ပါတယ်။ အကျောပေးမှုကလဲ ဂျာမနီအသင်း နိုင်ပွဲရဖို့သေချာနေတာကြောင့် အခုပွဲမှာ ဂျာမနီအသင်းကို ပဲရွေးရမှာပါ။

**ဂျာမနီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျာမနီ | ၇ | - | ၁ | ကျူရာကာအို |
| အမေရိကန် | ၁ | - | ၂ | ဂျာမနီ |
| ဂျာမနီ | ၄ | - | ၀ | ဖင်လန် |
| ဂျာမနီ | ၂ | - | ၁ | ဂါနာ |
| ဆွစ်ဇာလန် | ၂ | - | ၄ | ဂျာမနီ |

**အိုင်ဗရီကို့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အီဂျစ် | ၃ | - | ၂ | အိုင်ဗရီကို့စ် |
| တောင်ကိုရီးယား | ၀ | - | ၄ | အိုင်ဗရီကို့စ် |
| အိုင်ဗရီကို့စ် | ၁ | - | ၀ | စကော့တလန် |
| ပြင်သစ် | ၁ | - | ၂ | အိုင်ဗရီကို့စ် |
| အိုင်ဗရီကို့စ် | ၁ | - | ၀ | အီကွေဒေါ |

# မက္ကဆီကိုနိုင်ငံအရှေ့ဘက်ပိုင်းနှင့် မြောက်ဘက်ပိုင်းတွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေ



မက္ကဆီကိုစီးတီး ဇွန် ၁၈

မက္ကဆီကိုနိုင်ငံ အရှေ့ဘက်ပိုင်းနှင့်မြောက်ဘက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်နေပြီး လာမည့်ရက်ပိုင်းအတွင်း မုန်တိုင်းဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း နေရှင်နယ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (SMN) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းသည် မက္ကဆီကို ပင်လယ်ကွေ့ဘက်မှ စတင်လာမည်ဖြစ်ပြီး မုန်တိုင်းဖြတ်သန်းတိုက်ခတ်ဖွယ်ရှိနေသော ဒေသများကို မုန်တိုင်းအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် ညွှန်ကြားထားကြောင်း၊ မုန်တိုင်း ဝင်ရောက်လာပါက မက္ကဆီကို ပင်လယ်ကွေ့တွင် လှိုင်းလုံးများ ကြီးလာနိုင်ပြီး ရေကြောင်း ပို့ဆောင်ရေးကဏ္ဍအတွက် အန္တရာယ်ရှိလာနိုင်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းနေသော ဒေသများမှာ ကိုချ်ဟွီလာဒေသ၊ နူအီဗိုလီယွန်ဒေသနှင့် တာမော်လီပက်စ်ဒေသတို့ဖြစ်ကြောင်း သိရသည်။

"အရှေ့ဘက်ပိုင်းနဲ့ မြောက်ဘက်ပိုင်းဒေသတွေမှာ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်နေပါတယ်။ မုန်တိုင်းဝင်ရောက်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ မုန်တိုင်းဟာ မက္ကဆီကို ပင်လယ်ကွေ့ကနေ စတင်လာနိုင်ပြီး ကိုချ်ဟွီလာဒေသ၊ နူအီဗိုလီယွန်ဒေသနဲ့ တာမော်လီပက်စ်ဒေသတွေကို ဖြတ်သန်းတိုက်ခတ်ဖွယ်ရှိနေပါတယ်" ဟု နေရှင်နယ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (SMN)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အမေရိကန်နိုင်ငံ မိုင်ယာမီဒေသတွင် တောမီးလောင်ကျွမ်းနေပြီး မီးခိုးငွေ့များပျံ့နှံ့မှုကြောင့် လေထုအရည်အသွေးကျဆင်းလာ

ဝါရှင်တန် ဇွန် ၁၈

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မိုင်ယာမီဒေသတွင် တောမီး လောင်ကျွမ်းနေပြီး သစ်တောဧရိယာများစွာ လောင်ကျွမ်းပျက်စီးကာ တောမီးမှ မီးခိုးငွေ့များ လေထုအတွင်းပျံ့နှံ့မှုကြောင့် လေထုအရည်အသွေး ကျဆင်းလာကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

ဖလော်ရီဒါပြည်နယ် သစ်တောဌာန၏ အဆိုအရ ယနေ့နံနက်ပိုင်းမှာပင် တောမီးနှစ်နေရာ လောင်ကျွမ်းနေကြောင်း၊ တောမီးများသည် မိုင်ယာမီမြို့အနောက်ဘက်ရှိ Everglades သဘာဝထိန်းသိမ်းရေးဒေသအနီးတွင် ဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ပထမ တောမီးလောင်ရာနေရာတွင် သစ်တောဧရိယာ ဧက ၇၅၀၀ ခန့် လောင်ကျွမ်းခဲ့ပြီး ဒုတိယတောမီးလောင်ရာနေရာတွင် သစ်တောဧရိယာဧက ၅၀၀ ခန့် လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖလော်ရီဒါပြည်နယ် မိုင်ယာမီဒေသတွင် မိုးရွာသွန်းမှုနည်းပါးခြင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် ခြောက်သွေ့သော အပင်များ၊ မြက်ခြောက်များ ပေါ်များနေခြင်းတို့ကြောင့် တောမီးများ လျှင်မြန်စွာ ပျံ့နှံ့လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ လေပြင်းများတိုက်ခတ်မှုကလည်း တောမီးလောင်ကျွမ်းမှုကို ပိုမိုဖြစ်ပွားစေပြီး မီးခိုးငွေ့များကို အနီးပတ်ဝန်းကျင်ဒေသများသို့ ပျံ့နှံ့စေခဲ့ကြောင်း သိရသည်။



တောမီးကြောင့် ဖလော်ရီဒါပြည်နယ်၏ အဓိကသယ်ယူပို့ဆောင်ရေး လမ်းကြောင်းတစ်ခုဖြစ်သည့် Krome Avenue ကို ယာယီပိတ်ထားခဲ့ရပြီး တောမီးမှ ထွက်သော မီးခိုးငွေ့များကြောင့် လေထုအရည်အသွေးကျဆင်းနေသဖြင့် ကျန်းမာရေးတာဝန်ရှိသူများက ဒေသခံများကို ပြင်ပလှုပ်ရှားမှုများလျှော့ချရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ကူဝိတ်နိုင်ငံတွင် ရာသီဥတုလွန်ကဲမှုကြောင့် သဲကန္တာရဖြစ်ထွန်းမှု မြင့်မားလာခြင်းကိုထိန်းချုပ်ရန် အဆင့်မြင့်နည်းပညာများဖြင့် ဆောင်ရွက်မည်

ကူဝိတ် ဇွန် ၁၈

ကူဝိတ်နိုင်ငံတွင် ရာသီဥတုလွန်ကဲမှုကြောင့် သဲကန္တာရဖြစ်ထွန်းမှု မြင့်မားလာခြင်းကို ထိန်းချုပ်ရန် အဆင့်မြင့်နည်းပညာများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကူဝိတ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကူဝိတ်နိုင်ငံသည် ပုံမှန်အားဖြင့် အပူချိန်မြင့်မားသည့်နိုင်ငံဖြစ်ပြီး သဲကန္တာရဖြစ်ထွန်းမှုမြင့်မားသော နိုင်ငံလည်းဖြစ်ကြောင်း၊ သဲကန္တာရဖြစ်ထွန်းမှုဧရိယာမြင့်မားလာခြင်း မရှိစေရေးအတွက်စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိပြီး သဲကန္တာရဖြစ်ထွန်းမှုကို တားဆီးရေးအတွက်လည်း အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဲကန္တာရဖြစ်ထွန်းမှု လျှော့ချရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ရန်အတွက် ဇွန် ၁၇ ရက် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းလာခြင်းနှင့် မိုးခေါင်ရေရှားပါးမှု တိုက်ဖျက်ရေးနေ့တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ဦးဆောင်၍ ဆွေးနွေးသွားခဲ့ကြောင်း သိရသည်။

"ဇွန် ၁၇ ရက် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းလာခြင်းနှင့် မိုးခေါင်ရေရှားပါးမှု တိုက်ဖျက်ရေးနေ့မှာလဲ သဲကန္တာရဖြစ်ထွန်းမှုလျှော့ချရေးလုပ်ငန်းတွေကို စီမံချက်နဲ့ ဆောင်ရွက်သွားဖို့ ဆွေးနွေးခဲ့ပါတယ်။ သဲကန္တာရဖြစ်ထွန်းမှုလျှော့ချရေးစီမံချက်ကို အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားမှာဖြစ်သလို တိုးတက်မှုကိုလဲ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်" ဟု ကူဝိတ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အီဂျစ်နိုင်ငံတွင် မြေဆီလွှာဆားငန်မှုနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများ ထိခိုက်လာ

ကိုင်ရို ဇွန် ၁၈

အီဂျစ်နိုင်ငံတွင် မြေဆီလွှာဆားငန်မှုနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများ ထိခိုက်လာကြောင်း ယနေ့သတင်းများအရ သိရသည်။

အီဂျစ်နိုင်ငံ၏ စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများသည် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပြီး အထူးသဖြင့် နိုင်းမြစ်ဝကျွန်းပေါ်ဒေသတွင် မြေဆီလွှာဆားငန်လာခြင်း၊ ရေချိုရရှိမှု လျော့နည်းလာခြင်းနှင့် ရာသီဥတုပုံစံပြောင်းလဲလာခြင်းတို့ကြောင့် လယ်ယာထွက်ကုန်များ အထွက်နှုန်းကျဆင်းလာကြောင်း သိရသည်။

အစိုးရ၏ စစ်တမ်းကောက်ယူလေ့လာမှုများအရ အီဂျစ်နိုင်ငံရှိ ဆည်မြောင်း စိုက်ပျိုးမြေဟက်တာ ၁ ဒသမ ၈ သန်းကျော်သည် မြေဆီလွှာဆားငန်မှုဒဏ်ကို ခံနေရပြီး အချို့သီးနှံများ၏ အထွက်နှုန်းမှာ ၁၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထိ လျော့ကျသွားကြောင်း၊ အလားတူ ရေလုပ်သားများ၏ ငါးဖမ်းရမိမှုပမာဏ ကျဆင်းလာသည့်အပြင် ကျူးကျော်ငါးမျိုးစိတ်ကြောင့် ငါးကောင်ရေ ကျဆင်းလာကြောင်း၊ ထို့ကြောင့် ရေလုပ်သားများ၏ ငါးဖမ်းလုပ်ငန်းမှရရှိသော ဝင်ငွေများ သိသိသာသာ ကျဆင်းလာကြောင်း သိရသည်။

အဆိုပါ အခက်အခဲများကို ရင်ဆိုင်နိုင်ရန် အီဂျစ်အစိုးရသည် ရေသွင်းမြောင်းများ ပြန်လည်ပြုပြင်ခြင်း၊ ခေတ်မီရေသွင်းစနစ်များ တိုးချဲ့ခြင်းနှင့် ရေဆိုးများကို သန့်စင်ကာ ပြန်လည်အသုံးပြုခြင်းတို့ကို ဆောင်ရွက်နေသည့်အပြင် စိုက်ပျိုးမြေတိုးချဲ့ရေးနှင့် ကမ်းရိုးတန်းဒေသများ ကာကွယ်ရေးစီမံကိန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တောင်သူများအနေဖြင့် စိုက်ပျိုးရေကို ပိုမိုချွေတာအသုံးပြုပြီး ဆားဒဏ်ခံနိုင်သည့် သီးနှံများကိုလည်း ပိုမိုစိုက်ပျိုးကြရန် လိုကြောင်း အစိုးရက တိုက်တွန်းထားသည်။

Ref : Russia Today
Trs : KZ

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ

နယူးဒေလီ ဇွန် ၁၈

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၂၀၂၆ ခုနှစ် မိုးရာသီကာလအတွင်း ပုံမှန်ထက်မိုးရေချိန်မြင့်မားဖွယ်ရှိနေပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန (IMD) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၏ မိုးရာသီကာလကို ဇွန်လမှစက်တင်ဘာလအလယ်ပိုင်းထိ သတ်မှတ်ထားပြီး ယခုနှစ် မိုးရာသီကာလသည် ယခင်နှစ်များကထက် မိုးရေချိန်မြင့်မားနိုင်သည့်အတွက် ရေဘေးအန္တရာယ်မှာ ယခင်နှစ်များကထက် ပို၍ဆိုးရွားလာနိုင်ခြင်းဖြစ်ကြောင်း၊ မိုးရာသီကာလအတွင်း ရင်ဆိုင်ရဖွယ်ရှိနေသည့် ရေဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်မှုများ ပြုလုပ်သွားရန်အတွက် အိန္ဒိယသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီက ဦးဆောင်သွားမည်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေး ဦးစီးဌာနက ထုတ်ပြန်ထားသည်။

"၂၀၂၆ ခုနှစ်မိုးရာသီမှာ မိုးရေချိန် မြင့်မားဖွယ်ရှိနေပါတယ်။ မိုးရာသီကာလဟာ ဇွန်လကနေ စက်တင်ဘာလအလယ်ထိဖြစ်ပြီးတော့ အရင်နှစ်တွေကထက် မိုးရေချိန်ပိုမြင့်မားဖွယ်ရှိနေပါတယ်။ မိုးရေချိန် မြင့်မားမှာဖြစ်တဲ့အတွက် ရေဘေးအန္တရာယ်တွေဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါကြောင့် ရေဘေးအန္တရာယ်တားဆီးရေး အစီအစဉ်တွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနအလိုက်က တာဝန်ရှိသူတွေနဲ့ ဆွေးနွေးညှိနှိုင်းသွားမှာဖြစ်ပါတယ်" ဟု အိန္ဒိယသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ ဂပ်တာက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ခရီးသွားဆောင်းပါး

# အချိန်မနှောင်းငရုတ်ကောင်း မှိုင်းမှိုင်းညို့ညို့ကမ်းခြေမြို့

သက်နိုင်(ပြင်ဦးလွင်)

ထိပ်စွန်း၊ မော်တင်စွန်း၊ ဟိုင်းကြီးကျွန်း၊ ဂေါ်ရန်ဂျီကျွန်း စတဲ့ဧရာဝတီတိုင်းဒေသကြီးခရီးစဉ်မှာ ဟိုင်းကြီးကျွန်းရဲ့ နေရာဒေသအနှံ့ကို လှေ့လာလည်ပတ်ခဲ့ကြပြီး ဂေါ်ရန်ဂျီကျွန်းရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြပါပြီ။ လမ်းခရီးတစ်ထောက်အဖြစ် မယ်လခဲရွာမှာ စက်လှေပေါ်ကနေဆင်း၊ ရေလမ်းခရီးကနေ ကုန်းလမ်းခရီးအဖြစ် ပြောင်းလဲ၊ ငါးပြေမဆိုတဲ့ ပုသိမ်- မော်တင်စွန်းလမ်းဘေးက ရွာတစ်ရွာမှာ ငါးပြေမဆရာတော်ကြီးရဲ့ ရုပ်ကလာပ်စံကျောင်းတော်ကို ဝင်ရောက်ဖူးမြော်ခဲ့ကြရင်း ရှေ့ခရီးကို မောင်းနှင်လာခဲ့ရတယ်။

ခရီးစဉ်လမ်းကြောင်းအရ ဂေါ်ရန်ဂျီကျွန်းရှိရာကို သွားရောက်ကြဖို့အတွက် မိုင် ၃၀ ကျော်ကွာဝေးနေသေးတဲ့ ငရုတ်ကောင်းတောင်ရွာကို ဦးစွာသွားရောက်ကြရမှာပါ။ ငရုတ်ကောင်းတောင်ရွာကလဲ ပုသိမ်- မော်တင်စွန်းကားလမ်းပေါ်မှာ တည်ရှိနေတယ်။ ခရီးလမ်းအခြေအနေအရ လမ်းဘေးဝဲယာတစ်လျှောက်မှာ ရှိနေတဲ့တောတွေ၊ တောင်တွေ၊ အကွေ့အကောက်၊ အတက်အဆင်းလမ်းတွေကို ကျော်ဖြတ်မောင်းနှင်လာခဲ့ပြီး ငရုတ်ကောင်းတောင်ရွာကို ရောက်လာခဲ့ကြတယ်။ အချိန်က မနက် ၁၀ နာရီကျော်ရှိနေပါပြီ။ ငရုတ်ကောင်းတောင်ရွာကို ရောက်တာနဲ့ မိမိက ကားကိုဆီဖြည့်၊ ကျန်တဲ့မောင်နှမတွေက လမ်းမှာအဆာပြေ၊ အမောပြေ၊ အပျင်းပြေ စားသောက်ကြဖို့အတွက် ကြံရည်ထုပ်တွေနဲ့ မုန့်တွေဝယ်ယူကြရင်း ခေတ္တနားကြရတယ်။

အခုမိမိတို့ရောက်ရှိနေတဲ့ ငရုတ်ကောင်းတောင်ရွာနဲ့ ဆက်လက်သွားရောက်ကြရမဲ့ ငရုတ်ကောင်းမြောက်ရွာက ငပုတောမြို့နယ်အတွင်းမှာ တည်ရှိနေကြတယ်။။ ဒ့ါပြင် ငရုတ်ကောင်းမြောက်ရွာကို မြို့နယ်ခွဲတစ်ခုအဖြစ် ငရုတ်ကောင်းမြို့ဟုသတ်မှတ်ထားပြီး ငရုတ်ကောင်းတောင်ရွာကတော့ သာမန်ကျေးရွာကြီးတစ်ရွာအဖြစ်နဲ့ လမ်းဘေးမှာ တည်ရှိနေတယ်။ နေရာနှစ်ခုက တစ်နေရာနဲ့တစ်နေရာ ၁၇ မိုင်ဝေးကွာနေကြတယ်။ ဒါပေမဲ့ ဒီနေရာနှစ်ခုက ဖွံ့ဖြိုးတိုးတက်တာတွေ၊ စည်စည်ကားကားဖြစ်မှုတွေက မတူညီကြပါဘူး။ မြို့နယ်ခွဲမဟုတ်ဘဲ သာမန်ရွာကြီးတစ်ရွာဖြစ်တဲ့ ငရုတ်ကောင်းတောင်ရွာက အဓိကလမ်းမကြီးပေါ်မှာဖြစ်ပြီး ပုသိမ်- မော်တင်စွန်းလမ်းရဲ့ ခရီးသည်တင်ယာဉ်တွေ၊ ဘုရားဖူးကားတွေ၊ ဘုရားဖူးဧည့်သည်တွေ နားနေစားသောက်နိုင်တဲ့ နေရာကောင်းတစ်ခုဖြစ်တယ်။ ဒါကြောင့် စားသောက်ဆိုင်တန်းတွေ၊ ကုန်စုံဆိုင်ကြီးတွေ၊ စက်သုံးဆီအရောင်းဆိုင်ကြီးတွေ၊ အခြားဆိုင်ပေါင်းများစွာနဲ့ စည်စည်ကားကားဖြစ်နေတယ်။ ၁၀၅ မိုင် ရှည်လျားတဲ့ ပုသိမ်- မော်တင်စွန်းလမ်းပေါ်မှာ ခရီးသွားယာဉ်တွေ ရပ်နားစားသောက်ကြဖို့အတွက် စခန်းနေရာနှစ်ခုရှိနေတယ်။ ပထမနေရာတစ်ခုက ပုသိမ်မြို့နဲ့ မိုင် ၃၀ ကျော် အကွာက မဏ္ဍပ်ဆိုတဲ့ရွာကြီးတစ်ရွာပါ။ မဏ္ဍပ်ရွာမှာ စားသောက်ဆိုင်တန်းတွေ၊ ထမင်းဆိုင်တန်းတွေ အများအပြားရှိနေကြတယ်။ ဒီလမ်းပေါ်မှာ ငရုတ်ကောင်းတောင်ရွာနဲ့ မဏ္ဍပ်ရွာနေရာနှစ်ခုမှာသာ ခရီးသည်ယာဉ်တွေ နားနေစားသောက်နိုင်ပြီး ကျန်တဲ့နေရာတွေက တောတွေ၊ တောင်တွေနဲ့ အိမ်ခြေအနည်းငယ်သာရှိတဲ့ ရွာသေး၊ ရွာသိမ်လေးတွေသာ ဖြစ်နေကြတယ်။

ငရုတ်ကောင်းတောင်ရွာကနေ ဂေါ်ရန်ဂျီကျွန်းရှိရာကို ဆက်လက်ထွက်ခွာမောင်းနှင်လာတဲ့အခါ ကတ္တရာခင်း လမ်းကျယ်လမ်းကောင်းဖြစ်နေတာကို တွေ့ရတယ်။ အရင်တစ်ခေါက်လွန်ခဲ့တဲ့နှစ်က ဒီနေရာတွေမှာ လမ်းဆိုးလမ်းကြမ်းအဆင့်သာ ရှိနေပါသေးတယ်။ ဒါကြောင့်လဲ ဂေါ်ရန်ဂျီကျွန်း ရောက်တဲ့ထိ ဒီအတိုင်းလမ်းကောင်းနေမှာလား၊ လမ်းဆိုး၊ လမ်းကြမ်း၊ လမ်းညံ့နေရာတွေကို တွေ့ရအုံးမှာလားဆိုပြီး စဉ်းစားတွေးတောရင်း မောင်းနှင်လာခဲ့တာကောင်းတဲ့လမ်းအနေအထားကို လေးမိုင်ကျော်၊ ငါးမိုင်လောက်သာ မောင်းလိုက်ရပြီး မကြာခင်မှာ ကျောက်ကြမ်းခင်းလမ်းကို ရောက်လာခဲ့ကြတယ်။ လမ်းအခြေအနေက တော်တော်ဆိုးနေတာပါ။ ကားကို တစ်လိုမ့်ချင်း ၁၅ ကီလိုမီတာနှုန်းနဲ့ မောင်းနေရင်း ကားအောက်ပိုင်းတွေ၊ ကားဘီးတွေ ဘာမှမဖြစ်ပါစေနဲ့ဆိုပြီး ဆုတောင်းနေရသေးတယ်။

လမ်းအခြေအနေက အလွန်ဆိုးရွားနေသလို လမ်းပေါ်မှာ သွားလာနေကြတဲ့ ကားတွေ၊ ဆိုင်ကယ်တွေကိုလဲ တစ်စီးတလေမှ မမြင်မတွေ့ကြပါဘူး။ ပုသိမ်- မော်တင်စွန်းလမ်းထက် အသွားအလာပိုမိုပြတ်တောက်ခြောက်ကပ်နေတယ်။ ဒ့ါပြင် ကျေးရွာ




တွေလဲမရှိ၊ မြင့်မားမတ်စောက်တဲ့တောတောင်တွေ၊ ကြမ်းတမ်းတဲ့လမ်း အကွေ့အကောက်တွေသာရှိနေတယ်။ မော်တင်စွန်းဘုရားပွဲတော်ကာလမှာသာ ဘုရားဖူးဧည့်သည်ကားတွေ အနည်းငယ်ရှိနေပြီး ဂေါ်ရန်ဂျီကျွန်းကို သွားရောက်သူမရှိသလောက်ဖြစ်နေတယ်။ ကျန်တဲ့ပွဲတော်ရာသီမဟုတ်တဲ့ အချိန်တွေနဲ့ မိုးတွင်းကာလတွေမှာ ဒီထက်မက ပိုဆိုးလိမ့်မယ်ထင်ပါတယ်။ လမ်းဆိုးလမ်းကြမ်းကြီးပေါ်ကနေ တဖြည်းဖြည်း မောင်းလာခဲ့ရင်း မိနစ်အနည်းငယ်လောက်မှာ ကွန်ကရစ်ခင်းလမ်းကောင်းကို ပြန်လည်တွေ့မြင်မောင်းနှင်ရပြန်တယ်။ ကွန်ကရစ်ခင်းလမ်းတွေကို အတက်အဆင်း၊ အကွေ့အကောက်ကြမ်းတဲ့လမ်းနေရာတွေမှာ တွေ့မြင်နေရတယ်။

ဂေါ်ရန်ဂျီကျွန်းလမ်းတစ်လျှောက်မှာ သာယာလှပတဲ့နေရာ၊ ရှုခင်းတွေကောင်းတယ်ဆိုပြီး ဓာတ်ပုံရိုက်မှတ်တမ်းတင်စရာနေရာ မရှိပါဘူး။ လမ်းတစ်လျှောက်လုံး ရွာငယ်လေးတွေ၊ လူနေအိမ်ခြေလေးတွေကို တွေ့မြင်ရခဲသလို တစ်ခါတစ်ရံလောက်မှသာ လမ်းလုပ်သားတွေရဲ့ တဲငယ်လေးတွေ၊ စခန်းငယ်လေးတွေကို တွေ့မြင်နေရတယ်။ ဒါပေမဲ့ အရင်တစ်ခေါက်ခရီးနဲ့ နှိုင်းယှဉ်ရင် လမ်းတွေက ပိုမိုကောင်းမွန်လာတာကို သတိထားမိနေတယ်။ အရင်က လမ်းကွေ့နေရာတွေမှာသာ ကွန်ကရစ်ခင်းထားပြီး ကျန်တဲ့လမ်းပိုင်းနေရာတွေမှာ ကျောက်သား၊ မြေသားတွေဖြစ်နေကြတယ်။ အခုလမ်းပိုင်းနေရာအတော်များများမှာ ကတ္တရာခင်းလမ်းတွေကို တွေ့မြင်နေရတယ်။ ကတ္တရာခင်းလမ်းတွေက တစ်ဆက်တစ်စပ်တည်းတော့ မဟုတ်သေးဘဲ အပိုင်းလိုက်သူ့နေရာနဲ့သူ အပိုင်းအပြတ်တွေတော့ ဖြစ်နေကြသေးတယ်။

ဒီလိုနဲ့ ကောင်းလိုက်၊ ဆိုးလိုက် လမ်းနေရာတွေကို ဂရုစိုက်မောင်းနှင်လာရင်း တစ်နေရာအရောက်မှာ အလွန်ညီညာကောင်းမွန်ချောမွေ့တဲ့ လမ်းနေရာတစ်ခုကို ရောက်လာခဲ့ကြတယ်။ စိတ်ထဲမှာလဲ ငရုတ်ကောင်းမြို့(ငရုတ်ကောင်းမြောက်)ကို ဝင်ရောက်တော့မှာဖြစ်ကြောင်း ခန့်မှန်းမိလိုက်တယ်။ ခန့်မှန်းထင်မှတ်ထားတဲ့အတိုင်း နှစ်မိုင်ကျော်၊ သုံးမိုင်လောက် မောင်းအပြီးမှာ မြို့အဝင်ဆိုင်းဘုတ်ရှိရာကို ရောက်လာခဲ့ကြတယ်။ ဆိုင်းဘုတ်နေရာကိုရောက်တော့မှ ကားကိုလမ်းဘေးချရပ်ရင်း မှတ်တမ်းဓာတ်ပုံရိုက်ယူတာတွေ၊ တစ်လမ်းလုံး မရပ်မနားမောင်းလာခဲ့တာကြောင့် အညောင်းပြေ ခြေဆန့်လက်ဆန့်တွေ လုပ်ကြရတော့တယ်။ မိမိတို့ရဲ့ခရီးစဉ်နေရာဖြစ်တဲ့ ဂေါ်ရန်ဂျီကျွန်းကို ရောက်ဖို့အတွက် နောက်ထပ်သုံးမိုင်သာ ကျန်ရှိနေပါတယ်။ ဒီခရီးတိုလေးကလဲ အရင်တစ်ခေါက်လာခဲ့စဉ်တုန်းက အလွန်ကြမ်းတမ်းဆိုးရွားလှပါတယ်။ အခုတစ်ခေါက်တော့ ဘယ်လိုဖြစ်မယ်ဆိုတာကို မသိရသေးပါဘူး။

အရင်တစ်ခေါက် ရောက်ခဲ့စဉ်ကတည်းက ငရုတ်ကောင်းမြို့နယ်ခွဲရဲ့ အကြောင်းတွေကို မေးမြန်းစုံစမ်းထားချက်တွေအရ ငရုတ်ကောင်းမြို့ဆိုတာ ဒေသတွင်းမှာရှိတဲ့ ငရုတ်ကောင်းပင်လယ်ကြီးကို အစွဲပြုခေါ်ဆိုခဲ့ကြတာပါ။ နောက်ခံသမိုင်းကြောင်းအဖြစ် ထူးထူးခြားခြား၊ မှတ်မှတ်သားသားရှိမနေခဲ့ပါဘူး။ ဒ့ါပြင် အရင်က တံငါရွာငယ်လေး တစ်ရွာအဖြစ်နဲ့သာ တည်ရှိနေခဲ့ပြီး ပုသိမ်၊ ငပုတော စတဲ့မြို့တွေရှိရာကို ရေကြောင်းလမ်းအဖြစ်နဲ့သာ သွားလာနေကြရတယ်။ အခုအချိန် မကြာသေးခင်ကာလက စတင်ပြီး ကုန်းလမ်းခရီး ဖောက်လုပ်ပေါ်ပေါက်လာခဲ့ရတယ်။ ဒါကြောင့် မိမိတို့မောင်းနှင်ပြီးခဲ့တဲ့အတိုင်း လမ်းအခြေအနေတွေက ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက်အဖြစ်နဲ့သာရှိနေပါသေးတယ်။ လမ်းတွေစတင်ဖောက်လုပ်သွားလာခဲ့ကြစဉ်အခါက ငရုတ်ကောင်းတောင်နဲ့မြောက်ကို ဆိုင်ကယ်နဲ့ တစ်နေကုန်ခရီး ခက်ခက်ခဲခဲ သွားလာခဲ့ရတယ်လို့ ဒေသခံတွေက ပြောပြကြတယ်။ အခုလို တော်ရုံသင့်ရုံသွားလို့လာလို့ရတဲ့အခြေအနေထိ ဒေသခံတွေ၊ ဟိုတယ်၊ မိုတယ်တွေနဲ့ အခြားစီးပွားရေးလုပ်ငန်းရှင်တွေက ပင်ပင်ပန်းပန်း ရုန်းကန်ကြိုးစားလုပ်ကိုင်ကြရတယ်လို့ဆိုတယ်။

အရင်ကုန်းလမ်းခရီး မရှိသေးခင်အချိန်ကာလတွေက ဒေသခံတွေရဲ့ စား၊ ဝတ်၊ နေ၊ ရေးကိစ္စတွေ အလွန်ဒုက္ခရောက်ခဲ့ကြတယ်။ ကုန်းလမ်းခရီးလုံးဝမရှိတဲ့ နယ်မြေဒေသမှာ နာဂစ်လိုမုန်တိုင်းတွေ တိုက်ခတ်ခဲ့ရင်၊ ဆူနာမီလိုပင်လယ်ရေလှိုင်းလုံးကြီးတွေ ရုတ်တရက် တက်လာခဲ့ရင် ဘယ်ပြေးလို့ ပြေးရမှန်းမသိ အသက်ဘေးတွေအတွက် ပူပန်သောကရောက်နေကြရတယ်။ ပုသိမ်မြို့ကိုရောက်အောင် ပင်လယ်ရေကြောင်းလမ်းကနေ စက်လှေကိုကြာမြင့်စွာ ခုတ်မောင်းသွားလာရတဲ့ အခက်အခဲတွေ၊ ပင်လယ်သဲသောင်ပြင်လမ်းအတိုင်း ဆိုင်ကယ်နဲ့ မနက်စောစောသွားမှ ပုသိမ်မြို့ကို ညမိုးချုပ်မှောင်မှောင်မည်းမည်း အချိန် ရောက်တဲ့ဒုက္ခတွေက ဒေသခံတွေအတွက် မသေးလှပါဘူး။ အခုအချိန်မှာတော့ ငရုတ်ကောင်းမြို့နယ်ခွဲမှာ ကုန်းလမ်းခရီးလဲပေါက်ရောက်လာ၊ လျှပ်စစ်မီးတွေလဲရရှိလာတာကြောင့် အရင်ကလောက် အခက်အခဲတွေ မရှိတော့ဘဲ နည်းပါးသွားကြပြီဖြစ်ပါတယ်။ ဒါပေမဲ့ စည်စည်ကားကား တော့မရှိသေးပါဘူး။

မြို့အဝင်ဆိုင်းဘုတ်ကနေ မြို့တွင်းကိုဝင်ရောက်လာတာနဲ့ အစိုးရရုံးဌာနတွေကို တန်းစီပြီး တွေ့မြင်လာရတယ်။ မြို့အဝင်အနီးအနား ပတ်ဝန်းကျင်မှာ လူနေအိမ်ခြေစိပ်စိပ်တွေ မရှိကြသေးသလို ရုံးဌာနတွေနဲ့ သပ်သပ်ရပ်ရပ်ရှင်းရှင်းလင်းလင်း ဖြစ်နေတယ်။ ဒ့ါပြင် မြို့အဝင်လမ်းတစ်လျှောက်မှာ အသွားအလာမရှိသလောက် နည်းပါးနေပြီး တိတ်ဆိတ်ခြောက်ကပ်နေတယ်။ ဒီလမ်း ဒီနေရာက ကုန်းတွင်းပိုင်းကိုသွားရောက်တဲ့ တစ်ခုတည်းသောလမ်းဖြစ်နေပေမဲ့ ဝင်ထွက်သွားလာလှုပ်ရှားနေကြသူတွေနဲ့ စည်စည်ကားကားဖြစ်မနေသေးပါဘူး။ မြို့အဝင်မှာ အခြားမြို့တွေ၊ ရွာတွေလို စက်သုံးဆီအရောင်းဆိုင်တွေ မရှိကြဘဲ လမ်းဘေးဝဲယာတစ်လျှောက်မှာအုန်းပင်တန်းတွေ ရှိနေကြတယ်။

ဆိုင်းဘုတ်နေရာကနေ မြို့တွင်းကို ဝင်လာတာနဲ့ လူနေအိမ်ခြေလေးတွေ၊ ဈေးဆိုင်လေးတွေကို စတင်မြင်တွေ့လာရတယ်။ ပထမအကြိမ်ရောက်ဖူးခဲ့တုန်းက သိမြင်ထားမှုတွေအရ ငရုတ်ကောင်းမြို့ပုံသဏ္ဌာန်က အင်္ဂလိပ်အက္ခရာ T ပုံစံပါ။ အခုမိမိတို့ ဝင်ရောက်မောင်းနှင်လာတဲ့ မြို့ဝင်လမ်းဆုံးသွားတာနဲ့ ဘယ်ဘက်လမ်းခွဲ၊ ညာဘက်လမ်းခွဲ နှစ်ခုရှိနေတယ်။ မြို့အဝင်လမ်းနဲ့ ဘယ်ဘက်လမ်း၊ ညာဘက်လမ်းတွေက ငရုတ်ကောင်းမြို့ရဲ့ ရှိသမျှလမ်းအကုန်ပါ။ ဒါကြောင့် မြို့ပုံစံက T ပုံစံအနေအထားဖြစ်နေတယ်။ လမ်းဆုံးသွားတာနဲ့ ခရီးစဉ်အရ မိမိတို့ဆက်လက်မောင်းနှင်သွားကြရမဲ့လမ်းက ဂေါ်ရန်ဂျီကျွန်းကိုသွားတဲ့ ဘယ်ဘက်လမ်းပါ။ လမ်းဆုံနေရာကနေ ဂေါ်ရန်ဂျီကျွန်းကို နောက်ထပ် သုံးမိုင်မောင်းနှင်ရပါအုံးမယ်။ ညာဘက်လမ်းကတော့ မြို့တွင်းလူနေအိမ်ခြေတွေရှိတဲ့နေရာပါ။

မိမိက အရင်သွားရောက်လေ့လာလည်ပတ်ဖူးခဲ့တဲ့ ညာဘက်လမ်းရှိရာကို မချိုးမကွေ့တော့ဘဲ ခရီးစဉ်လမ်းကြောင်းအတိုင်း ဆက်လက်သွားကြရမဲ့ ဘယ်ဘက်လမ်းကို ချိုးကွေ့မောင်းနှင်လာခဲ့တယ်။ ဂေါ်ရန်ဂျီကျွန်းထိ ဆက်လက်မောင်းနှင်ရမဲ့ ဘယ်ဘက်လမ်းက သုံးမိုင်ရှည်လျားနေတဲ့အပြင် လမ်းဘေးဝဲယာတစ်လျှောက်မှာ လူနေအိမ်တွေ၊ ဈေးဆိုင်တွေ ပိုမိုများပြားနေတာကို တွေ့မြင်နေရတယ်။ ကားမောင်းနေရင်းနဲ့ နေ့လယ်စာ စားသောက်ကြဖို့အတွက် အချိန်ကိုကြည့်လိုက်တော့ မွန်းတည့် ၁၂ နာရီမထိုးသေးတာကို သိလိုက်ရတယ်။ အရင်တစ်ခေါက်လာခဲ့စဉ်တုန်းက ညနေစောင်းခါနီးမှ ရောက်ခဲ့ကြတာပါ။အခုခရီးစဉ်မှာတော့ ငရုတ်ကောင်းမြို့ကို အချိန်မနှောင်းခင် ရောက်လာခဲ့ကြတယ်။ တကယ်တော့ ငရုတ်ကောင်းမြို့က ပင်လယ်ရေတွေ ပတ်လည်ဝိုင်းနေတဲ့ ကမ်းခြေမြို့တစ်မြို့ပါ။ တစ်မြို့လုံးကိုခြုံငုံကြည့်လိုက်မယ်ဆိုရင် ပင်လယ်ရေတွေက မြန်မာအက္ခရာ ဂငယ်ပုံသဏ္ဌာန်နဲ့ ဝန်းရံနေကြတယ်။ ဒါကြောင့်လဲ နေရာတိုင်းမှာ အုန်းပင်ကြီးတွေ အများအပြားနဲ့ မှိုင်းမှိုင်းညို့ညို့ဖြစ်နေတယ်။ မိမိတို့မောင်နှမတွေကတော့ ငရုတ်ကောင်းမြို့မှာ ဝင်ရောက်လေ့လာလည်ပတ်ခြင်း မပြုသေးဘဲ သတ်မှတ်ခရီးစဉ်ဖြစ်တဲ့ ဂေါ်ရန်ဂျီကျွန်းကို ဆက်လက်သွားရောက်လိုက်ပါအုံးမယ်။

# President of the Republic of the Union of Myanmar U Min Aung Hlaing formally opens the Myanmar-China Investment and Trade Networking Summit" (MCITP – 2026) Shanghai, and discusses promotion of investment and trade between the two countries



**President U Min Aung Hlaing discusses promotion of investment and trade at the opening of the Myanmar-China Investment and Trade Networking Summit" (MCITP – 2026) Shanghai.**

**Nay Pyi Taw June 18**

The opening ceremony of the Myanmar-China Investment and Trade Networking Summit" (MCITP – 2026) Shanghai, held with the aim of optimizing the growth of Chinese direct investment in Myanmar within a five-year period from 2026 to 2030, and enhancing the export of Myanmar products to China, took place at Radisson Collection Lingang Shanghai Hotel in Lingang Special Area, Shanghai, this morning. President of the Republic of the Union of Myanmar U Min Aung Hlaing formally opened the ceremony and discussed the promotion of investment and trade between the two countries.

On arrival at the venue, the President was warmly welcomed by officials of the hotel by presenting a bouquet and Chinese traditional lion and dragon dances, and officials and members of the Myanmar-China Investment and Trade Promotion Association (MCITP), leaders and representatives of business organizations in China, entrepreneurs, and Myanmar-China businesspersons by waving the miniature flags on the both sides of the red carpet.

According to the agenda, the President formally opened the ceremony by pushing a digital button. The President and high-level Myanmar delegation, officials and members of the MCITP, leaders and representatives of business organizations in China, entrepreneurs, and Myanmar-China businesspersons posed for documentary photos in commemoration of the opening ceremony of the MCITP – 2026 Shanghai.


The President keenly looked around the exhibition room where Myanmar and Chinese companies displayed a large array of goods. He also raised queries on the reports of the officials who conducted him round the exhibition room.

A total of about 600 persons including members of the Myanmar delegation, the Myanmar Ambassador to PRC, the Myanmar Military Attache (Army, Navy and Air) and officials, officials and members of MCITP Association, and Myanmar and Chinese entrepreneurs were also present.

At the Myanmar-China Investment and Trade Networking Summit" (MCITP – 2026) Shanghai, sponsored by MCITP Association, Myanmar and Chinese companies displayed a large variety of products at the 35 booths. The display of a large variety of goods will lead to paving ways for identifying new areas for trade and investments cooperation between the two countries.

Afterward, the President met and delivered an address to the Myanmar and Chinese entrepreneurs attending the MCITP – 2026 Shanghai at the Dishui Lake Ballroom.

In his address, the President noted that Myanmar-China diplomatic relations, established on 8 June 1950, reached their 76th anniversary this month, following last year's 75th milestone. Myanmar and China are good neighbors characterized by enduring friendship and mutual dependence. Both nations are key partners in multi-sectoral strategic cooperation, dedicated to building a community with a shared future. Mutual friendship, respect, and trust serve as the firm foundation for bilateral cultural and economic cooperation.



**President U Min Aung Hlaing receives entrepreneurs attending Myanmar-China Investment and Trade Networking Summit (MCITP– 2026) Shanghai.**



**President U Min Aung Hlaing visits an exhibition booth.**

Myanmar formed a new government chosen by the people through democratic means on 10 April 2026. This new administration is prioritizing the promotion of economic cooperation with its strategic partners. Geographically, Myanmar serves as a strategic gateway for China's Belt and Road Initiative (BRI) and the China-Myanmar Economic Corridor (CMEC), providing a vital access point to the Indian Ocean.

*See Page 12*




**President U Min Aung Hlaing seen at the opening of the Myanmar-China Investment and Trade Networking Summit (MCITP – 2026) Shanghai.**

*From Page 11*

The current visit aims to promote practical cooperation that yields tangible benefits for the peoples of both countries through the BRI, CMEC, and the Regional Comprehensive Economic Partnership (RCEP), while enabling Myanmar to accelerate its regional economic cooperation.

He stated that likewise, it is also aimed at exploring and identifying opportunities for entrepreneurs from Myanmar to cooperate with business owners from Shanghai, which is an economic hub of China, stands at the top in global finance, trade, and technology sectors, and possesses the Shanghai Stock Exchange, Shanghai Port, advanced airports, and railway networks. He added that it is also intended to open up more trade routes to export more high-quality goods from Myanmar, such as rice, beans, maize, and fruits, according to the market demands of China, including Shanghai, and to discover good potentials for the development of Myanmar's technology sector by cooperating with Shanghai's advanced technology companies in digital economy, electronic commerce (E-commerce), and innovation sectors.

He also stated that due to its geographical location, Myanmar is situated in a strategic position within the rapidly growing ASEAN region and amidst a massive market between India and China, which have the world's largest populations, and Bangladesh, which also has a large population. He added that moreover, it is a country that possesses forests, mountains, water, land, and a climate well-suited for agricultural operations, and holds the largest amount of agricultural land in the Southeast Asian region. Furthermore, he noted that by utilizing such good foundations of agriculture and livestock breeding, policies are being laid down and implemented to become an agro-based industrial country. He also stressed that currently, only about 20 percent of Myanmar's agricultural land can be cultivated, and there is still a need for high yields. He expressed that China has advanced food production technology and a large market size, and Chinese entrepreneurs are already well-aware of their own country's market, consumer needs, and the standards of relevant departments. Therefore, he stated that by making joint venture investments in Myanmar's agriculture and livestock breeding sectors, Chinese entrepreneurs will be able to create a value chain that benefits both countries. Likewise, he mentioned that Myanmar is importing pharmaceuticals and medical equipment necessary for the country from abroad, and similarly, there is a domestic need to establish international-standard healthcare services. He concluded that China is a world leader in medical equipment manufacturing and flourishes in advanced healthcare services; therefore, as a bilateral cooperation, there are many opportunities to come and invest in medical equipment manufacturing and healthcare service operations.

He then stated that Myanmar is participating in the Belt and Road Initiative led by China. He added that primarily, Myanmar is involved in the Bangladesh-China-India-Myanmar (BCIM) Economic Corridor and the China-Indochina Peninsula Economic Corridor, which can utilize both land and water routes. Furthermore, he noted that under this initiative, the China-Myanmar Economic Corridor (CMEC), which can bring many mutual benefits, is being established and implemented, and the Kyaukphyu Special Economic Zone and Deep Sea Port Project, which is a key component of CMEC, is also being implemented. Therefore, he expressed that there are good opportunities to invest in Special Economic Zones (SEZs), industrial zones, and logistics infrastructure (Logistics Hubs) along these economic corridors. Finally, he mentioned that there are also potentials to cooperate using joint venture investment models in rebuilding and restoring infrastructure that was affected by the recent major Mandalay earthquake.

He stated that although Myanmar is an oil and gas producing country, it lacks advanced oil refining technology and is importing large quantities of fuel and petroleum products from abroad. He added that therefore, he wishes to invite Chinese investors into the oil refining and petroleum product manufacturing businesses. Furthermore, he noted that China is a world leader successful in new energy production, and Myanmar is encouraging and implementing environmentally friendly sustainable development by laying down electrical power policies and electric vehicle development policies. Finally, he expressed that therefore, there are many opportunities to cooperate in renewable energy production and electric vehicle manufacturing businesses.

Then, he stated that for the increased use of electric vehicles (EV) in Myanmar, the National-Level Committee on Development of Electric Vehicles and Associated Businesses was formed and the Electric Vehicle and Associated Businesses Development Policy (EV Policy) was shared. He added that customs duties have been reduced by percentage ratios for battery electric vehicles and related accessories such as EV chargers, spare parts, and batteries. Furthermore, he noted that they wish to promote investments related to electric public transportation services, electric taxi and cargo logistics services. Therefore, he expressed that he wishes to invite investments from China, which has already reached the top in the electric vehicle sector. He also mentioned that Myanmar is encouraging renewable energy production and is implementing solar power electricity generation operations. Finally, he invited investments to come and work in wind power renewable energy electricity generation and distribution operations, and stated that since such electric vehicle manufacturing and renewable energy electricity generation are Myanmar's priority sectors, tax exemptions and reliefs can also be enjoyed in accordance with the law.


Myanmar is actively inviting investment in energy infrastructure while prioritizing key sectors such as agriculture, livestock and agro-based manufacturing, renewable energy, education, healthcare, technology, and digital services. To address the country's current development needs, the government is also encouraging investment in fertilizer production, public transportation, electric vehicle manufacturing, cement and steel production, value-added agricultural and livestock products, as well as the manufacturing of pharmaceuticals and medical equipment. In addition, Myanmar is promoting advanced rubber processing, including the production of rubber-based tires and furniture using domestically sourced raw materials. The government remains committed to implementing economic reforms aimed at improving the country's business and investment environment by streamlining regulations and administrative procedures. It is also advancing the Myanmar Digital Roadmap 2030 to simplify and accelerate digital processes, while developing the 10,000-acre Yadanabon Cyber City project in the central mountainous region of Myanmar. With the rapid growth of e-commerce and digital services, Myanmar offers promising investment opportunities for Chinese businesses across a wide range of sectors.

Therefore, Chinese entrepreneurs have abundant opportunities to invest in Myanmar. Under the strategic “paukphaw” relationship between the two neighboring countries, there is considerable potential to expand cooperation not only in trade but also in investment, well beyond the current level. To fully realize these opportunities, both countries need to work more closely together to strengthen economic cooperation and promote greater investment between them.

We fully recognize that the ability to conduct business efficiently and seamlessly is of paramount importance to entrepreneurs. Therefore, I would like to share several measures that Myanmar has undertaken to facilitate trade and investment for our Chinese business partners. To promote and facilitate bilateral trade, Myanmar is giving priority not only to maritime trade but also to upgrading and reopening border trade checkpoints. In addition, the two countries are coordinating closely to sign Sanitary and Phytosanitary (SPS) Protocols to expand exports of agricultural products between Myanmar and China. Furthermore, to promote bilateral trade and ensure faster and more efficient cross-border transactions, Myanmar officially authorized the trading of the Chinese yuan through licensed banks and foreign exchange counters in 2021. Direct payments using the Myanmar kyat and the Chinese yuan have also been officially permitted in the Myanmar–China border region. As this system enables direct yuan–kyat settlements, it helps reduce transaction costs and will significantly facilitate not only bilateral trade but also broader economic cooperation between the two countries.

Myanmar is likewise making continuous efforts to create a more favorable investment environment. In this regard, I am pleased to inform you that, effective March 16, 2026, foreign investments in Myanmar can be made not only in US dollars but also in Chinese yuan, making it more convenient for Chinese entrepreneurs to invest in the country. To further strengthen investor confidence and protect investments, Myanmar fully implemented the Trademark Law, Industrial Design Law, Patent Law, *See Page 13*

# Secretary of the Zhejiang Provincial Committee of CPC calls on President of the Republic of the Union of Myanmar U Min Aung Hlaing on his State Visit to China



**President U Min Aung Hlaing receives Wang Hao, Secretary of the Zhejiang Provincial Committee of the Chinese Communist Party.**

**Nay Pyi Taw June 18**

President of the Republic of the Union of Myanmar U Min Aung Hkaing on his State Visit to China received Wang Hao, Secretary of the Zhejiang Provincial Committee of the Chinese Communist Party at Huajia Shanzhuang in Hangzhou of Zhejiang Province this afternoon.

At the meeting, the Secretary of Zhejiang Provincial Committee of CPC said that he would like to extend a warm and cordial welcome to Your Excellency President of the Republic of the Union of Myanmar on your State Visit to the People's Republic of China. He was also greatly honoured and delighted to have this opportunity to meet with Your Excellency, and on behalf of the more than 67 million residents of Zhejiang Province, he warmly welcome Your Excellency.

He continued that he was aware that Your Excellency places great importances on China-Myanmar friendship, and that Your Excellency and the Chinese President have already held many discussions and exchanges. He understands that this is Your Excellency's first visit to Zhejiang Province, and he would like to present some information about the province. Zhejiang Province is a region with a large volume of imports and exports. It also possesses numerous high-quality, innovation-driven industries and has strong economic development. Co-operation and relations between China and Myanmar are rapidly strengthening, and economic and cultural cooperation between Zhejiang Province and Myanmar is also becoming increasingly deep. The government of Zhejiang Province will work to successfully implement the agreements reached between the two countries. It will also continue necessary engagements, discussions, and exchanges in order to further increase investment and trade in Myanmar.

In response, the President stated that he is also pleased to receive such a warm and cordial welcome for the delegation I am leading, and to have the opportunity to visit and study Zhejiang Province, which is beautiful, pleasant, and full of greenery. No matter how times and circumstances change, the friendship between the two countries continues to grow stronger. Only when the peoples of both countries are close in heart can deeper trust be built in other areas as well. Therefore, people-to-people exchanges should be further strengthened.

The President and the Secretary of Zhejiang Provincial Committee of CPC cordially exchanged views on the promotion of cooperation between the two countries, and the measures to enhance trade and investment in technology, textiles, agriculture and tea, and energy sectors.

Also present at the meeting were members of the high-level Myanmar delegation which accompanied the President, Myanmar Ambassador to the People's Republic of China U Zaw Win Myint and officials. The Secretary of Zhejiang Provincial Committee of CPC was accompanied by Chinese Ambassador to Myanmar Ms Ma Jia and officials.

After the meeting, the President and the Secretary cordially greeted each other. The President and party had dinner hosted by the Secretary of Zhejiang Provincial Committee of CPC. MNA

---

*From Page 12*

and Copyright Law in 2024. In addition, Myanmar and China have signed an agreement on the promotion and protection of investments, providing a stronger legal framework to safeguard investments and encourage greater bilateral investment cooperation.

To further strengthen Myanmar–China bilateral investment, we invite Chinese entrepreneurs to invest in priority sectors, including agriculture- and livestock-based value-added manufacturing, medical equipment production, electrical equipment manufacturing, power generation, electric vehicle manufacturing, oil and petroleum product processing, as well as e-commerce and digital services. At the same time, Myanmar is committed to promoting investment in a manner that ensures both sustainable ecosystem protection and balanced economic development. We will safeguard responsible Chinese investments in accordance with Myanmar's laws, regulations, and established procedures. The government will continue to facilitate investment by Chinese businesses while placing greater emphasis on expanding bilateral trade and investment for the mutual benefit of both countries.

Myanmar serves as a bridge linking China to the Indian Ocean exit for strategic and economic development potentials of China. It is heartening to have the opportunity to discuss the friendly cooperation between Myanmar and China through thick and thin and future potentials at today's summit. Choices and investments can be made in the sectors that can most effectively combine the market and high-tech of China and the strategic location and natural and human resources of Myanmar. We would like to invite investment from China to promote bilateral economic cooperation and trade and investment at today's summit. There are markets of neighboring and other countries to which products can be exported through Myanmar and potentials to boost trade and investment via Kyaukphyu Deep Sea Port. Conditions for equal partnership and long-term mutual benefits must be created. It is believed that the two countries can join hands and create a prosperous future for peoples of the two countries forever by opening a new page of history together.

Then, Myanmar-China businessmen discussed preparedness and reduction of risks of natural disasters and post-earthquake rehabilitation in Myanmar, potentials for cooperation in the sectors including agriculture, hydropower, construction of deep sea ports and human resources development in Myanmar and matters related to policy support for investments in Myanmar and asked questions about matters of interest.

Concerning the discussions, union ministers Dr Kan Zaw and Dr Charlie Than responded to operational issues and the President joined the response by saying it is necessary to cooperate for security and stability of areas to resume projects that have been delayed due to various reasons and will benefit the people of the two countries as soon as possible. Myanmar wants to cooperate with China in nurturing human resources in space technologies and welcomes the invitation for cooperation. It can be seen that technologies in all sectors in China have advanced with momentum and it is advisable that investments made with advanced technologies will benefit the people of Myanmar and consolidate the market in investing in Myanmar.

Afterward, the President also held exclusive discussions with entrepreneurs attending "Myanmar-China Investment and Trade Networking Summit" (MCITP – 2026) Shanghai and talked about boosting economic enterprises in various sectors including trade and investment.

After the discussions, the President enjoyed the luncheon together with the entrepreneurs and guests were entertained with music and dances relating to Myanmar traditional culture and the Myanmar economy during the luncheon.

Then, the President left the summit and was warmly greeted by officials and members of the MCITP and Myanmar-China business entrepreneurs. MNA

---

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# High-level Myanmar delegation led by President of Republic of Union of Myanmar U Min Aung Hlaing visits Shanghai Lingang Special Area



President U Min Aung Hlaing visits Shanghai Lingang Special Area.

**Nay Pyi Taw June 18**

The high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing visited the Shanghai Lingang Special Area this afternoon. The visit is part of a State Visit to the People's Republic of China at the invitation of Chinese President Xi Jinping.

Upon arrival at the Dishui Cloudhall Planning Exhibition Centre within the Lingang Special Area, the President and delegation were warmly welcomed by Mr. Zhao Yihuai, Vice Chairman of the Lingang Special Area Party Working Committee, along with other officials.

Inside the exhibition centre, the vice chairman and officials briefed the delegation on the development progress of the Lingang Special Area and screened a documentary video clip highlighting its growth.

The President and members of the delegation then toured the exhibition displays, including the history and overview of the district, plans for deep-water port construction, industrial zone development models, cooperation between Tesla and Shanghai Automotive, as well as aerospace and advanced technology equipment exhibits. The President also asked questions and discussed matters of interest with officials.

The Lingang Special Area is located east of Jinhai Port, between Xiaoyangshan Island to the east and the south of Pudong International Airport, with a total area of 819 square kilometers. It is an internationally recognised free trade zone designed to facilitate foreign investment, trade operations, and import-export activities through an efficient transport network. It includes several pilot development zones such as Nanhui New City, Lingang Equipment Industrial Zone, Xiaoyangshan Island, and the southern area of Pudong Airport. Nanhui New City is planned as a circular city with Dishui Lake at its centre. The Lingang Equipment Industrial Zone is a national-level industrial zone focusing on large-scale equipment manufacturing, while Xiaoyangshan Island is being developed into a zone supporting cross-border logistics, transport, and aviation services under the free trade framework.

Later, the Myanmar delegation departed from Hongqiao Railway Station to Hangzhou East Railway Station aboard High-Speed Railway G23. They were seen off by the Deputy Mayor of Shanghai and other officials.

During the train journey from Shanghai to Hangzhou, the President observed developments in China's railway transport system, urban construction projects, agricultural activities, use of green energy, and the overall landscape along the route.

Upon arrival at Hangzhou East Railway Station, the delegation was warmly welcomed by the Deputy Mayor of Hangzhou and relevant officials. MNA

# Xinhua Headlines: G7 summit ends without communique, exposing deepening divisions

**Evian June 18**

The three-day Group of Seven (G7) summit concluded Wednesday in Evian, France, amid visible divisions among member states, as leaders struggled to bridge differences on major international and economic issues.

Although the summit produced a series of thematic outcomes, it once again failed to deliver a unified final communique, highlighting growing challenges to consensus-building within the bloc.

Chaired by France, the G7 summit concluded without issuing a final communique, marking the second consecutive year that the bloc has failed to produce a unified closing document, following a similar outcome under Canada's chairmanship in 2025.

Instead, nine thematic deliverables were released, covering areas such as geopolitics, the global economy and public health. Summit organizers had already abandoned the idea of a final communique during the preparatory phase, opting instead to publish thematic documents to mask differences between the United States and its allies, Kyodo News reported, citing diplomatic sources.

French President Emmanuel Macron described the summit as "objectively a success," while acknowledging persistent differences between the United States and the other six members on issues such as climate change and the United Nations. Xinhua




Participants pose for photos during the Group of Seven (G7) summit in Evian-les-Bains, France, June 16, 2026.

# AU welcomes U.S.-Iran peace deal as "important step" to stability in Middle East

**Addis Ababa June 18**

The African Union (AU) Commission on Thursday welcomed the peace agreement signed between the United States and Iran.

In a statement, Chairperson of the AU Commission Mahmoud Ali Youssouf described the signing of the peace accord as "an important step" towards ending hostilities, reducing tensions, and advancing lasting peace and stability in the Middle East.

"This agreement demonstrates the power of dialogue and diplomacy in resolving conflicts and building trust between nations," Youssouf said. "It offers renewed hope for peace, stability, and cooperation in a region whose security and prosperity have global significance."

He commended the leadership and constructive engagement of all parties involved, recognizing the important mediation and facilitation efforts of Pakistan, Oman, and Qatar in helping to advance dialogue and build confidence between the parties.

Youssouf further expressed his hope that the agreement would pave the way for lasting peace, regional stability, and enhanced international cooperation, which is consistent with the AU's commitment to the peaceful resolution of disputes through dialogue and diplomacy.

He reiterated that the 55-member continental organization stands ready to support all initiatives that advance peace, cooperation, and mutual respect among nations.

The United States and Iran have reached a memorandum of understanding (MoU) to end hostilities, lift the blockade of the Strait of Hormuz, and halt military operations across multiple fronts. Xinhua

# Military columns accelerate security operations to reopen and regain Control of Kale-Tamu route







**Military columns recapturing villages along the Kale–Tamu route that had been temporarily under the control of terrorists.**

**Nay Pyi Taw June 18**

The Tatmadaw is cooperating with the government and local residents in regional development efforts, alongside its national defence and security duties, to ensure peace and stability in the region, enable the public to live in tranquility, and foster socioeconomic progress.

In this regard, efforts are being made to reopen and regain control of the Kale–Tamu route, a vital cross-border trade link between Myanmar and India. To achieve this, military columns have been undertaking security operations in stages since June 7. Columns were divided and advanced in a balanced manner from both ends. The column advancing from Kale town successfully recaptured and secured Razagyo village and the area around the Razagyo reservoir, while the column advancing from Tamu town recaptured and secured Yan Lin Paing village and its surrounding areas, as announced earlier.

Continuing their efforts to reopen the Kale–Tamu communication route as quickly as possible, military columns have accelerated security operations. The column advancing from Kale town recaptured and secured Yan Myo Aung village on June 15, Sawbwa Yeshin village on June 16, and Kyon Taw Yeshin village on June 17, successively regaining control over these areas.

During the temporary occupation of these villages by insurgent terrorists, it was observed that they had built bunkers with sandbags at residents' homes, religious buildings, and public structures; laid mines within the villages; and dug defensive trenches within compound walls, using them as fortified defensive positions and military outposts.

Military columns will carry out rehabilitation work, including clearing debris and mines caused by the destruction wrought by terrorists, to enable local residents to return and resettle as soon as possible. Security operations will continue at full speed to expedite the reopening of the Kale–Tamu communication route and swiftly restore the socioeconomic livelihood of the local population.

100

# Tatmadaw columns take control of Lapoh Village while carrying out security measures to reopen Kalewa-Yagyi-Monywa route temporarily controlled by terrorists







**A view of the bodies, weapons, ammunition, and related materiel seized by military columns from terrorists along the Kalewa–Yagyi–Monywa route.**

**Nay Pyi Taw June 18**

Since national stability and peace are essential for implementing regional development activities, the Tatmadaw is working, under the guidance of the Government, to retake and control areas temporarily held by terrorist groups and to carry out development and rehabilitation works in those regions. In addition, it is also carrying out security operations to enable the swift flow of goods between regions by reopening trade routes. Tatmadaw columns are making efforts to regain control and reopen the Kalewa-Yagyi-Monywa road section, which is part of the Myanmar-India Friendship Road, from areas temporarily controlled by terrorist groups.


The Kalewa-Yagyi-Monywa road is a 115 miles long asphalt facility. It is a highly important trade route for the flow of goods between India and Myanmar. It connects directly from the Tamu-Kalay border trade route to the Monywa-Mandalay road, allowing goods to be transported more quickly and smoothly while saving time.

Along the Kalewa-Yagyi-Monywa road, which is capable of facilitating the rapid transportation of goods, PDF terrorist groups have entered and taken up positions in villages along the route, using them as bases. They have reportedly been collecting extortion money from cargo trucks and passenger vehicles travelling along the route, as well as engaging in kidnapping, abduction, and killings, and burning vehicles. They have also been illegally extracting timber, which is one of the country's valuable natural resources, and transporting restricted goods for their own benefit. As a result, the route has been temporarily closed and placed under restriction since 25 June 2023. Consequently, local people have been living in a state of insecurity and fear without peace and stability.

Therefore, after Tatmadaw columns had taken security measures for regional stability first in Yinmarbin and Pale to control and reopen the Kalewa-Yagyi-Monywa road and necessary redeployment tasks were carried out, the military columns were redeployed and security operations were launched as of 2 June, 2026. The military columns were able to recapture Yelekyun village on 2 June, Kyauklonegyi Tesu village on 3 June, Chaungma village and Aungmingalar village on 6 June, Thityarbin junction on 7 June, Thityarbin village on 8 June, Wingone village on 9 June, Nyaungbinle village on 11 June and Yagyi village on 13 June phase by phase. Via Kunyebin, the Tatmadaw columns launched clearance operations to Lapoh village temporarily controlled by terrorist insurgents on 15 June and were able to recapture the village on 18 June.

During the clearance operations along the route, the Tatmadaw columns had to fight skirmishes against terrorist insurgents, capturing bodies of terrorist insurgents, three home-made fixed wing drones, six home-made remote landmines, 18 home-made rockets, 16 home-made grenades, 25 home-made mines, seven boxes of gun powder, 16 packages of gun powder, accessories and temporary bases, forcing joint teams of terrorist insurgents to flee in chaos after suffering enormous casualties.

As the Tatmadaw columns were able to recontrol villages along Kalewa-Yagyi-Monywa road, local residents will be able not only to repossess safe and peaceful lives but also to resume their own businesses while the education of school-aged children and healthcare and socioeconomic development of local residents can be implemented again. The Tatadaw columns will carry out demining tasks for landmines laid by joint teams of terrorist insurgents and are exerting continued efforts to recontrol and reopen the Kalewa-Yagyi-Monywa road as soon as possible in cooperation with local residents. 100






## စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "Myanmar–China Investment and Trade Networking Summit" (MCITP – 2026) Shanghai ကို ဒစ်ဂျစ်တယ်စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

**မြန်မာ-တရုတ် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံတန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဆေးပစ္စည်းကိရိယာထုတ်လုပ်မှု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်မှု၊ ရေနံနှင့် ရေနံထွက်ပစ္စည်းထုတ်လုပ်မှု၊ e-commerce နှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများ၌ တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အထူးဖိတ်ခေါ်လို . . .**

ရှေ့ဖုံးမှအဆက်

တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပိုမိုမြှင့်တင်နိုင်ရေးအတွက် ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိလာရာ ဟိုတယ်မှတာဝန်ရှိသူများက ပန်းစည်းကမ်း၍လည်းကောင်း၊ တရုတ်ရိုးရာခြင်္သေ့၊ နဂါးရိုးရာအကများဖြင့်လည်းကောင်း၊ မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)မှ တာဝန်ရှိသူများနှင့်အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံ၏ စီးပွားရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်ကြီးများ၊ မြန်မာ-တရုတ်စီးပွားရေး လုပ်ငန်းရှင်များက ကော်ဇောနီ၏တစ်ဖက်တစ်ချက်စီမှ နှစ်နိုင်ငံအလံများကိုဝှေ့ယမ်း၍ လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်သမ္မတသည် "Myanmar–China Investment and Trade Networking Summit"(MCITP–2026) Shanghaiကို ဒစ်ဂျစ်တယ်စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊တရုတ်နိုင်ငံ၏ စီးပွားရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်ကြီးများ မြန်မာ-တရုတ်စီးပွားရေးလုပ်ငန်းရှင်များသည် "Myanmar–China Investment and Trade Networking Summit"(MCITP–2026) Shanghai ဖွင့်ပွဲအထိမ်းအမှတ်စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် "Myanmar–China Investment and Trade Networking Summit" (MCITP–2026) Shanghaiအတွင်း မြန်မာ-တရုတ်ကုမ္ပဏီများမှ ကဏ္ဍစုံလင်စွာခင်းကျင်းပြသထားသည့်ပြခန်းများကို စိတ်ပါဝင်စားစွာလိုက်လံကြည့်ရှုလေ့လာခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ "Myanmar–China Investment and Trade Networking Summit" (MCITP–2026) Shanghai ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)မှ တာဝန်ရှိသူများနှင့်အဖွဲ့ဝင်များ၊ မြန်မာ-တရုတ်စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်းလူဦးရေ ၆၀၀ ခန့် တက်ရောက်ကြသည်။

အဆိုပါ မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)မှ ကြီးမှူးကျင်းပသည့် "Myanmar–China Investment and Trade Networking Summit" (MCITP – 2026) Shanghai တွင် မြန်မာ-တရုတ်ကုမ္ပဏီများမှပြခန်းပေါင်း ၃၅ ခန်းကို ကဏ္ဍစုံလင်စွာဖြင့် ခင်းကျင်းပြသထားရှိပြီး ယခုကဲ့သို့ နှစ်နိုင်ငံထုတ်ကုန်ပစ္စည်းများကို ပြသနိုင်ခြင်းအားဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍသစ်များ တိုးချဲ့ပူးပေါင်းဆောင်ရွက်မှုလမ်းကြောင်းများကို ပိုမိုဖြစ်ပေါ်လာစေမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် "Myanmar–China Investment and Trade Networking Summit" (MCITP – 2026) Shanghai သို့ တက်ရောက်လာကြသည့် မြန်မာ-တရုတ်စီးပွားရေးလုပ်ငန်းရှင်များကို Dishui Lake Ballroom ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုသို့ အမှာစကားပြောကြားရာတွင် ၁၉၅၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် စတင်ခဲ့သည့် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် ၇၅ နှစ်မြောက် စိန်ရတုမှတ်တိုင်ကိုပင်ကျော်လွန်ကာ ယခုဇွန်လတွင် ၇၆ နှစ်ပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံသည် အစဉ်ချစ်ကြည်ရင်းနှီးသည့် အပြန်အလှန်အမှီပြုနေသည့် အိမ်နီးချင်းကောင်းများဖြစ်ပါကြောင်း၊ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရာတွင် အရေးပါသည့် အဖွဲ့ဝင်နိုင်ငံများဖြစ်သကဲ့သို့ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများလည်းဖြစ်ကြပါကြောင်း၊ ထိုကဲ့သို့ နှစ်နိုင်ငံအပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ လေးစားယုံကြည်မှုတို့သည် မိမိတို့နှစ်နိုင်ငံယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခရီးလမ်းအတွက် ခိုင်မာလှသည့် အခြေခံအုတ်မြစ်ကြီးတစ်ခုဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့်အစိုးရသစ်ကို ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ အစိုးရသစ်အနေဖြင့် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထဝီအနေအထားအရ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ရပ်ဝန်းနှင့် ပိုးလမ်းမကြီး(Belt and Road Initiatives–BRI) စီမံကိန်းနှင့် မြန်မာ-တရုတ်စီးပွားရေးစင်္ကြံ(CMEC)တွင် မဟာဗျူဟာမြောက် ဝင်ပေါက်(Strategic Gateway)၊ အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့်နေရာတစ်ခုဖြစ်ပါကြောင်း။

ယခုခရီးစဉ်သည် တရုတ်နိုင်ငံ၏ "Belt and Road" Initiatives စီမံကိန်း၊ မြန်မာ-တရုတ်စီးပွားရေးစင်္ကြံစီမံကိန်းများ၊ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP)တို့မှတစ်ဆင့် နှစ်နိုင်ငံပြည်သူများကို အကျိုးပြုစေမည့်ရလဒ်များဖြစ်ပေါ်စေရေး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဖော်ဆောင်ရန်နှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရန် လာရောက်ခြင်းဖြစ်ကြောင်း။

ထို့အတူ တရုတ်နိုင်ငံ၏စီးပွားရေးအချက်အချာလည်းဖြစ်သကဲ့သို့ ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေး၊ ကုန်သွယ်မှုနှင့် နည်းပညာကဏ္ဍများတွင် ထိပ်တန်းမှရပ်တည်နေသည့်အပြင် ရှန်ဟိုင်းစတော့အိတ်ချိန်းနှင့် ရှန်ဟိုင်းဆိပ်ကမ်း၊ အဆင့်မြင့်လေဆိပ်၊ မီးရထားလမ်းကွန်ရက်များပိုင်ဆိုင်ထားသည့် ရှန်ဟိုင်းမြို့မှ လုပ်ငန်းရှင်များနှင့် မိမိတို့မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ အတူတကွပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်နိုင်ရန်လည်းဖြစ်ပါကြောင်း၊ ရှန်ဟိုင်းအပါအဝင် တရုတ်နိုင်ငံ၏ ဈေးကွက်လိုအပ်ချက်အရ မြန်မာနိုင်ငံမှ အရည်အသွေးမြင့်ကုန်စည်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်း၊ သစ်သီးဝလံတို့ကိုပိုမိုတင်ပို့နိုင်မည့်ကုန်သွယ်မှုလမ်းကြောင်းများ ပိုမိုပွင့်လန်းလာစေရန်နှင့်ဒစ်ဂျစ်တယ်စီးပွားရေး(Digital Economy)၊ အီလက်ထရွန်နစ်ကုန်သွယ်မှု(E–commerce) နှင့် ဆန်းသစ်တီထွင်မှု(Innovation) အပိုင်းများတွင် ရှန်ဟိုင်း၏အဆင့်မြင့်နည်းပညာကုမ္ပဏီများနှင့်ပူးပေါင်းပြီး မြန်မာ့နည်းပညာကဏ္ဍဖွံ့ဖြိုးရေးအတွက်အလားအလာကောင်းများဖော်ထုတ်နိုင်ရေးအတွက်လည်း ရည်ရွယ်ပါကြောင်း။


မြန်မာနိုင်ငံသည် သဘာဝတည်နေရာအရ ကမ္ဘာ့လူဦးရေအများဆုံး အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လူဦးရေများပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ကြီးမားသည့်ဈေးကွက်နှင့် လျင်မြန်စွာတိုးတက်နေသည့် အာဆီယံဒေသတွင်း၏ အချက်အချာကျသည့် နေရာတွင်ရှိနေပါကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်း ကောင်းစွာဆောင်ရွက်နိုင်သည့် တော၊ တောင်၊ ရေ၊ မြေ၊ ရာသီဥတုရှိပြီး အရှေ့တောင်အာရှဒေသတွင် လယ်ယာမြေအများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပါကြောင်း၊ထိုကဲ့သို့ စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများကို အသုံးချပြီး စိုက်ပျိုးရေးအခြေခံစက်မှုနိုင်ငံဖြစ်စေရေး မူဝါဒချမှတ်ဆောင်ရွက်နေပါကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံစိုက်ပျိုးမြေ၏ ၂၀ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးနိုင်လျက်ရှိပြီး အထွက်နှုန်းမြင့်မားရန် လိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာမြင့်မားပြီး၊ ဈေးကွက်အရွယ်အစားကြီးမားပါကြောင်း၊ တရုတ်လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိနိုင်ငံ၏ ဈေးကွက်၊ စားသုံးသူလိုအပ်ချက်၊ သက်ဆိုင်ရာဌာနများ၏ စံသတ်မှတ်ချက်များကို ပိုမိုသိရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် တရုတ်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးရှိစေမည့် Value Chain ကို ဖန်တီးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းအတွက် လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများကို ပြည်ပကတင်သွင်းလျက်ရှိပါကြောင်း၊ အလားတူ နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများရှိလာစေရေး ပြည်တွင်း၌ လိုအပ်ချက်ရှိနေပါကြောင်း၊ တရုတ်နိုင်ငံသည် ဆေးပစ္စည်းကိရိယာထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှုများ ထွန်းကားပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင်လာရောက်ရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းများစွာရှိပါကြောင်း။

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကအားဖြင့် မြန်မာနိုင်ငံအနေဖြင့် ကုန်းလမ်းနှင့် ရေလမ်းနှစ်မျိုးစလုံးအသုံးပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာ(BCIM) စီးပွားရေးစင်္ကြံနှင့် တရုတ်–အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံတို့တွင် ပါဝင်ပတ်သက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းအောက်တွင် နှစ်နိုင်ငံအကျိုးကျေးဇူးများစွာရရှိစေနိုင်မည့် တရုတ်–မြန်မာစီးပွားရေးစင်္ကြံ(China–Myanmar Economic Corridor–CMEC)ကို တည်ထောင်ဆောင်ရွက်လျက်ရှိပြီး CMEC ၏ အဓိကကျသည့် အစိတ်အပိုင်းဖြစ်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အဆိုပါစီးပွားရေးစင်္ကြံများတစ်လျှောက် အထူးစီးပွားရေးဇုန်များ(SEZs)၊ စက်မှုဇုန်များနှင့် ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံ(Logistics Hubs)များတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ရှိနေပါကြောင်း၊ ထို့ပြင် ပြီးခဲ့သည့် မန္တလေးငလျင်ကြီး၏ သက်ရောက်မှုခံခဲ့ရသည့်အခြေခံအဆောက်အအုံများ ပြန်လည်ဖြည့်ဆည်းထူထောင်ရာတွင်လည်း ဖက်စပ်ရင်းနှီးမြှုပ်နှံမှုပုံစံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများလည်းရှိပါကြောင်း။


မြန်မာနိုင်ငံအနေဖြင့် ရေနံနှင့် ဓာတ်ငွေ့

ထွက်ရှိသည့်နိုင်ငံဖြစ်သော်လည်း ရေနံသန့်စင်ထုတ်လုပ်သည့် အဆင့်မြင့်နည်းပညာလိုအပ်ချက်ရှိပြီး လောင်စာဆီနှင့် ရေနံထွက်ပစ္စည်းများကို ပြည်ပမှ အမြောက်အမြားတင်သွင်းလျက်ရှိပါကြောင်း၊ ထို့ကြောင့် ရေနံသန့်စင်ထုတ်လုပ်ခြင်းနှင့် ရေနံထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများတွင် တရုတ်ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လိုကြောင်း၊ တရုတ်နိုင်ငံသည် စွမ်းအင်သစ်ထုတ်လုပ်မှုတွင်အောင်မြင်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး မိမိတို့မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအားမူဝါဒ၊ လျှပ်စစ်မော်တော်ယာဉ်ဖွံ့ဖြိုးရေးမူဝါဒများကို ချမှတ်ကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးဖော်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ခြင်းနှင့် လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်အခွင့်အလမ်းများစွာရှိနေပါကြောင်း။

မြန်မာနိုင်ငံတွင် လျှပ်စစ်သုံးယာဉ်များ (EV) တိုးတက်အသုံးပြုနိုင်ရေးအတွက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "Myanmar–China Investment and Trade Networking Summit" (MCITP – 2026) Shanghai သို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "Myanmar–China Investment and Trade Networking Summit"(MCITP – 2026) Shanghai အတွင်း မြန်မာ–တရုတ် ကုမ္ပဏီများမှ ကဏ္ဍစုံလင်စွာခင်းကျင်းပြသထားသည့်ပြခန်းများကို စိတ်ပါဝင်စားစွာလိုက်လံကြည့်ရှုလေ့လာစဉ်။

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကိုဖွဲ့စည်းခဲ့ပြီး လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ(EV Policy)ကိုထုတ်ပြန်ခဲ့ပါကြောင်း၊ ဘက်ထရီလျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် EV Charger၊ Spare Parts နှင့် Battery တို့ကို ရာခိုင်နှုန်းအချိုးအလိုက်အကောက်ခွန်နှုန်းများလျှော့ချပေးထားပါကြောင်း၊ လျှပ်စစ်သုံးအများပြည်သူသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ (Electric Public Transportation Services)၊ လျှပ်စစ်တက္ကစီနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ(Electric Taxi & Cargo Logis–tics Services)နှင့်သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း မြှင့်တင်ဆောင်ရွက်လိုပါကြောင်း၊ ထို့ကြောင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍတွင် ထိပ်တန်းရောက်နေပြီဖြစ်သည့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုပါကြောင်း၊မြန်မာနိုင်ငံအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုကို အားပေးလျက်ရှိပြီး နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လေစွမ်းအင်အသုံးပြုသည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ၌လည်း လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန်ဖိတ်ခေါ်လိုပါကြောင်း၊ အဆိုပါလျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများသည် မြန်မာနိုင်ငံ၏ဦးစားပေးကဏ္ဍများဖြစ်သည့်အတွက် ဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များကိုလည်း ခံစားရရှိနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေး၊ နည်းပညာနှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးအဖြစ် သတ်မှတ်ဖိတ်ခေါ်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံ၏လက်ရှိလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဓာတ်မြေသြဇာထုတ်လုပ်ခြင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းများကိုလည်း အားပေးဖိတ်ခေါ်လျက်ရှိကြောင်း၊ ထို့ပြင်ပြည်တွင်းထွက်ကုန်များကို အခြေခံသည့် အဆင့်မြင့်ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံတာယာနှင့် ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင်အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ရွေးကောက်ခံအစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရေးအတွက် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို အလေးထားဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် စည်းမျဉ်းလုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်ပြီး၊ လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒစ်ဂျစ်တယ်စနစ်(Digital Transformation)သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာ မြန်မာဒစ်ဂျစ်တယ်လမ်းပြမြေပုံ ၂၀၃၀ ကို ရေးဆွဲဖော်ဆောင်လျက်ရှိကြောင်း၊ ထို့အတူ မြန်မာနိုင်ငံအလယ်ပိုင်းတောင်ပေါ်ဒေသတွင် မြေရိယာဧက ၁၀၀၀၀ ခန့်ကျယ်ဝန်းသည့်ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအဖြစ် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထို့ကြောင့် e-commerce နှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအားကောင်းပြီးဖြစ်သည့် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန်အတွက် အခွင့်အလမ်းများစွာရှိနေပြီး အိမ်နီးချင်းဆွေမျိုးပေါက်ဖော်မဟာဗျူဟာမြောက် ဆက်ဆံရေးတို့အရ နှစ်နိုင်ငံကုန်သွယ်မှုသာမက ရင်းနှီးမြှုပ်နှံမှုတွင် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများအနေဖြင့် လက်ရှိအခြေအနေထက်များစွာတိုးတက်ရန်ရှိနေကြောင်း၊ အဆိုပါအလားအလာများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို ပိုမိုနီးကပ်စွာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စီးပွားရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာချိတ်ဆက်လုပ်ကိုင်နိုင်ရေးသည် လုပ်ငန်းရှင်များအတွက် အရေးကြီးသည်ကို ကောင်းစွာသိရှိပါကြောင်း၊ ထို့ကြောင့် ဆက်လက်ပြီး မိမိတို့၏မိတ်ဖက် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး ဆောင်ရွက်ချက်အချို့ကို မျှဝေလိုပါကြောင်း၊နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရန်နှင့် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ပင်လယ်ရေကြောင်းကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်ရေးစခန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံလယ်ယာထွက်ကုန်များ ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် နှစ်နိုင်ငံအကြား SPS Protocol များ လက်မှတ်ရေးထိုးနိုင်ရေးအပြန်အလှန်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ တရုတ်နှင့် မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေးအတွက် ၂၀၂၁ ခုနှစ်တွင် ယွမ်ငွေကို မြန်မာနိုင်ငံအတွင်း လိုင်စင်ရဘဏ်များနှင့် ငွေလဲကောင်တာများတွင် တရားဝင်ရောင်းဝယ်ခွင့်ပြုခဲ့ပြီး မြန်မာ–တရုတ်နယ်စပ်ဒေသတွင် မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေကို တရားဝင်တိုက်ရိုက် အသုံးပြုပေးချေခွင့်ပြုခဲ့ပါကြောင်း၊ ယင်းစနစ်သည် နှစ်နိုင်ငံငွေကြေးဖြစ်သည့် ယွမ်–ကျပ် တိုက်ရိုက်ငွေပေးချေမှုဖြစ်သည့်အတွက် စရိတ်စကသက်သာစွာဖြင့် ဆောင်ရွက်နိုင်ပြီး နှစ်နိုင်ငံကုန်သွယ်မှုသာမကနှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

အလားတူ ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေးအတွက် မိမိတို့အနေဖြင့် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ် မတ် ၁၆ ရက်မှစပြီး မိမိတို့မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အမေရိကန်ဒေါ်လာဖြင့်သာမက ယွမ်ငွေကြေးဖြင့်လည်း စတင်လက်ခံဆောင်ရွက်နေပြီဖြစ်သည့်အတွက် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ပိုမိုလွယ်ကူအဆင်ပြေနိုင်မည်ဖြစ်ကြောင်းကို အသိပေးလိုပါကြောင်း၊ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်ရေးအတွက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေတို့သည် ၂၀၂၄ ခုနှစ်မှာ အပြည့်အဝအသက်ဝင်လည်ပတ်နေပြီဖြစ်သည့်အပြင် မြန်မာ–တရုတ် **စာမျက်နှာ ၁၈ သို့**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "Myanmar–China Investment and Trade Networking Summit" (MCITP – 2026) Shanghai အခမ်းအနားသို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် နေ့လယ်စာအတူတကွသုံးဆောင်နေစဉ်အတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အတီးများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**တရုတ်နိုင်ငံ၏ ဈေးကွက်၊ အဆင့်မြင့်နည်းပညာများနှင့် မြန်မာနိုင်ငံ၏ တည်နေရာအချက်အချာ၊ သဘာဝသယံဇာတအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်တို့ကို အထိရောက်ဆုံးပေါင်းစပ်နိုင်မည့်ကဏ္ဍများကိုရွေးချယ်ကာ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်၊ သမိုင်းစာမျက်နှာသစ်ကို အတူတကွဖွင့်လှစ်နိုင်ပြီး နှစ်နိုင်ငံ ပြည်သူများအတွက်လည်း ဖွံ့ဖြိုးဝေစည်သည့် အနာဂတ်ကို အစဉ်လက်တွဲဖော်ဆောင်နိုင်မည်ဟု ယုံကြည် . . .**

စာမျက်နှာ ၁၇ မှအဆက်

နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုထားပါကြောင်း။

ထို့ကြောင့် မြန်မာ-တရုတ် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဆေးပစ္စည်းကိရိယာထုတ်လုပ်မှု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်မှု၊ ရေနံနှင့် ရေနံထွက်ပစ္စည်းထုတ်လုပ်မှု၊ e-commerce နှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများ၌ တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အထူးဖိတ်ခေါ်လိုကြောင်း၊ မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် ရေရှည်တည်တံ့မည့်ဂေဟစနစ်နှင့် စီးပွားရေးဟန်ချက်ညီမှုကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပြီး တာဝန်ယူမှုရှိသည့်တရုတ်ရင်းနှီးမြှုပ်နှံမှု(Responsible Investment) လုပ်ငန်းများကို ပြည်တွင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကာအကွယ်ပေးမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင်ရှိသည့် တရုတ်ရင်းနှီးမြှုပ်နှံသူများ၏ အဆင်ပြေချောမွေ့စေရေးကိုလည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ မဟာဗျူဟာနှင့် စီးပွားရေးတိုးတက်မှုအလားအလာများအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်သို့ ဆက်သွယ်ချိတ်ဆက်ပေးထားသည့် ပေါင်းကူးတံတားသဖွယ်ဖြစ်ပါကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြားအေးအတူ ပူအမျှ ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုဖြစ်ထွန်းလာနိုင်သည့် အနာဂတ်အလားအလာများကို ဆွေးနွေးခွင့်ရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ တရုတ်နိုင်ငံ၏ ဈေးကွက်၊ အဆင့်မြင့်နည်းပညာများနှင့် မြန်မာနိုင်ငံ၏ တည်နေရာအချက်အချာ၊ သဘာဝသယံဇာတအရင်းအမြစ်၊လူ့စွမ်းအားအရင်းအမြစ်တို့ကို အထိရောက်ဆုံးပေါင်းစပ်နိုင်မည့် ကဏ္ဍများကိုရွေးချယ်ကာ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ပါကြောင်း၊ ယနေ့တွေ့ဆုံမှုမှတစ်ဆင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးအတွက် တရုတ်နိုင်ငံမှလာရောက်ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်လိုပါကြောင်း၊ မိမိတို့နိုင်ငံမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ ပြန်လည်တင်ပို့ရောင်းချနိုင်သည့် ဈေးကွက်လည်းရှိပြီး ကျောက်ဖြူရေနက်စီမံကိန်းမှတစ်ဆင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ပါကြောင်း၊ နှစ်နိုင်ငံကြားသာတူညီမျှ ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်ဦးနှစ်ဖက်ရေရှည်မျှဝေခံစားကြမည့် အခြေအနေကို ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ သမိုင်းစာမျက်နှာသစ်ကို အတူတကွဖွင့်လှစ်နိုင်ပြီး နှစ်နိုင်ငံပြည်သူများအတွက်လည်း ဖွံ့ဖြိုးဝေစည်သည့် အနာဂတ်ကို အစဉ်လက်တွဲဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြန်မာ-တရုတ်စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး၊ လျော့ပါးစေရေးနှင့် ငလျင်ဘေးအန္တရာယ်အလွန် ပြန်လည်ထူထောင်ရေးဆိုင်ရာများ၊ မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍ၊ ရေအားလျှပ်စစ်နှင့် ရေနက်ဆိပ်ကမ်းများ တည်ဆောက်ရေးကဏ္ဍ၊ လူသားအရင်းအမြစ်ပြုစုပျိုးထောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများအပေါ်တွင် မူဝါဒပိုင်းဆိုင်ရာအရ ပံ့ပိုးကူညီမှုများဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးတင်ပြကြသည်။

ထိုကဲ့သို့ မေးမြန်းတင်ပြလာမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာချာလီသန်းတို့က လုပ်ငန်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားကြပြီး နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် လုပ်ငန်းဆက်လက် အကောင်အထည်ဖော်ရန် အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်နေရသည့် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းကြီးများကို အမြန်ဆုံးပြန်လည်စတင်နိုင်ရေး အဆိုပါဒေသများ၌ လုံခြုံရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို အတူတကွပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ အာကာသနည်းပညာပိုင်းဆိုင်ရာများတွင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားရန် မြန်မာနိုင်ငံအနေဖြင့်ဆန္ဒရှိပြီး ပူးပေါင်းမှုများဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်မှုကိုကြိုဆိုပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ကဏ္ဍပေါင်းစုံ၌ နည်းပညာပိုင်းဆိုင်ရာများတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကိုတွေ့မြင်ရပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ကြမည်ဆိုပါကလည်း နောက်ဆုံးပေါ်နည်းပညာများကို အသုံးပြု၍လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် ဈေးကွက်ခိုင်မာမှုတို့ကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဟု အကြံပြုလိုကြောင်းနှင့် အခြားသိရှိရန် လိုအပ်သည်များကို ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် "Myanmar–China Investment and Trade Networking Summit" (MCITP–2026) Shanghai တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ အပါအဝင် ကဏ္ဍပေါင်းစုံ၌ စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုများ အပြီးတွင် နိုင်ငံတော်သမ္မတသည် "Myanmar–China Investment and Trade Net–working Summit" (MCITP – 2026) Shanghai သို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြရာ နေ့လယ်စာသုံးဆောင်နေစဉ်အတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာ့စီးပွားရေးနှင့် ဆက်နွှယ်သော တေးသရုပ်ဖော်အကအလှဖျော်ဖြေမှုများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် "Myanmar–China Investment and Trade Networking Summit"(MCITP–2026) Shanghai အခမ်းအနားမှ ပြန်လည်ထွက်ခွာရာ မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ မြန်မာ-တရုတ်စီးပွားရေး လုပ်ငန်းရှင်များက နွေးထွေးစွာဖြင့် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လင်းကန်အထူးရေယာသို့ ရောက်ရှိရာ လင်းကန်အထူးရေယာ ပါတီလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Zhao Yi Huai နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရှန်ဟိုင်းမြို့ Hongqiao Railway Station ၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

☆ ကျောဖုံးမှအဆက်

ဒုတိယဥက္ကဋ္ဌ Mr. Zhao Yi Huai နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် Exhibition Centre အတွင်း၌ ပါတီလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လင်းကန်အထူးဇုန်၏ ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဖွံ့ဖြိုးတိုးတက်လာမှုဆိုင်ရာ မှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Exhibition Centre အတွင်းလှည့်လည်၍ လင်းကန်အထူးဇုန်၏ နယ်မြေအကျဉ်းချုပ်နှင့် ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများ၊ ရေနက်ဆိပ်ကမ်း တည်ဆောက်ထားရှိမှုနှင့် လင်းကန်စက်မှုဇုန်တည်ဆောက်ထားရှိမှုမြေပုံ ပုံစံငယ်များ၊ Telsa ကုမ္ပဏီနှင့် Shanghai Motor တို့ ပူးပေါင်းဆောင်ရွက်မှုများ၊ အာကာသနည်းပညာစက်ပစ္စည်းများကို လိုက်လံကြည့်ရှုလေ့လာခဲ့ကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ လင်းကန်အထူးရေယာသည် ဂျင်ပေ့ဆိပ်ကမ်း၏အရှေ့ဘက် ရှောင်ရန်ရှန်း(Xiaoyangshan)ကျွန်းနှင့် ဖူတုန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၏ တောင်ဘက်တွင်တည်ရှိပြီး စုစုပေါင်းရေယာ ၈၁၉ စတုရန်းကီလိုမီတာ ရှိကြောင်း၊ အထူးရေယာသည် နိုင်ငံတကာအသိအမှတ်ပြု၊ လွတ်လပ်သောကုန်သွယ်ရေးဇုန်ဖြစ်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးလည်ပတ်မှုနှင့်ကုန်ပစ္စည်းတင်သွင်းတင်ပို့မှုများကို လွယ်ကူချောမွေ့စေရန် သယ်ယူပို့ဆောင်ရေးကွန်ရက်ကို လုပ်ဆောင်ပေးသည့်ဒေသဖြစ်ကြောင်း၊ အထူးရေယာအတွင်း နန်ဟွေ့မြို့သစ်၊ လင်းကန်ပစ္စည်းကိရိယာစက်မှုဇုန်၊ ရှောင်ယန်ရှန်ကျွန်းနှင့် ပူတုန်လေဆိပ်၏ တောင်ဘက်ရေယာတို့သည် စမ်းသပ်ရေယာများဖြစ်လာမည်ဖြစ်ပြီး နန်ဟွေ့မြို့သစ်သည် အလယ်ဗဟိုတွင် Dishui ရေကန်ပါရှိသော စက်ဝိုင်းပုံမြို့ဖြစ်လာမည်ဖြစ်ကြောင်း၊ လင်းကန်ပစ္စည်းကိရိယာစက်မှုဇုန်သည် နိုင်ငံတော်အဆင့် စက်မှုဇုန်ဖြစ်ပြီး ကြီးမားသော စက်ပစ္စည်းကိရိယာများကို ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ရှောင်ယန်ရှန်ကျွန်းသည် လွတ်လပ်သောကုန်သွယ်ရေးဇုန်၏ ပံ့ပိုးမှုဖြင့် နယ်စပ်ဖြတ်ကျော်ထောက်ပံ့ပို့ဆောင်ခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် လေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မည့်ဇုန်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့ Hongqiao Railway Station မှ ဟန်ကျိုးမြို့ Hang-



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟန်ကျိုးမြို့ Hangzhou East Railway Station သို့ ရောက်ရှိရာ ဟန်ကျိုးမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

zhou East Railway Station သို့ High-Speed Railway G23 ဖြင့် ထွက်ခွာရာ ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန်နှင့်တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတသည် ရှန်ဟိုင်းမြို့မှ ဟန်ကျိုးမြို့သို့ အမြန်ရထားဖြင့် သွားရောက်စဉ် လမ်းခရီးတစ်လျှောက်၌ ရထားပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ၊ Green Energy အသုံးပြုထားရှိမှုများ၊ မြို့ပြအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများနှင့် ရထားလမ်းတစ်လျှောက်သာယာလှပမှုများကို ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဟန်ကျိုးမြို့ Hangzhou East Railway Station သို့ ရောက်ရှိကြရာ ဟန်ကျိုးမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**❑ ခြင်ဆီအစားထိုးကုသခြင်းမှ**

စုစုပေါင်းခြင်ဆီကင်ဆာလူနာ လေးဦးကို ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး လူနာများအားလုံး ကျန်းမာရေးကောင်းမွန်သဖြင့် ဇွန် ၁၂ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိပြီးဖြစ်သည်။

အဆိုပါခြင်ဆီအစားထိုးကုသခြင်းကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ၊ အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် ၃၃ ဦးကို ဆောင်ရွက်ခဲ့ပြီး ပြည်သူများ သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၀ ဦးနှင့် ၂၀၂၆ ခုနှစ် ယခုအချိန်ထိ ရှစ်ဦး စုစုပေါင်း ကျန်းမာရေးအတွက် ကုန်ကျစရိတ်သက်သာစေရေး ပြည်တွင်း၌ပင် ခြင်ဆီအစားထိုးကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**


၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူးက လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာဝမ်ဟောက်တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇွန် ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ယနေ့မွန်းလွဲပိုင်းတွင် ကျဲ့ကျန်းပြည်နယ်ပါတီ အတွင်းရေးမှူး မစ္စတာဝမ်ဟောက်က ခေတ္တတည်းခိုလျက်ရှိသည့် ဟန်ကျိုးမြို့ Huajia Shanzhuang ဟိုတယ်ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ်(State Visit) လာရောက်မှုအပေါ် လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းနှင့် ကျဲ့ကျန်းပြည်နယ်တွင် နေထိုင်သည့် ဒေသခံလူဦးရေ ၆၇ သန်းကျော်ကိုယ်စား အဆွေတော်သမ္မတကြီးကို လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း၊ မိမိတို့သမ္မတကြီးအနေဖြင့် တရုတ်-မြန်မာချစ်ကြည်ရေးကို လွန်စွာအလေးထားပြီး အဆွေတော်သမ္မတကြီးနှင့် မိမိတို့သမ္မတကြီးတို့သည် တွေ့ဆုံဆွေးနွေးမှု များစွာကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် ကျဲ့ကျန်းပြည်နယ်သို့ ပထမဆုံးအကြိမ်ရောက်ရှိခြင်းဖြစ်သည်ဟု မိမိအနေဖြင့်သိရှိရပြီး ပြည်နယ်ဆိုင်ရာအချက်အလက်များကို တင်ပြလိုပါကြောင်း၊ ကျဲ့ကျန်းပြည်နယ်သည် သွင်းကုန်၊ ထုတ်ကုန်ပမာဏကြီးမားသည့်ဒေသဖြစ်ပြီး ဆန်းသစ်တီထွင်မှုအရည်အသွေးမြင့်မားသည့် လုပ်ငန်းပေါင်းများစွာကိုလည်း ပိုင်ဆိုင်ထားရှိကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားကောင်းသည့်ဒေသဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် အားကောင်းလာလျက်ရှိပြီး ကျဲ့ကျန်းပြည်နယ်နှင့် မြန်မာနိုင်ငံအကြား၌လည်း စီးပွားရေးနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများပိုမိုနက်ရှိုင်းလာလျက်ရှိပါကြောင်း၊ မိမိတို့ကျဲ့ကျန်းပြည်နယ် အစိုးရအနေဖြင့် နှစ်နိုင်ငံအကြားသဘောတူညီချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုများ တိုးမြှင့်နိုင်ရေးအတွက်လည်း လိုအပ်သည့် တွေ့ဆုံဆွေးနွေးမှုများနှင့် ကူးလူးဆက်ဆံခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များကို လှိုက်လှဲနွေးထွေးစွာကြိုဆိုမှုများနှင့် သာယာလှပပြီး စိမ်းလန်းစိုပြည်မှုရှိသည့် ကျဲ့ကျန်းပြည်နယ်သို့ လာရောက်လေ့လာခွင့် ရရှိသည့်အတွက်လည်း ဝမ်းမြောက်မိကြောင်း၊ အချိန်အခါနှင့်ခေတ်စနစ်များ မည်ကဲ့သို့ပင်ပြောင်းလဲသည်ဖြစ်စေ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုသည် ပိုမိုတိုးတက်လျက်ရှိနေကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ နှလုံးသားချင်းနီးစပ်မှသာ ကျန်သည့်ကဏ္ဍများတွင်လည်း ပိုမိုနက်ရှိုင်းသည့် ယုံကြည်မှုများကို တည်ဆောက်နိုင်မည်ဖြစ်သဖြင့် ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုကို တိုးမြှင့်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ကျဲ့ကျန်းပြည်နယ် ပါတီအတွင်းရေးမှူးတို့သည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာကဏ္ဍ၊ အထည်အလိပ်ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် လက်ဖက်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့တွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာဝမ်ဟောက်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူးတို့သည် ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြပြီး ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူးမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# အောင်ကြောင်းစေရည် အောင်လမ်းတည်မည့် အောင်စည်မြည်ဟည်း အောင်ခရီး(၃)

**မခွာမခွဲပါဘူး**
**နှစ်မြွာအသည်း နှစ်ပြည်ထောင်**
**ရည်ဆောင်လို့ ရေရှည်တွေး။**
**တရုတ်-မြန်မာ ဆထက်တိုးလို့**
**ဖွံ့ဖြိုးစည်ရေး။**

မြန်မာနှင့်တရုတ် နှစ်နိုင်ငံကြားမှ ဆက်ဆံရေးသည် သမိုင်းကြောင်းကြာမြင့်သည်နှင့်အမျှ ထူးခြားလေးနက်သည့် "ဆွေမျိုးပေါက်ဖော်" ဆက်ဆံရေးမျိုးဖြစ်သည်။ ဆွေမျိုးပေါက်ဖော်ဟူသော ဝေါဟာရမှာ သံတမန်ရေးရာအသုံး အနှုန်းထက် ပိုမိုသာလွန်ကာ ရာဇဝင်ကျမ်းများ၊ အစဉ်အလာယုံကြည်မှုများမှ ဆင်းသက်လာခြင်းဖြစ်သည်။ ၎င်း စကားရပ်တွင် သူစိမ်းများမဟုတ်ခြင်း၊ သွေးသားတော်စပ်ခြင်း၊ အတူတကွ မွေးဖွားခြင်းဟူသည့် အနက်အဓိပ္ပာယ်များ ပေါင်းစပ်ပါဝင်လျက်ရှိပါသည်။

နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ၇၆ နှစ်တာကာလအတွင်း အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာခဲ့ရာ ၂၀၁၁ ခုနှစ်တွင် "မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေး" အဖြစ်သို့လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် တရုတ်သမ္မတကြီး မစ္စတာရှီကျင့်ဖျင်၏ ခရီးစဉ်မှစ၍ "မြန်မာ- တရုတ် အေးအတူ ပူအမျှ အသိုက်အဝန်း" အဖြစ်သို့လည်းကောင်း ကူးပြောင်းရောက်ရှိလာခဲ့ပြီဖြစ်သည်။

**"အေးအတူ ပူအမျှဆိုတာက တစ်ယောက်နဲ့တစ်ယောက် အတူတကွ တူညီတဲ့ အကျိုးခံစားမှုရှိအောင် လုပ်ကြတာပါ။ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှု ဒါမှမဟုတ် တည်ငြိမ်အေးချမ်းမှု ဒါမှမဟုတ် မြန်မာနိုင်ငံရဲ့ အသီးအပွင့်တွေရှိလာရင် တရုတ်နိုင်ငံက ဒီဟာကို ခံစားရတယ်။ ဒီလိုပဲ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ တရုတ်နိုင်ငံရဲ့ ဦးဆောင်မှုတွေ ရှိလာတဲ့အခါ မြန်မာနိုင်ငံက အဲဒီအကျိုးကို ခံစားရတာပါ။ အဲဒါက အေးအတူ ပူအမျှပဲ။ ဒါကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်အောင် ဆောင်ရွက်ဖို့ရှိပါတယ်။ ကျွန်တော်တို့အစိုးရတက်လာတဲ့အချိန်မှာ ကျွန်တော်တို့အစိုးရကလဲ တရုတ်-မြန်မာ ဆက်ဆံရေးမှာ အေးအတူပူအမျှ ရှိတဲ့အခြေအနေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမယ် လို့ ရည်မှန်းပြီး ဆောင်ရွက်နေပါတယ်"**

"၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်" ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ် China Media Group – CMG မှ တွေ့ဆုံမေးမြန်းမှုကို နိုင်ငံတော်သမ္မတက အထက်ပါအတိုင်း ထည့်သွင်းဖြေကြားခဲ့ရာ လွန်စွာအဓိပ္ပာယ်လေးနက် ဆီလျော်လှပါသည်။

ယခုအခါ တရုတ်နိုင်ငံသို့ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်မှာ မြန်မာ-တရုတ် အေးအတူပူအမျှအသိုက်အဝန်းကို ပိုမိုအားဖြည့် အကောင်အထည်ဖော်နေသည့်နှယ်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တန်ဖိုးရှိသော အချိန်တို့မှာ တန်ဖိုးရှိသောစွမ်းဆောင်မှုများနှင့်အတူ တရွေ့ရွေ့ကုန်ဆုံးလျက်ရှိရာ ခရီးစဉ်၏ တတိယမြောက်နေ့သို့ပင် ရောက်ရှိလာပြီဖြစ်ပါ၏။

ပေကျင်းမြို့၏ ဇွန် ၁၇ ရက်အတွက် ကနဦးသွားရောက်လေ့လာမည့် နေရာမှာ China Railway Construction Corpora-tion Limited (CRCC)ဖြစ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် China Railway Construction Corpora-tion Limited(CRCC) ဥက္ကဋ္ဌ Mr. Dai Hegenတို့ မြန်မာနိုင်ငံနှင့် CRCC တို့အကြား ပူးပေါင်းဆောင်ရွက်မှုများစွာကို ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးစဉ်။ (၁၇-၆-၂၀၂၆)

နေသော နိုင်ငံတော်အကြီးအကဲ၏ နက်ရှိုင်းသောအတွေးတစ်နေရာ၌ မြန်မာ့မီးရထားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်လင့်ရည်သန်ချက်များ ဖြစ်ထွန်းပေါ်ပေါက်နေမည်မှာ အသေအချာပင်။

ရထားပို့ဆောင်ရေး လုပ်ငန်းသည် နိုင်ငံအတွက် အမှန်တကယ်အကျိုးရှိသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ်တစ်ခုဖြစ်သည်။ မိမိတို့နိုင်ငံ၌လည်း မီးရထားလမ်းများ အဆင့်မြှင့်တင်ရေးအတွက် နိုင်ငံတော်အကြီးအကဲသည် ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်၍ ပြုပြင်ပြောင်းလဲမှုများစွာကို စိတ်အားထက်သန်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲတာဝန်ယူခဲ့သည့် မကြာသေးမီနှစ်များအတွင်း ရထားလမ်းပိုင်းများနှင့် ဘူတာများအဆင့်မြှင့်တင်ခြင်း၊ ခေတ်မီအချက်ပြစနစ်တပ်ဆင်အသုံးပြုခြင်း၊ ခေတ်မီစက်ခေါင်းများနှင့် တွဲဆိုင်းများ အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ခရီးစဉ်၏ တတိယနေ့တွင်လည်း အမိနိုင်ငံတော်အတွက် ပြင်းပြသောစိတ်ဆန္ဒနှင့် ထက်သန်သောစေတနာတရားတို့က ဦးဆောင်နေသဖြင့် လုပ်ငန်းတာဝန်များကို မမောနိုင်မပန်းနိုင်ဇယ်စက်သလို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည်။ လုပ်ဆောင်မှုမှန်သမျှတို့တွင် အကြီးအကဲ၏ တည်ကြည်သောစိတ်ဆန္ဒ၊ စွဲမြဲသော သန္နိဋ္ဌာန်စိတ်နှင့် တိုင်းပြည်အပေါ်ထားရှိသော စေတနာတို့ကို အထင်းသားမြင်တွေ့ရသည်။ ပူးပေါင်းဆောင်ရွက်သွားမည့် နယ်ပယ်များအလိုက် ပြန်လည်ဆွေးနွေးချက်များနှင့် လေ့လာမှုများတွင်လည်း နိုင်ငံ့အကျိုးစီးပွားကိုသာ ဦးထိပ်ပန်ဆင်လျက်ရှိရာ အပြည့်သဘောဆောင်သော တိုးတက်ဖြစ်ထွန်းမှုဆီသို့ မလွဲကေန်ရောက်ရှိစေမည့် တန်ဖိုးအနဂ္ဃထိုက်သောခြေလှမ်းများအဖြစ် ရှုမြင် . . .**

တရုတ်မီးရထားလမ်း ဆောက်လုပ်ရေးကော်ပိုရေးရှင်း (China Railway Construction Corporation Limited – CRCC)ကို မိမိတို့နိုင်ငံလွတ်လပ်ရေးရရှိခဲ့သည် ၁၉၄၈ ခုနှစ်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(PLA) ရထားလမ်းကော်ပိုရေးရှင်းအဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် CRCC အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် နိုင်ငံပိုင်ပစ္စည်းများ ကြီးကြပ်စစ်ဆေးရေးနှင့် စီမံခန့်ခွဲရေးကော်မရှင် (SASAC)၏ စီမံခန့်ခွဲမှုဖြင့် ဆက်လက်ဆောင်ရွက်ခဲ့သည်။

၂၀၀၇ ခုနှစ်တွင် ကုမ္ပဏီကို အစုရှယ်ယာများဖြင့် ခေတ်မီကော်ပိုရေးရှင်းအသွင် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ရှန်ဟိုင်းနှင့် ဟောင်ကောင်စတော့ခ်ဈေးကွက်သို့ စာရင်းသွင်းခဲ့သည်။ CRCC သည် ယနေ့အချိန်အထိ မီးရထားလမ်းနှင့် အမြန်ရထားလမ်းပေါင်း ကီလိုမီတာ ၁၃၀၀၀၀ ကျော်၊ အဝေးပြေးလမ်းမကီလိုမီတာ ၅၀၀၀၀ ကျော်၊ တံတားပေါင်း ကီလိုမီတာ ၂၈၀၀၀ ကျော်၊ ဥမင်လိုဏ်ခေါင်းကီလိုမီတာ ၂၆၀၀၀ ကျော်နှင့် အဆောက်အအုံပေါင်း စတုရန်းမီတာ ၁၂၀၀၀၀၀၀၀၀ တို့ကို ကမ္ဘာ့နေရာအများအပြားတွင် တည်ဆောက်ခဲ့သည်။လုပ်ငန်းခွဲများအနေဖြင့် အမေရိကတိုက်တွင် ၂၄ ခု၊ အာဖရိကတိုက်တွင် ၅၁ ခု၊ ဥရောပတွင် ၁၅ ခု၊ အာရှတွင် ၄၁ ခု၊ သမုဒ္ဒရာနိုင်ငံများတွင် ၁၀ ခု၊ ပြည်ပနိုင်ငံနှင့် ဒေသစုစုပေါင်း ၁၄၈ ခုဖြစ်သည်။ ကမ္ဘာ့အရပ်ရပ်ရှိ အဆိုပါလုပ်ငန်းများကို အလုပ်သမားပေါင်း ဦးရေ ၂၆၈၀၀၀ ဖြင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့အရှည်ဆုံး၊ အဆင့်အမြင့်ဆုံးနှင့် ရှုပ်ထွေးမှုအရှိဆုံး တစ်ဆက်တည်းအမြန်ရထားလမ်းဖြစ်သည့် ပေကျင်း-ရှန်ဟိုင်း အမြန်ရထားလမ်း ဖောက်လုပ်မှုဖြစ်သည့် ၄၆ ရာခိုင်နှုန်းကို CRCC က တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ကမ္ဘာ့အမြင့်ဆုံးနှင့် အရှည်ဆုံးကုန်းပြင်မြင့်ရထားလမ်းဖြစ်သည့် ကျင်းဟိုင်-တိဗက် ရထားလမ်းဖောက်လုပ်မှုတွင်လည်း ၇၀ ရာခိုင်နှုန်းထိ ပါဝင်ခဲ့သည်။ အလားတူပင် CRCC ကတည်ဆောက်ထားသည့် ကူမင်း-ဗီယင်ကျန်း နယ်စပ်ဖြတ်ကျော်မီးရထားလမ်းနှင့် ပေကျင်းမြေအောက်ရထားလိုင်း အမှတ်(၁) စသည်ဖြင့် နေရာအမျိုးမျိုးတွင် ဖောက်လုပ်ထားသော မီးရထားလမ်းများကို လက်ရှိအချိန်ထိ အသုံးပြုလျက်ရှိသည်။ ထိုမျှမကသေး နိုင်ငံအချို့နှင့်ပူးပေါင်း၍ မီးရထားလမ်း ထိန်းသိမ်းပြင်ဆင်သည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ အမြန်ရထားဖြင့်သွားရောက်စဉ် လမ်းခရီးတစ်လျှောက်၌ တရုတ်နိုင်ငံ၏ ရထားပို့ဆောင်ရေးစနစ်ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာစဉ်။ (၁၇-၆-၂၀၂၆)

နိုင်ငံတော်သမ္မတသည် CRCC ၏ အဆင့်ဆင့် ဖြစ်ပေါ်တိုးတက်ခဲ့မှုသမိုင်းကြောင်းနှင့် နိုင်ငံတကာ၌ ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့်ဆက်စပ်၍ ပြခန်းတစ်ခုချင်းစီအလိုက် မှတ်တမ်းအထောက်အထားများ၊ အထူးပြုလုပ်ချက်များ၊ ပုံစံငယ်များဖြင့် ရှင်းလင်းတင်ပြသည်ကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုသည်။ သိရှိလိုသည်များကို ထဲထဲဝင်ဝင် ပြန်လည်မေးမြန်း ဆွေးနွေးခေါင်းတွဲများနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း DEMU ခေတ်မီလေအိတ်ရထားများ ဝယ်ယူပြေးဆွဲပေးလျက်ရှိပြီး ဆက်လက်၍ BEL ဘက်ထရီလျှပ်စစ်စက်ခေါင်းနှင့် BEMU ဘက်ထရီလျှပ်စစ်ရထားတွဲများ တည်ဆောက်ထုတ်လုပ်ပြီး ပြေးဆွဲနိုင်အောင် စီမံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်သမ္မတ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ

**စာမျက်နှာ ၂၂ သို့**

စာမျက်နှာ ၂၁ မှအဆက်

တစ်ခေတ်ဆန်းသစ်စေရေး ရထားစက်ခေါင်းများ၊ တွဲဆိုင်းများ၊ ရထားလမ်းများ၊ တံတားများ၊ စကြိုဘူတာများ၊ လူကူးဂိတ်၊ တံတားများမှအစ အစစအရာရာပြည့်စုံကောင်းမွန်အောင် ဘက်စုံအဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် အချိန်အခါဟုပင် ဆိုနိုင်ပါသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်မှာ ရှန်ဟိုင်းမြို့သို့ ဦးတည်လျက်ရှိပါသည်။ ပေကျင်းမြို့၏ South Railway Station မှ ရှန်ဟိုင်းမြို့ Hong-qiao Railway Station သို့ High-Speed Railway G23 ဖြင့် ထွက်ခွာကြမည်ဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ ထွက်ခွာမှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Hua Chunying ဦးဆောင်သည့်အစိုးရအဖွဲ့ဝင်များ၊ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ကလည်း ကော်ဇောနီ၏ တစ်ဖက်တစ်ချက်တွင် နေရာယူအလေးပြု၍ ပို့ဆောင်နှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရှန်ဟိုင်းမြို့ မြို့တော်ဝန် မစ္စတာကုန်းကျန့်က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။ (၁၇-၆-၂၀၂၆)

ခရီးစဉ် တစ်လျှောက်လုံးတွင် လုပ်ငန်းအချိန်ဇယားများ ပြည့်နှက်နေသော်ငြား နိုင်ငံတော်အကြီးအကဲသည် နှင့် ခရီးသည်များသက်သောင့်သက်သာ သွားလာနိုင်ရေး စီမံဆောင်ရွက်ပေးထားမှုများကို ကိုယ်တိုင်ကိုယ်ကျ မေးမြန်းလေ့လာခဲ့ပါသည်။ မြန်မာ့မီးရထား ဆက်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်အကောင်အထည်ဖော်ဆောင်ရာတွင် အတွေ့အကြုံယူအသုံးပြုနိုင်ရန် ဖြစ်ပါသည်။ နိုင်ငံတော်အတွက်ဆိုလျှင် အသေးစိတ်ကအစ မြော်တွေးတွက်ချက် စီးပွားရေးဗဟို၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးဗဟို၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဗဟို၊ အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးဗဟိုနှင့် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာ ဆန်းသစ်တီထွင်ရေး ဗဟိုမြို့အဖြစ် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်း ယန်ဇီမြစ်ဝကျွန်းပေါ်ဒေသတွင် တစ်ခွင်သို့တိုင် ဖြန့်ကြက်အလှဆင်လိုက်ပြီဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့ ဟွမ်းဖုမြစ်ကြောင်း တစ်လျှောက်သင်္ဘောဖြင့်လိုက်ပါစီးနင်း၍ ရှန်ဟိုင်းမြို့၏ ညချမ်းအလှနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာကြည့်ရှုကြသည်။ မြစ်တစ်ဖက်ကမ်းရှိ Oriental

နိုင်ငံတို့အကြား တရုတ်-မြန်မာ အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်မှု အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပါသည်။ အဆိုပါပူးတွဲကြေညာချက်တွင် နိုင်ငံတော်သမ္မတ၏ တရားဝင်ခရီးစဉ်သည် ပို့ဆောင်ဆက်သွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ ဉာဏပစ္စည်းမူပိုင်ခွင့်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့ကျန်းမာရေးနှင့် မီဒီယာအစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာရွက်စာတမ်းများစွာကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည့် နည်းတူ "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးကို ပိုမိုလက်ဆင့်ကမ်း သယ်ဆောင်ရန်၊ တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ ညှိနှိုင်းဆွေးနွေးမှုနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းမှုတို့အပေါ်အခြေခံ၍ ကဏ္ဍစုံတွင် လက်တွေ့ကျပြီး အပြန်အလှန်အကျိုးပြုသည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဖော်ဆောင်ရန်၊ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုကို ဆက်လက်မြှင့်တင်သွားရန်၊ နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သော အကျိုးကျေးဇူးများ ဖော်ဆောင်ပေးရန်နှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြည့်အဝယုံကြည်စွာဖြင့် ထောက်ခံရပ်တည်လျက်ရှိမှု အခြေအနေတို့ကို ထပ်လောင်းအတည်ပြုခဲ့ခြင်း





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သင်္ဘောဖြင့် လိုက်ပါစီးနင်း၍ ရှန်ဟိုင်းမြို့ ဟွမ်းဖုမြစ်ကြောင်းတစ်လျှောက်၌ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် မြစ်ကြောင်းထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုလေ့လာစဉ်။ (၁၇-၆-၂၀၂၆)

အမိနိုင်ငံတော်အတွက် အကျိုးဖြစ်ရာဖြစ်ကြောင်းဆိုလျှင် အချိန်နေရာမရွေး လေ့လာစူးစိုက်၍ အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းလမ်းညွှန်မှုများ ချပြရှင်းလင်းလေ့ရှိပါသည်။ ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ အမြန်ရထားဖြင့် စီးနင်းလိုက်ပါနေစဉ်မှာပင် တရုတ်နိုင်ငံ၏ ရထားပို့ဆောင်ရေးစနစ်ဖွံ့ဖြိုးတိုးတက်မှု၊ ရထားလမ်းနယ်များ စနစ်တကျရှိမှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု၊ လူနေထိုင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ထားရှိမှု၊ Green Energy အသုံးပြုထားရှိမှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရထားလမ်းကြောင်းတစ်လျှောက် သစ်ပင်များကိုပင်ခြား၊ တန်းခြား မှန်ကန်စွာဖြင့် စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုလေ့လာခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသို့ လိုအပ်သည့် လုပ်ငန်းလမ်းညွှန်မှုများကို တစ်ပါတည်း မှာကြားပါသည်။

ထို့ပြင် စားသောက်ဖွယ်ရာများ ဝန်ဆောင်မှုပေးထားသည့် အခြေအနေ စီမံဆောင်ရွက်လေ့ရှိခြင်း၏ ပြယုဂ်ပင် ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့ Hongqiao Railway Station တွင် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၏ ကြိုဆိုနှုတ်ဆက်မှုကိုခံယူပြီးနောက် ခေတ္တတည်းခိုမည့် Fairmont Peace ဟိုတယ်သို့ အထူးယာဉ်တန်းဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။ ယာဉ်တန်းဖြတ်သန်းရာ လမ်းတစ်လျှောက်တွင် ရှန်းဟိုင်းမြို့ဒေသခံများက လှိုက်လှဲစွာ ကြိုဆိုနေကြပုံမှာ မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှု၏ နွေးထွေးသောပုံရိပ်များကို ဖော်ကျူးနေသည့်နှယ် ခံစားရစေပါသည်။ ဟိုတယ်သို့ရောက်ရှိချိန်တွင်လည်း တာဝန်ရှိသူများက တီးဝိုင်းငယ် တီးမှုတ်၍ ကြိုဆိုဂုဏ်ပြုခြင်းအားဖြင့် ၎င်းတို့၏ အလေးအနက်ထားမှုကို ပြသခဲ့ကြသည်။

ရှန်ဟိုင်းမြို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတကာ တည်ရှိသည့် ရှန်ဟိုင်းမြို့သည် စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ အကြီးမားဆုံး အချက်အချာမြို့တစ်မြို့ဖြစ်သည်။ တရုတ်နိုင်ငံ၏ အကြီးမားဆုံးဆိပ်ကမ်းမြို့ဖြစ်သည့်အပြင် ကမ္ဘာပေါ်ရှိ အထင်ရှားဆုံးသော မြို့ကြီး ၁၀ မြို့တွင် အပါအဝင်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ရှန်ဟိုင်းမြို့ မြို့တော်ဝန် မစ္စတာကုန်းကျန့်သည် နိုင်ငံတော်အကြီးအကဲအား ခေတ္တတည်းခိုလျက်ရှိသည့် Fairmont Peace ဟိုတယ်ရှိ Peace ဧည့်ခန်းမဆောင်သို့ လာရောက်ဂါရဝပြုတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ရှန်ဟိုင်းမြို့ကြီး၏ ညချမ်းချိန်ခါမှာ သာယာအေးချမ်း လှပတင့်တယ်လှပေသည်။ အဆောက်အအုံများ၊ လမ်းမကြီးများအားလုံးသည် ထောင်ပေါင်းများစွာသော မီးရောင်စုံများဖြင့် ထက်ကောင်းကင် Pearl Tower နှင့် ရှန်ဟိုင်းမျှော်စင်တို့သည် မိုးကောင်းကင်ကိုပင် ထိုးဖောက်ကာ ရှုမငြီးနိုင်သော ရောင်စုံမီးအလှများ လင်းလက်တောက်ပလျက် ရှိသည်။ ထိုမျှော်စင်များပေါ်မှ ကြည့်လိုက်မည်ဆိုပါလျှင် မြင့်မားသောအဆောက်အအုံများ၊ အကွက်အကွင်းကျသော လမ်းမကြီးများ၊ သဘာဝရေးယာများ၊ ရောင်စုံမီးအလှများဖြင့် တန်ဆာဆင်ထားအပ်သော ရှန်ဟိုင်းမြို့ကြီးသည် မရေမတွက်နိုင်သော ကြယ်ပွင့်ကလေးများ ဖိတ်ဖိတ်တောက် ပြန့်ကျဲနေသကဲ့သို့ လှပနေပေလိမ့်မည်။

နိုင်ငံတော်အကြီးအကဲသည် ဟွမ်းဖုမြစ်ကြောင်းတစ်လျှောက်ရှိ မြို့ပြဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် မြစ်ကြောင်းထိန်းသိမ်းထားရှိမှု အခြေအနေများ၊ ရှန်ဟိုင်းမြို့ ဒေသခံများ၏ အပန်းဖြေအနားယူနေမှုနှင့် လူမှုဘဝ လှုပ်ရှားသွားလာနေမှုများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ပါသည်။

ထိုနေ့မှာပင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည် ခရီးစဉ်၏ တတိယနေ့တွင်လည်း အမိနိုင်ငံတော်အတွက် ပြင်းပြသောစိတ်ဆန္ဒနှင့် ထက်သန်သော စေတနာတရားတို့က ဦးဆောင်နေသဖြင့် လုပ်ငန်းတာဝန်များကို မမောနိုင်မပန်းနိုင် ဇယ်စက်သလို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည်။ လုပ်ဆောင်မှုမှန်သမျှတို့တွင် အကြီးအကဲ၏ တည်ကြည်သောစိတ်ဆန္ဒ၊ စွဲမြဲသော သန္နိဋ္ဌာန်စိတ်နှင့် တိုင်းပြည်အပေါ်ထားရှိသော စေတနာတို့ကို အထင်းသား မြင်တွေ့ရသည်။ ပူးပေါင်းဆောင်ရွက်သွားမည့် နယ်ပယ်များအလိုက် ပြန်လည်ဆွေးနွေးချက်များနှင့် လေ့လာမှုများတွင်လည်း နိုင်ငံ့အကျိုးစီးပွားကိုသာ ဦးထိပ်ပန်ဆင်လျက်ရှိရာ အပြုသဘောဆောင်သော တိုးတက်ဖြစ်ထွန်းမှုဆီသို့ မလွဲဧကန်ရောက်ရှိစေမည့် တန်ဖိုးအနန္တထိုက်သောခြေလှမ်းများအဖြစ် ရှုမြင်မိပါသည်။

**ရဲခေါင်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ



နေပြည်တော် ဇွန် ၁၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အွန်လိုင်းလောင်းကစားတားဆီးနှိမ်နင်းရေး၊ ကျေးရွာအမည်ပေါက်ရရှိရေး၊ သတင်းတုသတင်းမှားဖြန့်ဝေသူများကို တားဆီးအရေးယူနိုင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လမ်းအဆင့်မြှင့်တင်နိုင်ရေးနှင့် တံတားများ တည်ဆောက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ရှစ်ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **မြန်မာပြည်အနှံ့ တရားမဝင်အွန်လိုင်းစလော့ဂိမ်းလောင်းကစား ပြန့်ပွားနေမှုကို မည်သို့တားဆီးနှိမ်နင်းရန် စီမံထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး၊ ပြည်တွင်းအင်အားစုများအပြင် ပြည်ပနိုင်ငံအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းပြီး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ အမြစ်ပြတ်တိုက်ဖျက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

အွန်လိုင်း လောင်းကစားမှုများကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးအတွက် ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဧပြီလထိ တရားမဝင်အွန်လိုင်းလောင်းကစားဝက်ဘ်ဆိုက် (Websites)များနှင့် Application links များကို အော်ပရေတာများမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကြည့်ရှု၍ မရနိုင်စေရန် IP Block ပြုလုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဧပြီလထိ လောင်းကစားနှင့် ဆက်စပ်လျက်ရှိသည့် Facebook၊ Telegram၊ Viber စသည့် ပလက်ဖောင်းများပေါ်မှ Channel များနှင့် အကောင့်များကို ပိတ်သိမ်းနိုင်ခဲ့ပါကြောင်း။

လောင်းကစားငွေ လွှဲပြောင်းမှုတွင် အဓိကအသုံးပြုနေသည့် Mobile Wallet များ တင်းကျပ်စွာ စောင့်ကြည့်လျက်ရှိပြီး တရားမဝင်ငွေစာရင်းများ ဖွင့်လှစ်ရာတွင် အသုံးပြုသည့် မှတ်ပုံတင်မထားသော SIM ကတ်များကို အပြီးတိုင်ပိတ်သိမ်းရန် ဆက်သွယ်ရေး အော်ပရေတာများကို တင်းကျပ်စွာစီမံထားရှိပြီး အွန်လိုင်းလောင်းကစားမှုများ လျှော့ချစေရန်အတွက် နည်းပညာအသုံးပြု၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြေပြင်စီးနင်းရှာဖွေမှုနှင့် ဖမ်းဆီးနှိမ်နင်းရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအနေဖြင့် လောင်းကစားဂိမ်းဆိုင်များ၊ အွန်လိုင်းလောင်းကစားလုပ်ငန်း ဗဟိုချက်အသွင် လုပ်ကိုင်နေသည့် ရုံးခန်းများကို သတင်းရယူကာ ရှောင်တခင်ဝင်ရောက်စီးနင်းဖမ်းဆီးခြင်း၊ ပစ္စည်းများနှင့် ငွေကြေးများ သိမ်းဆည်းခြင်း၊ အွန်လိုင်းလောင်းကစားနှင့် ငွေလိမ်ဂိုဏ်းများ အခြေစိုက်လေ့ရှိသည့် နယ်စပ်ဒေသများတွင် အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းကာ နိုင်ငံဖြတ်ကျော်မှုခင်းနှိမ်နင်းရေးစီမံချက်များဖြင့် ဖမ်းဆီးခြင်း၊ တရားခံလွှဲပြောင်းခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးအတွက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းငွေး၏ **လယ်ဝေးမြို့နယ်ရှိ ကျေးရွာခွဲ ၂၆ ရွာသည် တရားမဝင်ကျေးရွာများကဲ့သို့ ဖြစ်နေပါသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက တရားဝင်အမည်ပေါက်စာရင်းတွင် စိစစ်သတ်မှတ်ပေးရန်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက လယ်ဝေးမြို့နယ်ရှိ ကျေးရွာ ၂၆ ရွာအနက် ၂၄ ရွာသည် သစ်တောကြိုးဝိုင်းများအတွင်း ကျရောက်လျက်ရှိပါကြောင်း၊ အဆိုပါသစ်တောမြေအတွင်း ကျရောက်နေသည့် ကျေးရွာ ၂၄ ရွာကို ပြည်ထဲရေးဝန်ကြီးဌာန အသိအမှတ်ပြုနိုင်ရေးအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထောက်ခံ၍ နိုင်ငံတော်သမ္မထံတင်ပြပြီး ခွင့်ပြုချက်ရရှိပါက သစ်တောမြေမှ ပယ်ဖျက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပယ်ဖျက်မိန့်ရရှိပါက ကျေးရွာတိုးချဲ့ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး၏ **လူမှုကွန်ရက်အမျိုးမျိုးကို အသုံးပြု၍ အကြမ်းဖက်ရန်လှုံ့ဆော်နေသူများနှင့် မမှန်သတင်းဖြန့်ချိနေသူများကို ဖော်ထုတ်အရေးယူနိုင်ရန် သက်ဆိုင်ရာဌာနများအနေဖြင့် လက်ရှိဆောင်ရွက်နေသည့်အခြေအနေများနှင့် အနာဂတ်ဆောင်ရွက်မည့်အစီအစဉ်များ ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက အကြမ်းဖက်သွေးထိုးလှုံ့ဆော်မှုနှင့် တိုင်းရင်းသားပြည်သူများ စိတ်ဝမ်းကွဲစေရန် လူမှုကွန်ရက်အမျိုးမျိုးကိုအသုံးပြု၍ အကြမ်းဖက်ရန်လှုံ့ဆော်နေသူများနှင့် နိုင်ငံ့ဂုဏ်သိက္ခာကျစေရန် မမှန်သတင်းများ ဖြန့်ချိနေသူများကို ၂၀၁၄ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀၊ ၅၂ နှင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကတို့အရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ တင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေးကော်မတီကို ဖွဲ့စည်းပြီး အမှုဖွင့်အရေးယူခြင်းနှင့် အသိပညာပေးခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ တင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေးကော်မတီအနေဖြင့် တန်ပြန်ဆောင်ရွက်ခြင်း၊ တယ်လီဖုန်းနံပါတ်နှင့် ဘဏ်အကောင့်မှတ်တမ်းများကို ပိတ်သိမ်းခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **တရားဥပဒေစိုးမိုးရေးအတွက် မူဝါဒများ၊ အစီအမံများ၊ သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ လုံခြုံရေးစနစ်များတိုးမြှင့် ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးပညာပေး ပြန်လည်ထူထောင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဆောင်ရွက်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်ပေးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ ပြန်လည်တိုးမြှင့်နိုင်ရန်နှင့် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုရှိစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ ပုံမှန်လုံခြုံရေးဆိုင်ရာလုပ်ငန်းများ၊ ထူးခြားဖြစ်စဉ်နှင့် မသင်္ကာဖွယ်ကိစ္စရပ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များရယူခြင်း၊ နယ်မြေအလိုက်ဖြစ်ပွားလာနိုင်သည့် အရေးပေါ်အခြေအနေများကို အချိန်မီတုံ့ပြန်နိုင်ရန် ဆက်သွယ်ရေးနှင့် ကူညီကယ်ဆယ်ရေးစနစ်များကို အဆင်သင့်ထားရှိခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်၊ သိုလှောင်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများနှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရာလမ်းကြောင်းပြောင်းလဲမှုများအပေါ် သုံးသပ်ပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စီမံချက်ကို အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်သူများ၏အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေးအတွက် နယ်မြေရဲကင်းစခန်းများဖွင့်လှစ်၍ နယ်မြေအတွင်း ကင်းလှည့်စောင့်ရှောက်ခြင်း၊ ပြစ်မှုကျူးလွန်တတ်သူများ၊ အလားအလာရှိသူ လူဆိုးသူခိုးများစောင့်ကြပ်ထိန်းသိမ်းခြင်း၊ ဒုစရိုက်မှုများနှိမ်နင်းခြင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဖြတ်ပြီး ပြန်လည်ထူထောင်မှုခံယူလိုသည့် လူငယ်များအတွက် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခုဖွင့်လှစ်ပြီး စခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းများအပြင် အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်ထူထောင်မှုခံယူပြီးသော သင်တန်းသားများကို ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် လစ်လပ်ရာထူးများတွင် ပညာအရည်အချင်းအပေါ်မူတည်၍ ဝန်ထမ်းအဖြစ် ခန့်အပ်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လဲချားမဲဆန္ဒနယ်မှ စိုင်းစိန်ဝင်း၏ **မိုင်းနောင်လမ်းခွဲမှ လဲချားမြို့ထိ ၄၄ မိုင်ခန့်သည် လမ်းများပျက်စီးပြီး ကျဉ်းနေသဖြင့် လမ်းအကျယ် ၁၈ ပေခန့် ချဲ့ပေးရန်၊ လဲချားမြို့တွင်း နှစ်မိုင်ခန့်ကို နိုင်လွန်ကတ္တရာအဖြစ် အဆင့်မြှင့်ပေးပါရန်၊ လဲချားမြို့နှင့် ပင်လုံမြို့ကြား ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းတွင် လဲချားမြို့နယ်ပိုင်း ၁၃ မိုင်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ဘတ်ဂျက်လုံလောက်စွာချပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုင်းနောင်လမ်းခွဲမှ လဲချားမြို့ထိ လမ်းပိုင်း ၄၆ မိုင် ၆ ဖာလုံကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဖြစ်သည့် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ ကတ္တရာလမ်းပြုပြင်ခြင်း၊ မြေညှိစက်ဖြင့် လမ်းပုံဖော်ခြင်းနှင့် ပုံမှန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့်အပိုင်းလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ၁၈ ပေအကျယ်ချဲ့ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လဲချားမြို့တွင်း နှစ်မိုင်ကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်းတို့ကို သတ်မှတ်ထားသည့်အတိုင်း အပိုင်းလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လဲချားမြို့နှင့် ပင်လုံမြို့ ၁၂ မိုင် ကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဆင့်ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်းတို့ကို သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ **မိုးနဲမြို့နယ် နမ့်တိန်ချောင်းကူးတံတားဟောင်းနေရာတွင် သံကူကွန်ကရစ်တံတားကို မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးနိုင်မည့်အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုးနဲမြို့နယ်ရှိ နမ့်တိန်းချောင်းကူးဘေလီတံတားအရှည်ပေ ၃၆၀ ကို ကြံ့ခိုင်မှုရှိစေရန်အတွက် တံတားပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအသစ်တည်ဆောက်နိုင်ရေးအတွက် ပဏာမကြိုတင်ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ခြင်းလုပ်ငန်းများနှင့် တံတားအသစ် တည်ဆောက်ခြင်းလုပ်ငန်းများကို တံတားအထူးအဖွဲ့များက ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုနှင့် နယ်မြေအခြေအနေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **ဘော်ဆိုင်းကျေးရွာအုပ်စုမှ ဟဲဟိုးမြို့သို့အထွက် အကျယ် ၁၂ ပေ၊ အရှည် ၁၉ မိုင်ခန့်ရှိသော ကတ္တရာလမ်းမှာ ပျက်စီးနေသောကြောင့် အဆိုပါလမ်းကို အကျယ် ၁၈ ပေရှိသည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကလောမြို့နယ် ဘော်ဆိုင်းကျေးရွာအုပ်စုမှ ဟဲဟိုးမြို့သို့အထွက်လမ်းပိုင်းမှာ ၂၅ မိုင် ၇ ဖာလုံရှိပြီး အဆိုပါလမ်းပိုင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာလမ်းချဲ့ရန် အခြေခံလွှာချဲ့ခင်းခြင်း၊ ကတ္တရာလမ်းပြုပြင်ခြင်း၊ လမ်းပခုံးပြုပြင်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ သတ်မှတ်အပိုင်းလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၁၈ ပေအကျယ်ချဲ့ရန်ကျန်ရှိသော ၁၈ မိုင် ၂ ဖာလုံအနက် ၁ မိုင် ၂ ဖာလုံမှာ ဟဲဟိုးလေယာဉ်ကွင်းပြေးလမ်းတိုးချဲ့မည့် လျာထားလမ်းကြောင်းတွင် ပါဝင်နေသည့်အတွက် ၁၂ ပေအကျယ် ကတ္တရာလမ်းအဖြစ် ထားရှိမည်ဖြစ်ပြီး ကျန် ၁၇ မိုင်ကို ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ဒေသန္တရဖွံ့ဖြိုးမှုစီမံကိန်းတွင် လျာထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဒေါ်ကြူကြူမော်၏ **သာစည်မြို့တောင်ဘက် သာစည်-ညောင်ရမ်းလမ်းပေါ်ရှိ အရှည်ပေ ၁၂၀၊ အကျယ် ၁၈ ပေရှိ ပျက်စီးနေသော ဉာဏ်ကန်သစ်သားတံတားကို** စာမျက်နှာ ၂၄ သို့

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၁၈**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးရှာမွေလရဲန်၏ **ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု ဝန်ဘိုကျေးရွာသို့ ဖောက်လုပ်ထားသော မြေသားလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု နမ့်အော် - ဝန်းဘို - နမ့်ကျန်း - ဖားခေါ ကျေးရွာချင်းဆက် မြေသားလမ်းသည် အရှည် ၅/ဝ မိုင်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးထားသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းသည် မြေပြင်တွင် အကျယ် ၁၂ ပေခန့်သာရှိသဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် မြေသားလမ်းတာချဲ့ခြင်းလုပ်ငန်းကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျေးရွာလေးရွာမှ အိမ်ခြေ ၂၅၆ အိမ်နှင့် လူဦးရေ ၁၆၄၅ ဦးတို့ကို အကျိုးပြုနိုင်မည်ဖြစ်သည်ကို စိစစ်သိရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု နမ့်အော်-ဝန်းဘို-နမ့်ကျန်း-ဖားခေါကျေးရွာချင်းဆက် မြေသားလမ်း ၅/ဝမိုင်ကို အဆင့်မြှင့်တင်နိုင်ရန်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်အစိုးရရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် လျာထား ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်ဌေး၏ **မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါမြို့နယ် ထီးလင်းမြို့နယ်နှင့် ဆောမြို့နယ်တို့ရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ လစာထုတ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာ့စီးပွားရေးဘဏ် ဂန့်ဂေါဘဏ်ခွဲသည် ယခုအခါ ပခုက္ကူခရိုင်ဘဏ်ခွဲထံမှ ဘဏ္ဍာငွေသယ်ယူခဲ့ပြီးဖြစ်သဖြင့် ၂၀၂၆ ခုနှစ် ဧပြီလအတွက် အငြိမ်းစား ၄၇၈ ဦး၊ ငွေကျပ် ၈၄ ဒသမ ၈၂၃ သန်း၊ ၂၀၂၆ ခုနှစ် မေလအတွက် အငြိမ်းစား ၁၈၁၄ ဦး၊ ငွေကျပ် ၁၀၆၆ ဒသမ ၀၇၃ သန်းကို ငွေသားဖြင့်ထုတ်ပေးခြင်း၊ အငြိမ်းစားဦးရေ ၄၇၀ ကို Myanmar Mobile Money (MMM)စနစ်ဖြင့် အငြိမ်းစားလစာလွှဲပြောင်းထုတ်ယူခြင်းများ ဆောင်ရွက်ပေးထားပြီးဖြစ်ပါကြောင်း။

မြန်မာ့စီးပွားရေးဘဏ် ထီးလင်းဘဏ်ခွဲအနေဖြင့် လတ်တလောတွင် ဘဏ္ဍာငွေသယ်ယူနိုင်ခြင်း မရှိသေးသော်လည်း လက်ကျန်ဘဏ္ဍာငွေများမှ ၂၀၂၆ ခုနှစ် ဧပြီလအတွက် အငြိမ်းစား ၁၁၉ ဦး၊ ငွေကျပ် ၁၅၃ ဒသမ ၁၃ သန်းကိုလည်းကောင်း၊ ၂၀၂၆ ခုနှစ် မေလအတွက် အငြိမ်းစား ၁၃၇ ဦး၊ ငွေကျပ် ၁၅၂ ဒသမ ၁၂၈ သန်းကိုလည်းကောင်း ထုတ်ပေးခဲ့ပါကြောင်း။

အလားတူ မြန်မာ့စီးပွားရေးဘဏ် ဆောဘဏ်ခွဲအနေဖြင့် လတ်တလောတွင် ဘဏ္ဍာငွေသယ်ယူနိုင်မှု မရှိသေးသော်လည်း လက်ကျန်ဘဏ္ဍာငွေများမှ ၂၀၂၆ ခုနှစ် မတ်လထိ အငြိမ်းစား ၁၉၈ဦး၊ ငွေကျပ် ၉၁ ဒသမ ၇၆၉ သန်း ထုတ်ပေးခဲ့ပါကြောင်း၊ ပခုက္ကူမြို့တွင် သွားရောက်နေထိုင်သည့် ဆောဘဏ်ခွဲမှ အငြိမ်းစား ၁၀၃ ဦးက ပခုက္ကူဘဏ်ခွဲတွင် ဆန္ဒအလျောက် အငြိမ်းစားလစာ ထုတ်ယူလိုကြောင်း တင်ပြလာသဖြင့် ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လတ်တလောဖြစ်ပေါ်နေသော အခြေအနေများအရ ဒေသနေအငြိမ်းစားများ၏ အငြိမ်းစားလစာများ အခက်အခဲမရှိ ထုတ်ပေးနိုင်ရေးအတွက် ဘဏ်လက်ကျန်ငွေများမှ ထုတ်ပေးနိုင်ရန်စီစဉ်ဆောင်ရွက်ပေးနေသကဲ့သို့ ဒေသပြင်ပတွင် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ Myanmar Mobile Money(MMM)စနစ်ကို အသုံးပြု၍လည်းကောင်း၊ ငွေလွှဲပို့သည့် နည်းလမ်းများ အသုံးပြု၍လည်းကောင်း ထုတ်ယူနိုင်ပါကြောင်း၊ ဒေသတွင်း အင်တာနက်လိုင်း ကောင်းမွန်စွာရရှိပါက Centralized E-Pension စနစ်တွင်းသို့ ထည့်သွင်း၍ အငြိမ်းစားလစာများ ထုတ်ယူရာတွင် ယခုထက် ပိုမိုအဆင်ပြေချောမွေ့စေရန် စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးခင်မောင်ဝင်း၏ **တောင်သူလယ်သမားတစ်ဦး၏ စိုက်ပျိုးစရိတ်ချေးငွေကို တစ်ဧကလျှင် ချေးငွေတစ်သိန်းခွဲချေးပေးခဲ့ရာမှ တစ်ဧကလျှင် ချေးငွေငါးသိန်းနှင့်အထက် တိုးမြှင့်ချေးပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က နိုင်ငံတစ်ဝန်းရှိတောင်သူများသို့ ယခင်နှစ်က စိုက်ပျိုးစရိတ်ချေးငွေအဖြစ် စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံ ၁၈ မျိုးအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်း၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်သီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးခဲ့ပါကြောင်း။

ယခုအခါ တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေကို ယခင်နှစ်ကထက် ပျမ်းမျှနှစ်ဆဖြင့် စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်း၊ အခြားသီးနှံ ၁၈ မျိုးအတွက် တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်း၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်အတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ၂၀၂၆ ခုနှစ် မေ ၁၂ ရက်မှစ၍ ထုတ်ချေးပေးလျက်ရှိပြီး အတိုးနှုန်းကို ယခင်အတိုင်း ပြောင်းလဲမှုမရှိဘဲ တစ်နှစ်လုံးတွင်မှ ငါးရာခိုင်နှုန်းသာဖြစ်၍ သက်သာသောနှုန်းထားဖြစ်ပါကြောင်း။

စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် တောင်သူများပိုင်ဆိုင်သည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)မူရင်းကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ ဘဏ်သို့အာမခံ(အပေါင်) အဖြစ်ပေးအပ်ပြီး တောင်သူတစ်ဦးချင်းအာမခံသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ် ချေးငွေထုတ်ချေးရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ကို အရောင်းအဝယ် ပြုလုပ်ထားသည့်အတွက်ကြောင့် ဖြစ်စေ၊ အမွေဆက်ခံရရှိထားသည့်အတွက်ကြောင့်ဖြစ်စေ (ပုံစံ-၇)အမည်ပေါက်မဟုတ်သည့် တောင်သူများအတွက် တစ်နှစ်အတွင်း (ပုံစံ-၇)အမည်ပေါက်ပြောင်းလဲရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိခံဝန်ချက်ဖြင့် ချေးငွေထုတ်ချေးပေးမှု ဖြေလျှော့ပေးထားကြောင်း၊ သို့ပါ၍ ယခုနှစ် မေလတွင် ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးပေးထားပါသဖြင့် စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကလျှင် ငါးသိန်းအထက် ချေးပေးနိုင်ရန်အတွက် လတ်တလောတွင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဦးမျိုးသန့်၏ **ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ရှိ မြို့များဖြစ်သော ဟသ်ာတ၊ ဇလွန်၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့တို့၏ ရေမြုပ်ကိုင်းမြေများပေါ်တွင် တည်ရှိသည့် ကျေးရွာအုပ်စုများ၏ ကျေးရွာချင်းဆက်လမ်းများကို ရေမြုပ်ကွန်ကရစ်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရေမြုပ်ကွန်ကရစ်လမ်းဆိုသည်မှာ ရေကြီးချိန်တွင် ရေအမြုပ်ခံပြီး ရေကျသွားလျှင် သွားလာရေးအတွက် ပြန်လည်အသုံးပြုနိုင်သော လမ်းအမျိုးအစားဖြစ်ပါကြောင်း၊ လမ်းဖောက်လုပ်ရာတွင် ကိုင်းတောများ အချို့ကိုခုတ်ထွင်ရသဖြင့် ဂေဟာစနစ်ပျက်စီးနိုင်ပြီး လမ်းကြောင့် ရေတိုက်စားမှုပုံစံပြောင်းလဲပြီး လမ်းဘေးဝဲယာတွင် မြေပြိုခြင်းများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ရေမြုပ်ကွန်ကရစ်လမ်းသည် ရေအောက်တွင် လနှင့်ချီနစ်မြုပ်နေရသည့်အတွက် ရေရှည်ရေဖိအားဒဏ် ခံနိုင်ရည်ရှိစေရန်အတွက် အောက်ခံမြေသားလွှာ၊ ဒု-အခြေခံလွှာတို့ကို သတ်မှတ်ခံနိုင်ရည်အားရရှိစေရန် ကွန်ကရစ် Grade အမြင့်သုံးရသည့်အပြင် ရေစိမ့်မှုခံနိုင်သော ဓာတုဆေးရည်အသုံးပြုရပြီး ရေအားကြောင့် လမ်းအက်ကွဲမှုမဖြစ်စေရန် သံကူကွန်ကရစ်လမ်းလွှာများကို စနစ်တကျ ထည့်သွင်းဆောင်ရွက်ရသည့်အတွက် ပုံမှန်ကွန်ကရစ်လမ်းထက် ကုန်ကျစရိတ်မြင့်မားပါကြောင်း။

အဆိုပါလမ်းများသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းစာရင်းတွင် ပါဝင်မှုမရှိ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိသော လမ်းများအဖြစ် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြို့နယ် ငါးမြို့နယ်မှ လမ်းခြောက်လမ်းကို ရေမြုပ်ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက စုစုပေါင်း ခန့်မှန်းကုန်ကျ ငွေကျပ် ၁၀၅၅၀ သန်း (၁၀ ဒသမ ၅၅ ဘီလီယံ)ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါမြစ်ဝကျွန်းပေါ်ဒေသများသည် ရေကြီးနစ်မြုပ်သည့်ဒေသဖြစ်သဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းကြိုတင်လေ့လာခြင်း (Feasibility Study)ကို ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လတ်တလောတွင် ရေမြုပ်ကွန်ကရစ်လမ်း ဆောင်ရွက်ပေးရန် မရှိသေးပါကြောင်းနှင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာခြင်း (Feasibility Study) ရရှိသည့် အစီရင်ခံစာအပေါ်၊ ရန်ပုံငွေရရှိမှုအပေါ်အခြေခံကာ ဒေသနှင့်ကိုက်ညီသောလမ်းကို ဦးစားပေးတင်ပြသည့်အတိုင်း လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဦးမျိုးသန့်၏ **ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ပြာကတက်ကျေးရွာအုပ်စုအတွင်းရှိ ပြာကတက်-ဆင်လူးလမ်း ၄မိုင် ၅ ဖာလုံ လမ်းပေါ်ရှိ ခနွယ်ရိုးတံတားကို အနီးစပ်ဆုံးဘတ်ဂျက် သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဟသ်ာတမြို့နယ် ပြာကတက်-ဆင်လူးလမ်းပေါ်ရှိ ခနွယ်ရိုးချောင်းကူးတံတားသည် ၁၉၉၅ ခုနှစ်တွင် ဒေသခံပြည်သူများကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သော အလျား ၆၅ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့် ၁၂ ပေရှိသော သစ်သားတံတားဖြစ်ပါကြောင်း။

အဆိုပါသစ်သားတံတားကို အရှည်ပေ ၁၀၀၊ အကျယ်ပေ ၂၀ ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် ၂၀၂၅-၂၀၂၆ ဘဏ္ဍာတွင် တည်ဆောက်ရန် လျာထားခဲ့ပါကြောင်း၊ သို့သော် တိုင်းဒေသကြီးအတွင်း ရန်ပုံငွေခွဲဝေရရှိမှုအခြေအနေ ပြည်သူ့အကျိုးပြုမှု ဦးစားပေးအဆင့်အရ လောလောဆယ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း၊ မြေပြင်ကွင်းဆင်းတွေ့ရှိချက်အရ ခန့်မှန်း နှစ်နှစ်ခန့် ဆက်လက်အသုံးပြုနိုင်သည်ကို တွေ့ရပါကြောင်း၊ ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် ၁၁၀၀ သန်း (၁ ဒသမ ၁ ဘီလီယံ)ခန့် ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ ၂၃ ရွာ၊ အိမ်ခြေ ၁၄၄၄ အိမ်၊ လူဦးရေ ၅၈၄၁ ဦးကို အကျိုးပြုမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအပေါ်အခြေခံပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့ ပေါင်းစပ်၍ ကျေးရွာ၊ အိမ်ခြေ၊ လူဦးရေ၊ ကျေးလက်နေပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ **စာမျက်နှာ ၂၅ သို့**

---

**စာမျက်နှာ ၂၃ မှအဆက်**

**သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က သာစည်မြို့တောင်ဘက် သာစည်-ညောင်ရမ်းလမ်းပေါ်ရှိ ညဏ်ကန်တံတားကို လက်ရှိအခြေအနေအရ တံတားအောက်ထည်နှင့် သံဘောင်ရက်မများ ကြံ့ခိုင်မှုရှိနေပါသဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး တံတားအပေါ်ထည်ကြမ်းခင်းနှင့် လက်ရန်း အစားထိုးလဲလှယ်ခြင်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်နိုင်ရေး လေ့လာဆန်းစစ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဇွန် ၁၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြင်ဦးလွင်မြို့ ရတနာပုံမြို့သစ်ဆိုက်ဘာစီးတီး၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



နေပြည်တော် ဇွန် ၁၈

ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ် ဆိုက်ဘာစီးတီးဧရိယာရှိ မြေကွက်လပ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ ဝန်ထမ်းများ၊ ဝန်ထမ်း မိသားစုများ၊ ရတနာပုံဆိုက်ဘာစီးတီးရှိ စက်ရုံများမှ ဝန်ထမ်းများ၊ နည်းပညာ တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ သတ်မှတ်နေရာများ ၌ ရတနာတန်းဝင်ပျိုးပင်များ၊ အရိပ်ရ လေကာပင်များကို စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက ပျိုးပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် တပျော် တပါးစုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည် ကြည့်ရှုအားပေးသည်။

ယနေ့တွင် အရိပ်ရလေကာပင် ၂၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြကြောင်း၊ ဝန်ကြီး ဌာနအောက်ရှိပြည်နယ်နှင့် တိုင်းဒေသကြီး များတွင်လည်း စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ များကို တစ်ပြိုင်တည်းကျင်းပပြီး စုစုပေါင်း ပျိုးပင် ၃၇၇၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင် ဘူတာ ဒီဇယ်စက်ခေါင်းပြင်ရုံအတွင်း ထားရှိသည့် ပြင်ဦးလွင်-ဂုတ်ထိပ်လမ်းပိုင်း ၌ ပြေးဆွဲလျက်ရှိသည့် ဒီဇယ်လျှပ်စစ် စက်ခေါင်းများ၊ RBE တွဲများ၊ စင်းလုံးငှား ရေနွေးငွေ့စက်ခေါင်းနှင့် RGC တွဲများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# ဓာတ်အားလိုင်းများ ဓာတ်အားပိတ်၍ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၁၈

၁၃၂ ကေဗွီ ဆည်တော်ကြီး-အောင်ပင် လယ် ဓာတ်အားလိုင်းသည် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့ဧရိယာများ စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူး ပေးနိုင်ရေးအတွက် အရေးပါသည့် ဓာတ်အားလိုင်းဖြစ်ပြီး အဆိုပါဓာတ်အား လိုင်းကို အသေးစိတ်စစ်ဆေးခြင်းလုပ်ငန်း များ ဆောင်ရွက်ခဲ့ရာ မတ္တရာမြို့နယ် အတွင်း အေးချမ်းသာရွာအနီးရှိ တာဝါတိုင် အမှတ် (၂၄ နှင့် ၂၅)အကြား မြောင်းသစ်ရွာ အနီးရှိ တာဝါတိုင်အမှတ် (၅၅ နှင့် ၅၆) အကြားတို့တွင် ဓာတ်အားလိုင်းကြိုးများ ကြိုးလွန်းဖွာနေခြင်း၊ တာဝါတိုင်အမှတ် (၆၆)တွင် ကြွေသီးမီးပန်းနေခြင်း၊ စာတိုက် တကာရွာအနီးရှိ တာဝါတိုင်အမှတ် (၈၅) တွင် ကြွေသီးကွဲနေခြင်းနှင့် တာဝါတိုင် အမှတ် (၈၄ နှင့် ၈၅)အကြား ဓာတ်အားလိုင်း ကြိုး ကြိုးလွန်းများပြတ်နေသည်ကို စစ်ဆေး တွေ့ရှိရသဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်သည်။


အဆိုပါ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း များ ဆောင်ရွက်ပြီးပါက ဓာတ်အား ပြတ်တောက်မှုလျော့နည်းပြီး ဓာတ်အား လွှတ်စက်ပစ္စည်းများ ထိခိုက်ပျက်စီးမှု ကို ကာကွယ်နိုင်မည်ဖြစ်သည့်အတွက် အထက်ဖော်ပြပါလုပ်ငန်းများကို ၂၀၂၆ ခုနှစ် ဇွန် ၂၀ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်နေ စဉ်အတွင်း သပိတ်ကျင်းမြို့နယ်၊ စဉ့်ကူး မြို့နယ်တို့ ယာယီဓာတ်အားပြတ်တောက် နေမည်ဖြစ်ကြောင်း၊ ဆည်တော်ကြီး ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အား ထုတ်လုပ်မှု ၁၂ မဂ္ဂါဝပ်ခန့် လျော့နည်းနေ မည်ဖြစ်၍ ကျန်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အား တိုးမြှင့်ထုတ်လုပ်ပေးနိုင်ရေးကို လိုအပ်သလို စီစဉ်ဆောင်ရွက်သွားမည် ဖြစ်သည်။

ထို့အတူ နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ်အတွင်း ဓာတ်အား ပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ် ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ် များခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ကို ဆောင်ရွက်ရန် ၃၃ ကေဗွီ ဓာတ်အား ခွဲရုံအမှတ်(၆)မှ ဓာတ်အားဖြန့်ဖြူးပေး ထားသော ၁၁ ကေဗွီ EV ဓာတ်အားလိုင်း ကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်သွား မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နေစဉ်အတွင်း ဇမ္ဗူ သီရိမြို့နယ်အတွင်းရှိ မြို့မဈေးယာဉ်ပြင် အလုပ်ရုံ၊ ဇေယျာသိဒ္ဓိရပ်ကွက်အိမ်ရာများ၊ EV Charging Station များ ဓာတ်အား ယာယီ ပြတ်တောက်နေမည်ဖြစ်ကြောင်း ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများ နှင့် အများပြည်သူများကို ကြိုတင်အသိပေး ထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)




စာမျက်နှာ ၂၄ မှအဆက်

လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးအလိုက် ရွေးချယ်မှုတင်ပြအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားတင်ပြ မည်ဖြစ်ပြီး ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီး ရရှိသည့်ရန်ပုံငွေအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မြန်မာ-ရုရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊ မြန်မာ- ဘယ်လာရုစ်လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးအသင်း၊ မြန်မာ-ကာဇက်စတန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း များဖွဲ့စည်းရန် လွှတ်တော်၏သဘောထား ရယူရာ လွှတ်တော်က သဘောတူသဖြင့် အမျိုးသားလွှတ်တော်နှင့် ရုရှား၊ ဘယ်လာ ရုစ်၊ ကာဇက်စတန်လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်း မည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မြန်မာ-ရုရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌ အဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးချစ်ဆွေနှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ဇဝနတို့အပါအဝင် အဖွဲ့ဝင် ငါးဦး၊ မြန်မာ- ဘယ်လာရုစ် လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်စုမြတ်ဝေတို့အပါအဝင် အဖွဲ့ဝင် ငါးဦး၊ မြန်မာ-ကာဇက်စတန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌ အဖြစ် ကချင်ပြည်နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရဲခိုဖုန်နှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး တင့်လွင်အေးတို့အပါအဝင် အဖွဲ့ဝင် ငါးဦး တို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် ရုရှား၊ ဘယ်လာရုစ်၊ ကာဇက်စတန် လွှတ်တော် များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခြင်းနှင့် အသင်းများတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာ ကော်မတီ၊ လူငယ်၊ အမျိုးသမီး၊ ကလေး သူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေး ဆိုင်ရာကော်မတီနှင့် ပညာရေးမြှင့်တင်မှု ကော်မတီတို့ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ပေးအပ်ခံရသည့် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဦးခင်ဇော်ထွန်း က တောင်သူလယ်သမားရေးရာကော်မတီ ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးချစ်ဝေနှင့် အတွင်းရေးမှူးအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးခင်ဇော်ထွန်းတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး ကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုသဖြင့် တောင်သူလယ်သမား ရေးရာကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော် က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တာဝန်ပေးအပ်ခံရသည့် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ဒေါ်ထားထားနု က လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လူငယ်၊ အမျိုးသမီး၊ ကလေး သူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေး ဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌ အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါ်သိင်္ဂီဝင်းရွှေနှင့် အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ဒေါ်ထားထားနု တို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည် စာရင်းကိုလွှတ်တော်သို့တင်ပြပြီး ကော်မတီ တွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုသဖြင့် လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့် အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း နှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသား လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ တာဝန်ပေးအပ်ခံရသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးတင့်ဇော်က ပညာရေးမြှင့်တင်မှု ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီတွင် မတီဥက္ကဋ္ဌအဖြစ် ရှမ်းပြည်နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဒေါက်တာကျော်ထွန်းနှင့် အတွင်းရေးမှူး အဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးတင့်ဇော်တို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး ကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည် စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော် ၏ အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုသဖြင့် ပညာရေးမြှင့်တင်မှု ကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ်အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို ဇွန် ၁၉ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၁၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ခရမ်းကျောင်းတိုက်၌အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

**မန္တလေး ဇွန် ၁၈**





တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်တို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်သို့တင်ပြပြီး အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၅ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီး အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြပြီး ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၁၈-၆-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၇ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၈,၀၁၂,၇၇၃.၉၀ | ၁၇,၆၃၈,၄၇၅.၉၃ | ၇၀,၄၈၄,၈၂၇.၇၈ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ထုပ်ပိုးမှုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ မျိုးစေ့၊ တိရစ္ဆာန်အစာ၊ မှယော၊ ဓာတ်မြေဩဇာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃ သန်းကို ရောင်းချပေးခဲ့ပါသည်။





## ၂၀၂၆ ခုနှစ် ဇွန် ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## နန့်ယင်း၊ နန့်ကောင်းချောင်းရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇွန် ၁၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် သို့ ရောက်ရှိနိုင်သည်။

နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## ထူးခြားသည့် နေ့အပူချိန်များ

(၁၈ – ၆ – ၂၀၂၆)

| | | | | |
|---|---|---|---|---|
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မော်လိုက် | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၄ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၂၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၈**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဇွန် ၁၉ ရက်မှ ၂၅ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇၂၈၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# ကမာရွတ်မြို့နယ်အတွင်း Online လိမ်လည်မှုပြုလုပ်သူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် အောင်မင်းခေါင်(၁)လမ်း၌ Online လိမ်လည်မှုများပြုလုပ်သည့် တရားခံ ၁၆ ဦး ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။




အွန်လိုင်းလိမ်လည်သူများ အသုံးပြုခဲ့သည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် အောင်မင်းခေါင်(၁) လမ်းရှိ နေအိမ်တစ်လုံးတွင် အွန်လိုင်းလိမ်လည်မှုပြုလုပ်လျက်ရှိသည့် မြန်မာနိုင်ငံသား အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၆ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂) ရပ်ကွက် ရွှေတောင်ကြားလမ်း၌ ဖွင့်လှစ်ထားသည့် Loi Sam Sip ရှမ်းစားသောက်ဆိုင်ရှေ့ ကားပါကင်နေရာတွင် မော်တော်ယာဉ်အမှတ် MDY -12 4F-1752 Honda Fit(လိုင်စင်မဲ့) မော်တော်ယာဉ်သည် အချိန်ကြာမြင့်စွာရပ်တန့်ထား၍ မသင်္ကာသဖြင့် စားသောက်ဆိုင်လုံခြုံရေးဝန်ထမ်းက လုံခြုံရေးတပ်ဖွဲ့ဝင်များထံ သတင်းပေးပို့မှုကြောင့် ဇွန် ၁၆ ရက် ညနေ ၃ နာရီခန့်တွင် သွားရောက်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်အတွင်း X Power X စာတန်းပါ Power Station သုံးလုံး၊ Laptop လေးလုံး၊ Charger USB ရှစ်ခု၊ Star Link စက် နှစ်လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၁၇၅ လုံး၊ ကာလာပရင်တာ တစ်လုံး တို့ကို ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိပစ္စည်းများ၏ ပိုင်ရှင်များကို ဖော်ထုတ်ဖမ်းဆီးရမိရေး လိုအပ်သည့် စုံစမ်းစစ်ဆေးဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ အဆိုပါလိုင်စင်မဲ့ မော်တော်ယာဉ်သည် Toyota BZ EV အမျိုးအစား မော်တော်ယာဉ်အမှတ် BGO/27 5S-9527 နှင့်အတူ ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် အောင်မင်းခေါင် (၁)လမ်းရှိ နေအိမ်တစ်လုံးအတွင်းသို့ ဝင်ရောက်သွားသည်ကို CCTV မှတ်တမ်းများအရ စစ်ဆေးတွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၇ ရက် ည ၉ နာရီခွဲခန့်တွင် အဆိုပါအိမ်သို့ သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် မြန်မာနိုင်ငံသား အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၆ ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ ၎င်းတို့သည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၃၀ ရက်ထိ အလုံမြို့နယ်ရှိ Condo အခန်းကို တစ်လလျှင် ငွေကျပ်သိန်း ၇၀ ဖြင့် ငှားရမ်းနေထိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိတရားခံများထဲမှ တစ်ဦးက လက်ကိုင်ဖုန်းများထုတ်ပေးကာ ဆိုရှယ်မီဒီယာ အကောင့်များကို ထည့်သွင်းပေးထားကြောင်း၊ ၎င်းနောက် တရုတ်နိုင်ငံသားများကိုဆက်သွယ်ပြီး အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ကျောက်စိမ်းများကို ရောင်းချမည်ဟု စည်းရုံးပြောဆိုရကြောင်း၊ ဝယ်ယူမည့်သူများက ၎င်းပစ္စည်းများကို ဝယ်ယူမည်ဆိုပါက ဓာတ်ပုံနှင့် တရုတ်ယွမ်ငွေတန်ဖိုးများကို ပေးပို့ရကြောင်း၊ ဝယ်ယူမည့်သူက မသင်္ကာ၍ မေးမြန်းလာသောအခါ အရောင်းဝန်ထမ်းများဖြစ်သည်ကို အသင့်ပြင်ဆင်ထားသည့် အီလက်ထရောနစ် လေဘာကတ်များ ပေးပို့၍ ယုံကြည်အောင်ဆောင်ရွက်ရကြောင်း၊ တရားခံများအနေဖြင့် ဈေးဝယ်ရန် လွှဲပေးသည့် ငွေပမာဏ၏ သုံးရာခိုင်နှုန်းရရှိပြီး လစာသတ်မှတ်ထားခြင်း မရှိကြောင်း၊ လုပ်ငန်းအခြေအနေ မကောင်းတော့သဖြင့် အဆိုပါအွန်လိုင်းလိမ်လည်မှုပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းများနှင့် ဆက်စပ်ပစ္စည်းများကို မော်တော်ယာဉ်အမှတ် MDY -12 4F-1752 Honda Fit (လိုင်စင်မဲ့) မော်တော်ယာဉ်နှင့်အတူ ပိုင်ရှင်မဲ့ဖြစ်စေရန် Loi Sam Sip ရှမ်းစားသောက်ဆိုင်ရှေ့ ကားပါကင်နေရာ၌ စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသူများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူသွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကိုလည်း ထပ်မံအသုံးပြုနိုင်ခြင်း မရှိစေရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



အွန်လိုင်းလိမ်လည်သူများ ငှားရမ်းနေထိုင်သည့် အလုံမြို့နယ်ရှိ Condo တိုက်ခန်းကို တွေ့ရစဉ်။

### ❍ ထောက်ပံ့ရေးပစ္စည်းများမှ

ဒေသခံတိုင်းရင်းသား ပြည်သူများ၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူ ဖြစ်စေရေးအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ကျောင်းသုံး၊ ရုံးသုံး ပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် အခြားကူညီထောက်ပံ့ရေး ပစ္စည်းများကို ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ထပ်မံပို့ဆောင်ပေးသည်။



တီးတိန်မြို့၊ တွန်းဇံမြို့၊ ဖလမ်းမြို့တို့ရှိ ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်အသုံးပြုရန် ဆောက်လုပ်ရေးပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ မြို့အသီးသီးသို့ ထပ်မံရောက်ရှိလာရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။



ထောက်ပံ့ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ မြို့အသီးသီးသို့ ထပ်မံရောက်ရှိစဉ်။

အဆိုပါဒေသရှိ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးလုပ်ငန်းများလည်ပတ်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများ၊ ကျောင်းသုံး၊ ရုံးသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မန္တလေးမြို့မှ တစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် ကလေးမြို့သို့ ပို့ဆောင်ပေးခဲ့ပြီး ဇွန် ၁၇ ရက်တွင် ကလေးမြို့မှတစ်ဆင့် တီးတိန်၊ တွန်းဇံ၊ ဖလမ်းမြို့တို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများနှင့် ကုန်ပစ္စည်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တင်ဆောင်လာသည့်မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသည် ဇွန် ၁၇ ရက် ညပိုင်းတွင် တီးတိန်မြို့၊ ဖလမ်းမြို့တို့သို့လည်းကောင်း၊ ယနေ့မွန်းလွဲပိုင်းတွင် တွန်းဇံမြို့သို့လည်းကောင်း အသီးသီးရောက်ရှိကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဝမ်းပန်းတသာကြိုဆိုခဲ့ကြပြီး ရောက်ရှိလာသည့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြား ထောက်ပံ့ပစ္စည်းများကို ဒေသခံတိုင်းရင်းသားပြည်သူများကို သက်ဆိုင်ရာတာဝန်ရှိသူများမှတစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏စားဝတ်နေရေး၊ ကျန်းမာရေး၊ ကျောင်းသားလူငယ်များ၏ပညာရေး၊ မြို့ရွာများပြန်လည်ထူထောင်ရေးနှင့် အခြားသောလိုအပ်ချက်များအတွက် များစွာအထောက်အကူဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏ လိုအပ်ချက်အပေါ်မူတည်၍ ထပ်မံဖြည့်ဆည်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



တပ်မတော်စစ်ကြောင်းများက ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းတစ်လျှောက် အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

❖ **ပြန်လည်ထိန်းချုပ်မှု**

ပြန်လည်သိမ်းပိုက်ထိန်းချုပ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဒေသတစ်ခုမှတစ်ခုသို့ ကုန်စည်များ လျင်မြန်စွာစီးဆင်းနိုင်ရေး ကုန်သွယ်ရေး လမ်းကြောင်းများကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော မြန်မာ-အိန္ဒိယချစ်ကြည်ရေးလမ်းပိုင်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းတစ်လျှောက်ကို ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်း၏ အရှည်မှာ ၁၁၅ မိုင်ရှည်လျားပြီး နိုင်လွန်ကတ္တရာ အမျိုးအစားလမ်းဖြစ်ကာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုအတွက် အလွန်အရေးပါလှသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သော တမူး-ကလေး လမ်းကြောင်းမှတစ်ဆင့် မုံရွာ-မန္တလေးလမ်းကြောင်းသို့ တိုက်ရိုက်ချိတ်ဆက်ပေးသောကြောင့် ကုန်စည်စီးဆင်းရန် အချိန်ကုန်သက်သာ၍ မြန်ဆန်ချောမွေ့လှသည့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလည်းဖြစ်သည်။

ထိုသို့ ကုန်စည်များလျင်မြန်စွာပို့ဆောင်ပေးနိုင်သော ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများအတွင်း PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များက စစ်စခန်းအဖြစ် အသုံးချဝင်ရောက်နေထိုင်ပြီး လမ်းကြောင်းတစ်လျှောက် သွားလာနေသော ကုန်တင်ကားများ၊ ခရီးသွားမော်တော်ယာဉ်များထံမှ ဆက်ကြေးကောက်ခံခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံတော်၏ အဖိုးတန်သယံဇာတတွင် တစ်ခုအပါအဝင်ဖြစ်သည့် သစ်များကို တရားဥပဒေမဲ့ ခိုးထုတ်ခြင်း၊ နိုင်ငံတော်က ကန့်သတ်ထားသည့် ကုန်စည်များကိုလည်း ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် တရားမဝင် သယ်ယူပို့ဆောင်ခြင်းများ ပြုလုပ်ကာ လမ်းကြောင်းကို ၂၀၂၃ ခုနှစ် ဇွန် ၂၅ ရက်မှစတင်၍ ယာယီထိန်းချုပ်ပိတ်ဆို့ထားသည့်အတွက် ပြည်သူလူထုအနေဖြင့် လုံခြုံအေးချမ်းမှုမရှိဘဲ စိုးရိမ်ကြောက်လန့်မှုကြီးစွာဖြင့် နေထိုင်နေကြရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းတစ်လျှောက်ကို ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေးအတွက် ယင်းမာပင်နှင့် ပုလဲဒေသတို့ကို ဦးစွာနယ်မြေတည်ငြိမ် အေးချမ်းအောင် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး စစ်ကြောင်းများခွဲကာ ၂၀၂၆ ခုနှစ် ဇွန် ၂ ရက်မှစတင်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ

စာမျက်နှာ ၂၉ သို့

# KIA၊ PDF အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ ရွှေကူမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ယုတ်မာရိုင်းစိုင်းစွာပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိ



KIA၊ PDF အကြမ်းဖက်သောင်းကျန်းသူများ၏ ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် ရွှေကူမြို့ အမှတ်(၁)ရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲသဖြင့် အပြစ်မဲ့ဒေသခံပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။



ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲခဲ့သည့် နေအိမ်ကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၈**

KIA၊ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော အရပ်သားပြည်သူများနေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများဖော်ဆောင်ခြင်း၊Drop Bombများဖြင့် တိုက်ခိုက်ခြင်း၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၇ ရက် ညနေ ၅ နာရီ ၁၀ မိနစ်ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့်ရှော့တိုက်ဒုံးများသည် ကချင်ပြည်နယ် ရွှေကူမြို့ အမှတ်(၁)ရပ်ကွက် ခုံခမ်းရပ်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ရပ်ကွက်အတွင်း နေထိုင်လျက်ရှိသည့် အပြစ်မဲ့အရပ်သားပြည်သူများဖြစ်သည့် ဒေါ်အေးဖြူ ၄၈ နှစ် (ဘ) ဦးတင်ငွေ ရင်ဘတ်တွင် ဒုံးသီးစဖောက်ဝင်(သေဆုံး)၊ မခင်ဆွေဆွေသန်း ၂၂ နှစ် (ဘ)ဦးအောင်ကျော်ညွှန့် လည်ပင်းနှင့် ညာလက်မောင်း ဒုံးသီးစဖောက်ဝင်ဒဏ်ရာများ၊ မဖူးပွင့်ဝေဝေခိုင် ၁၄ နှစ် (ဘ)ဦးကျော်သီဟဝင်း ဦးခေါင်းနှင့် ဘယ်ခြေ ဒုံးသီးစဖောက်ဝင်ဒဏ်ရာများဖြင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် အဆိုပါ ဒဏ်ရာရရှိသူများကို ရွှေကူမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့ပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် တိုက်ပွဲများဖော်ဆောင်ခြင်းများ လုပ်ဆောင်မှုကြောင့် မြို့ရွာများရှိ ဘာသာရေးအဆောက်အအုံများ၊ လူနေအိမ်များနှင့် စာသင်ကျောင်းများအပါအဝင် ဌာနဆိုင်ရာအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်ကို ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများက ထိုသို့ အကြမ်းဖက် သောင်းကျန်းသူများ၏ လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကလေး- တမူးလမ်းကြောင်း ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၈**

တပ်မတော်အနေဖြင့် နယ်မြေဒေသ အေးချမ်းသာယာ၍ ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွား ဘဝများ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များအပြင် ဒေသဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းတွင်လည်း နိုင်ငံတော်အစိုးရ၊ ဒေသခံပြည်သူလူထုတို့နှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ မြန်မာ- အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် လမ်းကြောင်းတစ်ခု ဖြစ်သော ကလေး-တမူးလမ်းကြောင်း တစ်လျှောက်ကို ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေး အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေး- တမူးဆက်သွယ်ထားသော နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိကျေးရွာများကို ထပ်မံထိန်းချုပ်နိုင်ခဲ့မှုပြမြေပုံ။

အဆိုပါ ကလေး- တမူးလမ်းကြောင်း တစ်လျှောက်ကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက ဇွန် ၇ ရက်မှစတင်၍ စစ်ကြောင်းများ အသီးသီးခွဲပြီး ဟန်ချက်ညီညီချိတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ရာဇဂြိုဟ်ကျေးရွာနှင့် ရာဇဂြိုဟ်ရေလှောင်တမံ တစ်ဝိုက်ကိုလည်းကောင်း၊ တမူးမြို့ ဘက်မှ ချီတက်လာသော တပ်မတော် စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာနှင့် အဆိုပါ ဒေသတစ်ဝိုက်ကိုလည်းကောင်း ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည့်သတင်းများကို ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။



တပ်မတော်စစ်ကြောင်းများက ကလေး- တမူး လမ်းကြောင်းတစ်လျှောက်ရှိ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ကျေးရွာများကို ထပ်မံထိန်းချုပ်နိုင်မှု မှတ်တမ်းဓာတ်ပုံ။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ ကလေး- တမူး ဆက်သွယ်ရေးလမ်းကြောင်းကို အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော် စစ်ကြောင်းသည် ဇွန် ၁၅ ရက်တွင် ရန်မျိုးအောင်ကျေးရွာကိုလည်းကောင်း၊ ဇွန် ၁၆ ရက်တွင် စော်ဘွားရေရှင်ကျေးရွာကို လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ကျွန်းတောရေရှင်ကျေးရွာကို လည်းကောင်း အဆင့်ဆင့် ပြန်လည်သိမ်းပိုက် ထပ်မံ ထိန်းချုပ်နိုင်ခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် အဆိုပါကျေးရွာများကို ယာယီ စိုးမိုးထားစဉ် ကျေးရွာများရှိပြည်သူများ၏ နေအိမ်များ၊ ဘာသာရေးအဆောက်အအုံ များ၊ ပြည်သူပိုင်အဆောက်အအုံများ၌ သဲအိတ်များဖြင့် ဘန်ကာများတည်ဆောက် ၍လည်းကောင်း၊ ကျေးရွာများအတွင်း မိုင်းများထောင်ထား၍ လည်းကောင်း၊ ခြံဝင်းများအတွင်း ခံစစ်ကျင်းများ တူးဖော် ၍လည်းကောင်း အခိုင်အမာခံစစ်ဆင်၍ စစ်စခန်းများအဖြစ် အသုံးချထားသည်ကို တွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများ အမြန်ဆုံးပြန်လည် ဝင်ရောက် နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သမားများကြောင့် ယိုယွင်း ပျက်စီးခဲ့ရသည့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းပေးခြင်း၊ မိုင်းရှင်းလင်း ပေးခြင်း စသည့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး အဆိုပါ ကလေး- တမူးဆက်သွယ် ရေးလမ်းကြောင်းကို အမြန်ဆုံးပြန်လည် ထိန်းချုပ်ဖွင့်လှစ်ကာ ဒေသခံပြည်သူများ ၏ လူမှုစီးပွားဘဝများ အမြန်ဆုံးဖော် ဆောင်ပေးနိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန် အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

(ဖြ၀၁)



တပ်မတော်စစ်ကြောင်းများက ကလေး- တမူး လမ်းကြောင်းတစ်လျှောက်ရှိ အကြမ်းဖက်သမားများ ခံစစ်ပြုလုပ်ထားသည့် နေရာများ သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ကလေး- တမူး လမ်းကြောင်းတစ်လျှောက်ရှိ အကြမ်းဖက်သမားများထောင်ထားသည့် မိုင်းများကို ဖော်ထုတ်ရှင်းလင်းနိုင်မှု မှတ်တမ်းဓာတ်ပုံ။

---

**စာမျက်နှာ ၂၈ မှအဆက်**

ဇွန် ၂ ရက်တွင် ရေလယ်ကျွန်းကျေးရွာ ကိုလည်းကောင်း၊ ဇွန် ၃ ရက်တွင် ကျောက်လုံးကြီးတဲစု ကျေးရွာကိုလည်း ကောင်း၊ ဇွန် ၆ ရက်တွင် ချောင်းမ ကျေးရွာနှင့် အောင်မင်္ဂလာကျေးရွာတို့ကို လည်းကောင်း၊ ဇွန် ၇ ရက်တွင် သစ်ရာပင် လမ်းဆုံကိုလည်းကောင်း၊ ဇွန် ၈ ရက်တွင် သစ်ရာပင်ကျေးရွာကိုလည်းကောင်း၊ ဇွန် ၉ ရက်တွင် ဝင်းကုန်းကျေးရွာကိုလည်း ကောင်း၊ ဇွန် ၁၁ ရက်တွင် ညောင်ပင်လယ် ကျေးရွာကိုလည်းကောင်း၊ ဇွန် ၁၃ ရက် တွင် ယာကြီးကျေးရွာကိုလည်းကောင်း အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ် နိုင်ခဲ့ပြီး တပ်မတော်စစ်ကြောင်းများသည် ဇွန် ၁၅ ရက်တွင် ကွမ်းရေပင်မှတစ်ဆင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီ စိုးမိုးထားသည့် လာပို့ကျေးရွာကို နယ်မြေ ချီတက်ရှင်းလင်းခဲ့ရာ ယနေ့ ဇွန် ၁၈ ရက် တွင် လာပို့ကျေးရွာကို ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော် စစ်ကြောင်းများသည် အဆိုပါလမ်းတစ်လျှောက်၌ နယ်မြေ ရှင်းလင်းခြင်းများဆောင်ရွက်စဉ် အကြမ်း ဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်း ဖက် သောင်းကျန်းသူအလောင်းများ၊ လက်လုပ် Fixed Wing သုံးစီး၊ လက်လုပ် ရီမုမိုင်းခြောက်လုံး၊ လက်လုပ်ရှော့တိုက်ဒုံး ၁၈ လုံး၊ လက်လုပ်ဗုံးသီး ၁၆ လုံး၊ လက်လုပ် မိုင်း ၂၅ လုံး၊ ယမ်းမှုန့် ခုနစ်ဘူး၊ ယမ်းမှုန့် ထုပ် ၁၆ ထုပ်၊ ဆက်စပ်ပစ္စည်းများနှင့် ယာယီအခြေပြုစခန်း နေရာများကို သိမ်းပိုက်ရရှိခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာ ထွက်ပြေးသွားကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်း တစ်လျှောက်ရှိ ကျေးရွာများကို ပြန်လည် သိမ်းပိုက်ထိန်းချုပ် နိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများက လုံခြုံအေးချမ်းသည့် ဘဝများကို ပြန်လည်ပိုင်ဆိုင်နိုင်တော့ မည်ဖြစ်သည့်အပြင် ၎င်းတို့၏ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းများကို ပြန်လည် လုပ်ကိုင်နိုင်တော့မည်ဖြစ်ပြီး ကျောင်းနေ အရွယ်ကလေးများ၏ ပညာရေးကဏ္ဍ၊ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့် ရှောက်မှုကဏ္ဍနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍများကို ပြန်လည် ဖော်ဆောင်ပေးနိုင်တော့မည် ဖြစ်ကြောင်း၊ တပ်မတော်စစ်ကြောင်းများက အကြမ်း ဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ထောင်ထားသည့်မိုင်းများကို ဖယ်ရှား ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက် ပေးမည်ဖြစ်ကြောင်းနှင့် တပ်မတော် စစ်ကြောင်းများက အဆိုပါ ကလေးဝ- ယာကြီး- မုံရွာ လမ်းကြောင်းတစ်လျှောက် ကို အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ် နိုင်ရေးအတွက် ဒေသခံပြည်သူများ ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။

(ဖြ၀၁)

# မြစ်သားမြို့နယ်၌ တစ်နိုင်တစ်ပိုင် ဖူးစားပြောင်းစိုက်ပျိုးသူများ မိသားစုစားဝတ်နေရေးပိုမိုအဆင်ပြေလျက်ရှိ



**မြစ်သား ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ကင်းတားရေလှောင်တမံဆည်ရေနှင့် မြေအောက်ရေတို့ကို အကျိုးရှိစွာအသုံးချပြီး တစ်နိုင်တစ်ပိုင် ဖူးစားပြောင်း စိုက်ပျိုးသူများ မိသားစုစားဝတ်နေရေး ပိုမိုအဆင်ပြေလျက်ရှိကြောင်း မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဖူးစားပြောင်းများ စိုက်ပျိုးရာတွင် အတန်းလိုက် အစေ့ချ၍စနစ်တကျ စိုက်ပျိုးကြပြီး ရေသွယ်ခြင်း၊ ဆေးဖျန်းခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းများ ပြုလုပ်ပေးခြင်းဖြင့် ဖူးစားပြောင်းပင်များ အောင်မြင်ဖြစ်ထွန်းလျက် ရှိကြောင်း သိရသည်။

"ဖူးစားပြောင်း စိုက်ပျိုးရာမှာ ဝတ်ဆံကြွေလွင့်ပျက်စီးမှု မရှိစေဖို့ အထူးဂရုစိုက်ပေးရပါတယ်။ ဝတ်ဆံတွေ ပျက်စီးကြွေကျလျှင် ပြောင်းဖူးစေ့ အောင်မြင်မှုလျော့ကျသွားနိုင်ပါတယ်။ ဖူးစားပြောင်း အဖူးရေ၁၀၀ ကို အရွယ်အစားပေါ် မူတည်ပြီး ငွေကျပ် ၅၅၀၀၀ ထိ ပေါက်ဈေးရှိပါတယ်"ဟု မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ပြောပြ၍ သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် သီးနှံများအောင်မြင်ဖြစ်ထွန်းစေဖို့အတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို တာဝန်ခံဝန်ထမ်းများက အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ပြောပြ၍ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

# စဉ့်ကိုင်မြို့နယ် မြောင်းဆုံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး


**စဉ့်ကိုင် ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောင်းဆုံကြီးကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် မြို့နယ် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသောစိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြောင်းဆုံကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၂၈ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၁၉ ဒသမ ၃၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၇ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၉ ဦးအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုး ထံမှ သိရသည်။

**အောင်ရဲကျော်**





ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ပြည့်စွမ်းထား ...

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013

ထာဝရလှပသော အပြုံးအတွက်

DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ဇလုပ်ကြီးအုပ်စု၊ ကန့်ဘလူရွာနေ မအိအိဇော် (ဘ) ဦးဇော်မင်း(၁၄/မအန(နိုင်)၂၃၈၂၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-669206936**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမှူး အခြေခံမူလွန်ကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော မောင်အောင်သုတဖြိုး၊ ကျောင်းဝင်အမှတ်(၀၀၇၉)နှင့် Grade-6 တွင် ပညာသင်ကြားနေသော မအိမ့်ယွန်းခင်ခင်၊ ကျောင်းဝင်အမှတ်(၀၂၅၁)တို့၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဇော်ဇော်ထူးဖြစ်ပါကြောင်း။

**ဦးဇော်ဇော်ထူး(၉/အမရ(နိုင်)၁၀၇၅၇၇)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ Bravo ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော မောင်ခန့်ညားဇင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇင်မင်းလတ် ဖြစ်ပါကြောင်း။ **ဦးဇင်မင်းလတ်(၉/ခမစ(နိုင်)၀၀၂၃၂၇)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-12 တွင် ပညာသင်ကြားနေသော မနန်းခမ်းဝေ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုင်းဝင်းညွန့်ခမ်း ဖြစ်ပါကြောင်း။

**ဦးစိုင်းဝင်းညွန့်ခမ်း(၉/ကပတ(နိုင်)၁၄၁၈၂၅)**

## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အထက(၁၄)၊ Grade-5(E) တွင် ပညာသင်ကြားနေသော ဦးဇင်မင်းထွန်း၏သမီး မလင်းလက်ပိုးအိမ်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မလင်းလတ်ပိုးအိမ် ဖြစ်ပါကြောင်း။ **မလင်းလတ်ပိုးအိမ်**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၅)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၃၆)ရှိ မြေကွက်ပေါ်တွင် ဒေါ်မေဇွန်ထွန်း(၉/မခန(နိုင်)၂၂၄၇၇၇) ကိုင်ဆောင်သူမှ အလျား ၁၆'-၀"၊ အနံ ၁၆'-၀" ဝါးထရံကာ (၂)ထပ် အဆောက်အဦး ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦး ဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၂၂) အခြေခံပညာမူလတန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော ဦးကံသာ၏သမီး မဟန်နီရွှေစင်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မဟန်နီရွှေဇင် ဖြစ်ပါကြောင်း။ **မဟန်နီရွှေဇင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-12 တွင် ပညာသင်ကြားနေသော မမြသက်ခိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနိုင်နိုင်မျိုး ဖြစ်ပါကြောင်း။

**ဦးနိုင်နိုင်မျိုး(၉/စကတ(နိုင်)၀၉၁၇၈၅)**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၀)နေ မရွှယ်ဆိုင် (ဘ) ဦးတန်ဂွန်း(၁၃/မတတ(နိုင်)၀၁၀၁၀၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-677286243**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ကျဲ့ကျန်းပြည်နယ်ပါတီ အတွင်းရေးမှူးက လာရောက်ဂါရဝပြုတွေ့ဆုံ

စာမျက်နှာ - ၂၀

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရှန်ဟိုင်းမြို့ရှိ လင်းကန်အထူးဒေသ (Shanghai Lingang Special Area)သို့ သွားရောက်လေ့လာ



**နေပြည်တော်　ဇွန်　၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit)ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရှန်ဟိုင်းမြို့ရှိ လင်းကန်အထူးဒေသ (Shanghai Lingang Special Area) သို့ သွားရောက်လေ့လာသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ လိုက်ပါ၍ လင်းကန်အထူးဒေသ(Shanghai Lingang Special Area)၊ Dishui Cloudhall Planning Exhibition Centre သို့ ရောက်ရှိကြရာ လင်းကန်အထူးဒေသ ပါတီလုပ်ငန်းကော်မတီ

စာမျက်နှာ ၁၉ ကော်လံ ၁ ☆


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရှန်ဟိုင်းမြို့ရှိ လင်းကန်အထူးဒေသရှိ Exhibition Centre အတွင်း ကြည့်ရှုလေ့လာစဉ်။

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသော ကလေးဝ-ယာကြီး-မုံရွာလမ်းကြောင်းတစ်လျှောက် ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် လာပို့ကျေးရွာအထိ ပြန်လည်ထိန်းချုပ်

**နေပြည်တော်　ဇွန်　၁၈**

တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်မည်ဖြစ်သည့်အတွက် တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသောနယ်မြေများကို စာမျက်နှာ ၂၈ ကော်လံ ၁ ❖

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေးဝ-ယာကြီး-မုံရွာ ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှု။




## အောင်ကြောင်းစေရည် အောင်လမ်းတည်မည့် အောင်စည်မြည်ဟည်း အောင်ခရီး(၃)

ဆောင်းပါး

စာမျက်နှာ - ၂၁

တီးတိန်၊ တွန်းဇံ၊ ဖလမ်းမြို့တို့ရှိ ဒေသခံပြည်သူများ အတွက် ထောက်ပံ့ ပစ္စည်းများ၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုရန် ဆောက်လုပ်ရေး ပစ္စည်းများ တင်ဆောင်လာသည့်မော်တော်ယာဉ်များ မြို့အသီးသီးသို့ ထပ်မံရောက်ရှိလာစဉ်။



## တီးတိန်၊ တွန်းဇံ၊ ဖလမ်းမြို့တို့ရှိ ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ မြို့အသီးသီးသို့ ထပ်မံရောက်ရှိ

**နေပြည်တော်　ဇွန်　၁၈**

ချင်းပြည်နယ်အတွင်းရှိ တီးတိန်၊ တွန်းဇံ၊ ဖလမ်းမြို့တို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးလုပ်ငန်းများတွင် အဆင်ပြေစွာဆောင်ရွက်နိုင်ရန်နှင့်

စာမျက်နှာ ၂၇ ကော်လံ ၁ ❍